www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com


## ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက်အမှတ် - ၅၀၀၈၃၀၀၆၀၉

မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၀၃၈၀၀၆၀၉

ထုတ်ဝေသူ - ဦးကျော်ဆန်း
(ရဲအောင်စာပေ)
အမှတ် (၂)၊ ချွန်း (၁)လမ်း၊
မင်္ဂလာတောင်ညွန့်။

အတွင်းနှင့်အဖုံးပုံနှိပ်သူ - ဦးကျင်ရင်
(ရွှေခြသေ့်ပုံနှိပ်တိုက်)
၂၂၅၊ ၃၂ လမ်း၊
ပန်းဘဲတန်း၊ ရန်ကုန်။

ပုံနှိပ်ခြင်း - ပထမအကြိမ်

ထုတ်ဝေခြင်း - ဇူလိုင်လ၊ ၂၀၀၉

အုပ်ရေ - ၅၀၀

တန်ဖိုး - ၁၀၀


BURMESE CLASSIC .com

## မာတိကာ


အခန်း(၁) မိုးသည်းညတစ်ည၏ နိဒါန်း

အခန်း(၂) မရဏာခရီးသွားတစ်ဦး

အခန်း(၃) မောရမြိုင်မှ ကြမ္မာရိုင်း

အခန်း(၄) ဘယ်သူတရားခံလဲ

အခန်း(၅) မိုးတစ္ဆေခြောက်တဲ့ည

အခန်း(၆) မိုးကြိုးရဲ့ ကြမ္မာရိုင်း

အခန်း(၇) တစ္ဆေလေလား ဝိုးတဝါး

အခန်း(၈) ကိုဆန်နီ အရုပ်တော်ပုံ

အခန်း(၉) စတုတ္ထမြောက် မရဏာခရီးဖော်

အခန်း(၁၀) ဒေါက်တာမင်းသက်ခိုင်၏ ကြမ္မာရိုင်း

အခန်း(၁၁) ဦးဘသော်နှင့် ပေါက်စီ

အခန်း(၁၂) စိတ္တဇလူသတ်သမား


www.burmeseclassic.com

www.burmeseclassic.com

# သိုက်ဖွား

ထွက်ရှိပြီး [illegible]ာက်ချောက်ချားချား ဂမ္ဘီရဆန်းကြယ် လုံးချင်းဝတ္ထု

1. ကိုးသင်္ချိုင်းအစိမ်းရှင်
2. အဆောင်မှာခြောက်တဲ့ သရဲကြီး
3. သရဲလိုက်တော်ဂူ
4. တစ္ဆေဖိုင် နံပါတ် (၁၃)
5. သေရွာပြန်တမလွန်ခရီး
6. ဒုတိယမြောက် သေရွာပြန် တမလွန်ခရီး
7. တစ္ဆေ ရှိ... မရှိ
8. မောရမြို့ပြင်မှ ကြမ္မာရိုင်း (ယခုလ ထွက်ရှိ)

BURMESE CLASSIC .com

## အခန်း(၁)

### မိုးသည်းညတစ်ည၏ နိဒါန်း

မိုးသည်းညတစ်ည။

သည်ညဦ မိုးကောင်းကင်မှ မိုးပေါက်ကြီးငယ်အသွယ်သွယ်တို့ သွန်းချကာ သဲသဲမဲမဲ ရွာသွန်းနေသည်။ ပတ်ဝန်းကျင်တစ်ခုလုံး အမှောင်ထုက ဖုံးလွှမ်းနေသဖြင့် ပိန်းပိတ်အောင်မှောင်နေသည့် မိုးသည်းသည်းတွင် လေပြင်းက တစ်ချက် တစ်ချက်တိုက်ခတ်တိုင်း သစ်ကိုင်းများ ယိမ်းနွဲ့နေသည်မှာ တစ္ဆေများမြူးထူးပျော်ပါးစွာ ကနေသည့်အလား စိတ်ချောက်ချားဖွယ်ကောင်းလှသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုစဉ်…

မိုးတို့၏ အဖော်မွန် လျှပ်ပန်းလျှပ်နွယ်များက မိုးကောင်းကင်၌ ဝင်းခနဲ လက်ခနဲ လင်းလက်လာသည်။ သည်လျှပ်ပန်းလျှပ်နွယ် အလင်းတန်းများက မိုးခြိမ်းသံ၏ ရှေ့ပြေးအကြိုနိမိတ်ပုံများပင် ဖြစ်သည်။

'ဂျိမ်း… တလိမ်းတိမ်း… ဂျိမ်း…'

'ဂျိမ်း… ဂျိမ်း… ဂျိမ်း…'

လျှပ်ပန်းလျှပ်နွယ်၏ နောက်မှ ကြောက်မက်ဖွယ် မိုးထစ်ချုန်းသံကြီး ပေါ်လာသည်။

မိုးတစ္ဆေ စိတ္တဇညအလား။

သည်လိုညမျိုးတွင် တော်ရုံတန်ရုံလူများမှာ အပြင်သို့ မထွက်ဝံ့အောင် စိတ်ချောက်ချားနေသည်။

မိုးသည်းသည်းအောက်တွင် 'မောရမြိုင်တည်းခိုခန်း' ကလေးမှာ မီးလင်းနေသည်။

ဤတည်းခိုခန်းကလေးမှာ ခြံဝင်းကျယ်ကြီးအတွင်း၌ ရှိပြီး တည်းခိုခန်းရှေ့တွင် အနီရောင်၊ အဖြူရောင်၊ ခရမ်းရောင်





စက္ကူပန်းရောင်စုံများ ပွင့်နေသည့် မောရမြိုင်တည်းခိုခန်းကလေးမှာ မြိုင်သာနှင့် ရေပြာအကြားရှိ တောမကျ မြို့မကျနေရာ၌ရှိပြီး တည်းခိုသူနည်းပါးသည့် နှစ်ထပ်တိုက်ခံ အဆောက်အအုံကလေးတစ်ခုဖြစ်သည့် ပတ်လမ်းတစ်လျှောက်လုံး သွပ်မိုးထားပြီး အရှေ့ဆင်ဝင်ကလေးနှင့် လှပစွာ ဆောက်လုပ်ထားသည်။

ဒါပေမဲ့ ယခုလို မိုးသည်းညသန်းခေါင်ယံအချိန်မှာ။

သည်တည်းခိုခန်းကလေးသို့ လူတစ်သုတ်ပြီးတစ်သုတ် ရောက်လာခဲ့သည်။

သူတို့ ဘာကြောင့် ချောင်ကျကျ တောမကျ မြို့မကျ [illegible]ာအရပ်သို့ ရောက်လာကြသနည်း။

သူတို့က မည်သူတွေနည်း။ မကြာမီအချိန်အတွင်းမှာ…

'အား…'

ဟူသော ကြောက်မက်ဖွယ် အသံဆိုးကြီး ပေါ်ထွက်လာသည်။ ပြီးတော့ အားလုံး အမှောင်ထုကြီး ဖုံးလွှမ်းသွားခဲ့သည်။ စိတ္တဇအိပ်မက်ဆိုးများ လွှမ်းခြုံတဲ့ မိုးသည်းညတစ်ည၏ ဖြစ်ရပ်ဆန်းကြယ်များ။



www.burmeseclassic.com

www.burmeseclassic.com



ဤနေရာ၌ ဗဟိုပြုကာ လှုပ်ခတ်သွားခဲ့သည်။

မောရမြိုင်တည်းခိုခန်းကလေးကား ရောက်လာသူ အပေါင်းတို့အတွက် ရင်သိမ့်တုန်စွာ စိတ်လှုပ်ရှားခဲ့ရသော ဖြစ်ရပ်မျိုးစုံနှင့် ကြုံတွေ့ခဲ့ရသည်။ သည်လို ချောက်ချားဖွယ် စိတ္တဇည နှင့် ရင်ဆိုင်ခဲ့ရသူများ၏ ကံကြမ္မာမှာ အသို့နည်း။

ကံကြမ္မာဆိုသည်မှာ မည်သို့မည်ပုံဖြစ်မည်ကို ကြိုတင်မသိနိုင်သော အကြောင်းတစ်ရပ် ဖြစ်သည်။

သည်ညနှင့် သည်လူတစ်သိုက်၏ ကံကြမ္မာမှာ ပျော်ရွှင်ဖွယ်ရာ ကြမ္မာကောင်းလေလား။

စိတ်ချောက်ချားဖွယ်ရာ ကြမ္မာဆိုးလေလား။

သည်တည်းခိုခန်းသို့ ပထမဦးဆုံး ရောက်လာသည့် ကျော်စိုးဦးနှင့် ခင်မာဝေတို့ ဇနီးမောင်နှံ၏ အဖြစ်မှာ...

မိုးကောင်းကင်တစ်ခွင်လုံး တိမ်ညိုတိမ်မည်းတို့ တရိပ်ရိပ် ပြေးနေသည်။ ညနေခြောက်နာရီအချိန်ခန့်သာ ရှိသေးသော်လည်း တိမ်ညိုတိမ်မည်းများ ဖုံးလွှမ်းထားသဖြင့် ပတ်ဝန်းကျင်တစ်ခုလုံး မသဲမကွဲ မှောင်ရီပျိုးနေသည်။





မိုးသက်နံ့ကင်းသော လေပြင်းတစ်ချက် တိုက်ခတ်လိုက်သည်။ သို့ဆိုရင် မကြာခင် မိုးသည်းသည်း ရွာပေတော့မည်။

အဝေးပြေးလမ်းမကြီးအတိုင်း ဆင်းလာသည့် ဂျစ်ကားပေါ်တွင် မိသားစုသုံးဦး လိုက်ပါလာခဲ့သည်။ ထိုသုံးဦးအနက် ဇနီးဖြစ်သူ ခင်မာဝေမှာ...

'မောင် ကောင်းကင်တစ်ခုလုံး မှောင်မည်းနေပြီ'

'ခင်က မိုးမှောင်တာ ကြောက်လို့လား'

'ညနေကလည်း စောင်းနေပြီ၊ မှောင်လည်း မှောင်လာပြီဆိုတော့ အမှောင်ထုထဲမှာ မိုးရွာမှာကို ကြောက်တယ် မောင်ရဲ့'

'မကြောက်ပါနဲ့ ခင်ရယ်၊ မောင်တစ်ယောက်လုံး ရှိပါတယ်'

'မောင်ရှိတာကတော့ ဟုတ်ပါတယ်၊ ဒီလမ်းက ကားလည်းပြတ်တယ်၊ လူပြတ်တယ်ဆိုတော့ ခင်က ကြောက်တာပေါ့'

အဝေးပြေးလမ်းမဟု ဆိုသော်လည်း ရွာတစ်ရွာနှင့်တစ်ရွာကြားရှိ နေရာဖြစ်ပြီး လမ်းဘေးတစ်ဖက်တစ်ချက်တွင် ချုံပုတ်သစ်ပင်များသာရှိပြီး လူနေအိမ်ခြေများနှင့် ဝေးလှသည့်



www.burmeseclassic.com

www.burmeseclassic.com



အတွက် ကားအသွားအလာ မရှိသလောက်ဖြစ်နေသည်။

ကားကလေးကို ခင်ပွန်းသည် ကျော်စိုးဦးက ဆက်လက်မောင်းနှင်နေဆဲ။ မကြာမီ အမှောင်ထုက စိုးမိုးလာသည်။

ထိုစဉ် မိုးကောင်းကင်မှ လျှပ်ပန်းလျှပ်နွယ်တို့က ဝင်းခနဲလက်ခနဲ လင်းလက်ကာ မိုးကြိုး၏ ရှေ့ပြေးနိမိတ်ပုံနှယ် စတင်ခဲ့ပြီ။

'ဂျိမ်း... တလိမ်း... တိမ်း... ဂျိမ်း...'

လျှပ်စီးလက်ပြီး မကြာခင် နတ်ဆိုးတို့၏ ရိုက်ချက်အလား။ ကျယ်လောင်သောမိုးခြိမ်းသံများက လေထုကို မြည်ဟည်းတုန်ခါသွားစေသည်။

'ဘုရား... ကယ်တော်မူပါ'

ခင်မာဝေက ကြောက်လန့်စွာ ယောင်ယမ်းလိုက်သည်။

သည်တွင် ကျော်စိုးဦးက...

'ခင်... အရမ်းကြောက်နေပြီလား'

'ဟုတ်တယ် မောင်ရဲ့၊ ခင်က မိုးခြိမ်းသံကြားရင်ကြောက်တယ်'





'ငါ့မိန်းမကို တော်တော်သတ္တိရှိတယ်မှတ်တာ၊ အခုမှ မှောင်လည်း ကြောက်၊ မိုးခြိမ်းလည်း ကြောက်နေပါလား'

'ဟော... ပြောရင်းဆိုရင်း မိုးတွေတောင် ရွာလာပြီ'

'စောစောက တိမ်တွေညိုမှတော့ မိုးရွာတော့မှာပေါ့'

မိုးဖွဲများ တပေါက်ပေါက်ရွာသွန်းလာသည်။

သို့သော်လည်း ကျော်စိုးဦးမှာ သီချင်းတစ်ပုဒ်ကို ငြီးရင်း ကားကလေးကို မှောင်မှောင်မည်းမည်း မိုးသည်းသည်းကြားတွင် အေးအေးဆေးဆေး ဆက်လက်မောင်းနှင်နေဆဲ။

ဂျစ်ကားကလေးပေါ်တွင် လိုက်ပါလာသော ခင်မာဝေမှာ မိုးထစ်ချုန်းသံကြားတိုင်း လန့်ကာ ယောင်ယမ်းအော်မိသည်။

'မိုးသည်းသည်း မရွာပါစေနဲ့၊ တိတ်ပါ မိုးရယ်'

ခင်မာဝေက မိုးတိတ်ရန် တိုးတိုးကလေး ဆုတောင်းနေမိသည်။ သို့သော် သူမ၏ဆုတောင်း မပြည့်ခဲ့ပါ။

မိုးကား အငြိုးနှင့်ရွာသလို သဲသဲမဲမဲရွာနေသည်။ လမ်းဘေးတစ်ဖက်တစ်ချက်က သစ်ပင်ကြီးများ၏ သစ်ကိုင်းများသည်လည်း တစ္ဆေသရဲတို့ ယိမ်းထိုးနေသည့်အလား လေပြင်းတိုက်



www.burmeseclassic.com

www.burmeseclassic.com



တိုင်း ယိမ်းနွဲ့နေသည်။ သစ်ကိုင်းတို့၏ အရိပ်များက ကားပေါ်သို့ ဖျတ်ခနဲ ဖျတ်ခနဲ ရောက်လာတတ်သည်။

ခင်မာဝေမှာ နဂိုကပင် ကြောက်တတ်သူပီပီ...

'မောင်ရေ... ကားမောင်းလို့ရရဲ့လား၊ မိုးတွေ အရမ်းသည်းနေပြီ'

'အေး... မောင်လည်း မှန်းပြီးမောင်းနေတာပဲ'

'မောင်ရေ... မမြင်ရရင် ကားရပ်လိုက်ပါလား မောင်'

'ကားက ဘယ်လိုရပ်မလဲ၊ လမ်းဘေးမှာ သစ်ပင်တွေပဲရှိတယ်၊ အိမ်တွေလည်း မရှိဘူး၊ လူဆိုးတွေထွက်လာပြီး ဓားပြတိုက်ရင် ဘယ်လိုလုပ်မလဲ'

'ဒါလည်း ဟုတ်တာပဲ၊ ဒါပေမဲ့ မိုးက အရမ်းသည်းတော့ လမ်းချော်တာတို့ ဘာတို့ ဖြစ်မှာစိုးလို့ပါ'

'ခင်ကလည်း နိမိတ်မရှိ နမာမရှိ'

'မောင်ရယ်... ခင်က ဖြစ်မှာစိုးလို့ ပြောတာပါ၊ ကံကြမ္မာဆိုတာ မပြောနိုင်ဘူး'

'ဒါကြောင့် မောင်လည်း ကားကို ဂရုစိုက်မောင်းနေတာပေါ့'





တကယ်တော့ ကံကြမ္မာဆိုတာ အလှည့်အပြောင်းမြန်တတ်တာမျိုး။

မမျှော်လင့်ဘဲ ကံကြမ္မာကောင်းနဲ့ တွေ့နိုင်သလို လျှပ်တစ်ပြက်အတွင်း ကံကြမ္မာဆိုးနဲ့လည်း ရင်ဆိုင်တွေ့တတ်ပါသည်။

ယခုလည်း ခင်မာဝေရယ်၊ ခင်ပွန်းသည် ကျော်စိုးဦးရယ် သားလေး ဖိုးသောကြာတို့မိသားစုသည် သည်ခရီးကို ထွက်မလာခဲ့ဘူးဆိုလျှင် သည်လို မိုးသည်းညမှာ ခက်ခက်ခဲခဲ ကားမောင်းရမည်မဟုတ်ပေ။

'ခင်ရေ... ဒီနားကသာ လူပြတ်တာ၊ နောက်ဆယ်မိုင်လောက်မောင်းရင် 'ခရမ်းပြာ'ရွာကို ရောက်လိမ့်မယ်'

'ကောင်းပြီ မောင်ရေ၊ ခရမ်းပြာကိုရောက်ရင် အဲဒီမှာ တစ်ညနားမယ်'

ခင်မာဝေတို့မိသားစုမှာ ညဥ့်နက်မိုးသည်းသည်းတွင် မမြင်ရသည့် ကံကြမ္မာက ခင်းပေးသည့်လမ်းအတိုင်း လျှောက်လှမ်းလာခဲ့ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



ကြောက်ရွံ့စိုးထိတ်ဖွယ် မိုးထစ်ချုန်းသံများ တစ်ချက်တစ်ချက် လေပြင်းတိုက်ခတ်သံများကြားမှ ကားကို ကြိုးစားမောင်းလာခဲ့ရာ တစ်နေရာသို့အရောက်တွင်…

'ဒိုင်း…'.

ဟူသော ကျယ်လောင်သည့် မြည်ဟည်းသံကြီးကို ကြားလိုက်ရသည်။

'အမလေးတော့…'

ခင်မာဝေက ကြောက်လန့်စွာ ယောင်ယမ်းပြီး…

'မောင် အဲဒါ ဘာသံကြီးလဲ'

သူမက အမောတကော မေးလိုက်ရာ ကျော်စိုးဝေက သက်ပြင်းတစ်ချက်ချပြီး…

'ကားဘီးပေါက်သွားတာ မိန်းမရ'

ဟု အော်ပြောလိုက်သည်။ သည့်တွင် ခင်မာဝေ၏ မျက်နှာမှာ ရှုံ့မဲ့သွားပြီး…

'ဒီလောက် မိုးသည်းနေတဲ့ကြားမှာ ကားဘီးပေါက်ရတယ်လို့ ဒုက္ခပါပဲ'





သူမက ဤသို့ညည်းညူလိုက်ရာ ကျော်စိုးဦးက…

'မိန်းမရယ်… မိုးရွာထဲမှာ ကားဘီးမပေါက်ရဘူးလို့ ဘယ်သူက ပြောထားလို့လဲ၊ လမ်းပေါ်မှာသွားနေတဲ့ကားဟာ ဘယ်အချိန်အခါမဆို ကားဘီးပေါက်ချင် ပေါက်မှာပဲ'

'သြော်… မောင်ပင်ပန်းမှာ မကြည့်ရက်လို့ပါ မောင်ရယ်၊ မိုးရွာကြီးထဲမှာ ကားဘီးလဲရတော့ မိုးမိပြီး ဖျားမှာစိုးလို့ပါ'

'ခင်ကို ဒါကြောင့် မောင်က ချစ်တာ'

'ကဲပါ… ချစ်တာတွေ ခင်တာတွေ လုပ်မနေနဲ့၊ မောင် ကားဘီးလဲလိုက်ဦး'

'ဒါဆို ခင်က မောင့်ကို ထီးဆောင်းပေးလေ'

'ကောင်းပါပြီ မောင်၊ မောင် အအေးမိပြီးဖျားရင် ကားမောင်းမယ့်လူမရှိဘဲနေဦးမယ်၊ ကဲ… ကားပေါ်က ဆင်းတော့'

သူတို့နှစ်ဦးသား ကားပေါ်က ဆင်းလာခဲ့သည်။

ခင်မာဝေက သူ့ကို ထီးဆောင်းပေးလိုက်သည်။

ကျော်စိုးဝေက ဂျိုက်နှင့် ကားဘီးအလွတ်တစ်လုံးကို



www.burmeseclassic.com

www.burmeseclassic.com



ယူပြီး ဂျစ်ကားပေါ်မှ ဆင်းသွားကာ ပေါက်သွားသည့်ကားဘီး ဆီသို့ သွားခဲ့သည်။

ထို့နောက် ကားကို ဂျိုက်နှင့်ထောက်ကာ ပေါက်သွား သည့်ကားဘီးကို ချွတ်လိုက်သည်။

ထိုစဉ် မိုးမှာ ပိုမိုသည်းလာသဖြင့် ထီးဆောင်းထားသည့် တိုင် ကျော်စိုးဦး၏ တစ်ကိုယ်လုံး မိုးရေတို့ဖြင့် စိုရွှဲနေသည်။

'မောင်တော့ မိုးတွေအရမ်းရွှဲနေပြီ၊ ဖျားတော့မှာပဲ'

'မဖျားပါဘူး ခင်ရဲ့၊ ခင့်ကိုယ်သာ မိုးမမိစေနဲ့၊ ခင် ဖျားမှ မောင် ဒုက္ခရောက်မှာ'

'အို… မောင်ကလည်း နိမိတ်မရှိ နမာမရှိနဲ့'

တကယ်တော့ အနာဂတ် ကံကြမ္မာ၏ အဆိုးအကောင်း ကို သာမန်လူသားများအနေဖြင့် ဘယ်သူမျှမမြင်နိုင်ချေ။ ကျော် စိုးဝေအတွက် စိုးရိမ်ပူပန်နေသော ခင့်မာဝေ၏ ကံကြမ္မာမှာ ဘယ်အငြိုးနှင့် ရက်စက်လေသည် မသိ။

ကားဘီးတပ်ဆင်နေသည့် ကျော်စိုးဦးကို ခင်မာဝေက ဘေးမှ ထီးမိုးပေးနေစဉ်…





'ဒိုး…'

ဒိုးဟူသော အသံနှင့်အတူ တစ်စုံတစ်ခုက သူမကို အရှိန် ပြင်းစွာ ဝင်တိုက်လိုက်ရာ…

'ဘုရားရေ…'

ဟူသော ယောင်ယမ်းခြင်းနှင့်အတူ ခင်မာဝေ၏ ကိုယ် ကလေးမှာ မြောက်တက်သွားပြီး…

'ဘုံး…'

အလွန်မာကျောသော အရာဝတ္ထုတစ်ခုပေါ်သို့ ကျသွားခဲ့ သည်။

'ခင်… ခင်…'

ကျော်စိုးဦးက သူမဆီသို့ အပြေးလာစဉ် သူမသည် မာကျောသော အရာဝတ္ထုပေါ်မှ အောက်သို့ကျသွားခဲ့သည်။

'ဘုံး…'

'မောင်… ခင် ဘာဖြစ်တာလဲ'

ခင်မာဝေက သွေးရူးသွေးတန်းနှင့် မေးလိုက်ရာ…

'ခင်… ခင့်ကို ကား… ကားတိုက်သွားလို့'



www.burmeseclassic.com

www.burmeseclassic.com



ကျော်စိုးဦးက တုန်တုန်ချီချီဖြင့် ပြန်ဖြေလိုက်စဉ်…

ခင်မာဝေမှာ…

'ရှင်…'

ဟူသော အာမေဋိတ်သံအဆုံးတွင် သတိလစ် မေ့မြော သွားခဲ့သည်။

'ခင်… ခင်တော့ ဒုက္ခဖြစ်ပါပြီ၊ သွေး… သွေးတွေ အများကြီးပဲ'

ကျော်စိုးဦးက ခင်မာဝေကို ပွေ့ထားစဉ် သူမ၏ ဦးခေါင်းတွင် ကြီးမားသောဒဏ်ရာဖြင့် သွေးအလွန်အမင်းထွက်လာသည်ကို တွေ့လိုက်ရသည်။

သူမကို တိုက်သွားသည့်ကားမှာ အရှိန်ပြင်းစွာနှင့် မောင်းနှင်သွားခဲ့ပြီ။ မှောင်မှောင်မည်းမည်းဖြစ်နေသဖြင့် ကားနံပါတ်ကိုလည်း ကောင်းစွာမမြင်လိုက်ရပေ။

'အဲဒါမှ ဒုက္ခပါပဲ၊ ကားကလည်း တိုက်ပြီး ပြေးပြီ၊ ခင်ကလည်း သတိလစ်နေတယ်၊ ကားဘီးကလည်း လဲလို့မပြီးသေးဘူး၊ ငါ ဘာလုပ်ရမလဲ'





မိုးရေထဲတွင် ကျော်စိုးဦးတစ်ယောက်တည်း ဗျာများနေသည်။

'မထူးပါဘူး၊ ခင့်ကိုပဲ အရင်ဆုံး ကားပေါ်တင်မှပဲ'

ကျော်စိုးဦးက ဤသို့တွေးကာ ခင်မာဝေကို တွေ့လိုက်စဉ်…

'ကျွီ…'

ဟူသော ဘရိတ်အုပ်သံနှင့်အတူ ကားတစ်စင်းဆိုက်လာပြီး ကားပေါ်မှ အသက်သုံးဆယ်ကျော်ခန့် အမျိုးသားတစ်ဦး ဆင်းလာပြီး ကျော်စိုးဦးဆီသို့ လျှောက်လာခဲ့သည်။

'အစ်ကို… ဘာဖြစ်သွားသေးသလဲ'

'ခုနက အစ်ကို့မိန်းမကို ကားတိုက်သွားလို့ သတိလစ်နေတယ်'

'အစ်ကို့ကို တောင်းပန်ပါတယ်၊ အစ်ကို့မိန်းမကို တိုက်သွားတာ ကျွန်တော်ပဲ'

'ဟင်…'

ကျော်စိုးဦးမှာ သူ့မိန်းမအား တိုက်သွားသည့် ကားသမား



www.burmeseclassic.com

www.burmeseclassic.com



မှန်း သိသွားသောအခါ လွန်စွာဒေါသထွက်ပြီး...

'မင်းတို့ လူကမွေးတာမှ ဟုတ်ရဲ့လား၊ လူတစ်ယောက်လုံးတိုက်တာတောင် ဘာဖြစ်လို့ မောင်းပြေးရတာလဲ'

'တောင်းပန်ပါတယ် အစ်ကို၊ ကားပေါ်မှာ ကားပိုင်ရှင်အမျိုးသမီးပါလာလို့ သူက ကြောက်ပြီး မောင်းခိုင်းလို့ပါ၊ ဒါပေမဲ့ ကျွန်တော်ဟာ လူသားဆန်ပါတယ်၊ ဒါကြောင့် ဒီကိုပြန်ပြီး မောင်းလာတာ'

'အေး... အခုတော့ ငါ့မိန်းမ သတိလစ်နေပြီ၊ ဘယ်လိုလုပ်မတုန်း'

'ဒါဆိုရင် အစ်ကို့မိန်းမကို ဆေးရုံပို့မှဖြစ်မယ်၊ ကျွန်တော့်ကားပေါ်သာ တင်လိုက်တော့'

'အေး... အေး...'

ကျော်စိုးဦးက ခင်မာဝေကို ထိုလူစိမ်း၏ကားပေါ်သို့ တင်လိုက်သည်။ ကားပေါ်တွင် ကားပိုင်ရှင်ဟုဆိုသော အမျိုးသမီးတစ်ယောက် ထိုင်နေသည့် ထိုအမျိုးသမီးက...

'အောင်နိုင်... ဒါ ဘယ်လိုလုပ်မှာလဲ'





မျက်နှာပူစုပ်စုပ်ဖြင့် မေးလိုက်သည်။

'အစ်မ သူက ဒီကားနဲ့တိုက်မိလို့ သတိလစ်နေတယ်၊ နီးရာဆေးရုံကို ပို့မှဖြစ်မယ်'

'ဒါကြောင့် ငါပြောတာပေါ့၊ မိုးအရမ်းသည်းနေတယ်၊ သတိထားပြီး မောင်းပါဆိုတာ'

'ကျွန်တော်လည်း သတိထားပြီး မောင်းတာပဲ၊ ဒီအကွေ့မှာ ကားပျက်နေတော့ ဘယ်မြင်ရမလဲ'

သူတို့အချင်းချင်း စကားများနေကြသည်။

သည့်တွင် ကျော်စိုးဦးမှာ စိတ်မရှည်တော့ဘဲ...

'ကျုပ်လည်း ကားဘီးပေါက်သွားတော့ ပေါက်တဲ့နေရာမှာပဲ ကားဘီးလဲရတာပေါ့၊ အကွေ့မှန်း ဘာမှန်း ဘယ်သိပါ့မလဲ'

ထိုအခါ အောင်နိုင်ဟု ဆိုသူက...

'ဟုတ်ပါတယ်ဗျာ၊ တကယ်တော့ ကျွန်တော့်အပြစ်ပါ၊ ဒက်(ရှ်)ဘုတ်ပေါ်က မီးခြစ်ပြုတ်ကျလို့ အောက်ကိုငုံ့ပြီး ကောက်တဲ့အချိန်နဲ့ တိုက်ဆိုင်သွားပြီး တိုက်လိုက်မိတာပါ'

'ကျုပ်မိန်းမသာ တစ်ခုခုဖြစ်ရင် ခင်ဗျားကိုလည်း အနှုင်မထားဘူး'



www.burmeseclassic.com

www.burmeseclassic.com



'အစ်ကိုရယ်… ကျွန်တော်ကလည်း တမင်လုပ်တာမှ မဟုတ်တဲ၊ ဘယ်ကားသမားမှ လူကို မတိုက်ချင်ဘူး၊ ဒီလူနာသာ တစ်ခုခုဖြစ်ရင် ကျွန်တော်လည်း ဥပဒေအရ အရေးယူခံရမှာပဲ'

'တော်ပါပြီဗျာ… ဆေးရုံရောက်အောင်သာ မြန်မြန် မောင်းပါ'

'ဟုတ်ကဲ့ပါဗျာ… ကျွန်တော် မြန်မြန်မောင်းပါ့မယ်'

'အောင်နိုင် မိုးက အရမ်းသည်းနေတာနော်၊ မြန်မြန် မောင်းလို့ လူထပ်တိုက်နေဦးမယ်၊ မင်းက မျက်မှန်တပ်ထားတာ တောင် မမြင်မကန်းနဲ့'

'မမက နေရာတကာ လျှောက်ပြောနေလို့ ကျွန်တော် ကားတိုက်မှုဖြစ်တာ'

'ပြောပြန်ပြီလား၊ မင်း ကိုယ့်က အသုံးမကျလို့ ကား တိုက်တာပေါ့'

သူတို့နှစ်ဦးက အချေအတင်ပြောသဖြင့် ကျော်စိုးဦးမှာ လွန်စွာစိတ်ရှုပ်လာပြီး…

'ကဲပါဗျာ… ခင်ဗျားတို့နှစ်ယောက် ရန်ဖြစ်မနေပါနဲ့





တော့၊ ဒီမှာ ကျွန်တော့်မိန်းမက သေမလား ရှင်မလား မသိဘူး'

ထိုသို့ပြောလိုက်ရာ ကားပေါ်က အမျိုးသမီးမှ…

'ဆောရီးပဲရှင်… ကျွန်မကားနဲ့ ကားတိုက်မှုဖြစ်တယ် ဆိုတော့ စိတ်ညစ်တာပေါ့'

'ခင်ဗျားက စိတ်ညစ်ရုံညစ်တာ၊ ကျွန်တော်ကတော့ စိတ်ပူလွန်းလို့ သေတော့မယ်'

'ဟုတ်ပါတယ်၊ လူတွေဟာ ကိုယ့်အကြောင်းနဲ့ ကိုယ် ခရီးသွားနေကြတာ၊ အခုလိုဖြစ်တော့ အားလုံးစိတ်ညစ်ရတာပေါ့'

'ကျွန်တော်တို့မိသားစုက မိဘအိမ်ကို ပြန်လာတာ'

'ရှင်တို့က မိဘအိမ်ကို ပြန်လာတာဆိုတော့ တော်သေး တာပေါ့၊ ကျွန်မက မနက်ဖြန်မနက် မြို့ကိုရောက်မှဖြစ်မှာ'

'ဘာကိစ္စရှိလို့လဲ'

'ကျွန်မက အဆိုတော် နှင်းပွင့်သစ္စာပါ၊ ကိစ္စက တော့…'

❑ ❑ ❑



www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၂)
## မရှေးခရီးသွားတစ်ဦး

သူမ၏အမည်မှာ နှင်းပွင့်သစ္စာ။

သစ္စာဦး တီးဝိုင်း၏ ခေါင်းဆောင်အဆိုတော်တစ်ဦး။

သူတို့ တီးဝိုင်းကို ငှားသူများက နှင်းပွင့်သစ္စာကို အဓိက ထားပြီး ငှားကြသည်။

နှင်းပွင့်သစ္စာက အသံကောင်းသလို နရီစည်းဝါးကို နားလည်သည့် အဆိုပိုင်နိုင်သည့် အဆိုတော်တစ်ဦးဖြစ်ပြီး ရုပ် ရည်ချောမောလှပမှုကြောင့် ဂီတလောက၏ ကြယ်တစ်ပွင့်ဖြစ်ခဲ့ သည်။





သူမသည် သာယာသောအသံလေးနှင့် သီချင်းလေးများ ကို သီကျူးတတ်သလို အပြောအဆိုကလည်း ညက်ညောသဖြင့် ပြည်သူ့အသည်းစွဲ အဆိုတော်တစ်ဦးဖြစ်ခဲ့သည်။

ငွေကြေးပြည့်စုံသော အသိုင်းအဝိုင်းများ မင်္ဂလာဆောင် ညှော်ခံပွဲ၊ မွေးနေ့မင်္ဂလာ အလှူအတန်းကအစ နှင်းပွင့်သစ္စာ၏ သစ္စာဦးတီးဝိုင်းကို ငှားတတ်ကြသည်။ သစ္စာဦးမှ သစ္စာဦး၊ သစ္စာဦးတီးဝိုင်းမဟုတ်လျှင် ပွဲမစည်ဟု ထင်ထားကြသည်။

ယခုလည်း အဆိုတော် နှင်းပွင့်သစ္စာ၏ သစ္စာဦးတီးဝိုင်း ကို ရေပြာမြို့ရှိ ညှော်ခံပွဲတစ်ခုမှ ငှားရမ်းခဲ့သည်။ သစ္စာဦးတီးဝိုင်း မှ ပိုင်ရှင်…

'နှင်းပွင့်ရေ… အန်ကယ်တို့အဖွဲ့ကို ရေပြာကညှော်ခံပါ က လာငှားတယ်'

'ညှော်ခံပွဲက ဘယ်နေ့တဲ့လဲ'

'သန်ဘက်ခါမနက်မှာ ဆိုရမှာဆိုတော့ မနက်ဖြန် ဒီက စထွက်မယ်'

'ဟောတော့… နှင်းပွင့်က မနက်ဖြန်ညမှာ အဖွဲ့တစ်ခု နဲ့ ရှိုးပွဲရှိလို့ တိုက်နေတယ်'



www.burmeseclassic.com

www.burmeseclassic.com



'အေးလေ… ရှိုးပွဲက ဘယ်သူတွေနဲ့ဆိုမှာလဲ'

'ဟောမာန်စိုးတို့အဖွဲ့နဲ့ ဆိုမှာ'

'ဟောမာန်စိုးတို့အဖွဲ့နဲ့ ဆိုရမှာဆိုတော့ အရမ်းရင်းနှီးတဲ့ လူတွေဖြစ်နေတော့ ငြင်းလို့မကောင်းဘူး'

'ဟုတ်တယ်… သူတို့အဖွဲ့ကလည်း နှင်းပွင့်ကို အားကိုးနေတာဆိုတော့ နှင်းပွင့် မလိုက်လို့မကောင်းဘူး'

'ဒါဆိုရင် မနက်ဖြန် သီချင်းဆိုပြီးတာနဲ့ ရေပြာကို လိုက်ခဲ့ပေတော့'

'ဟုတ်ကဲ့ပါ အန်ကယ်၊ သီချင်းဆိုပြီးတာနဲ့ ရေပြာကို ကျွန်မ ကားနဲ့ ကျွန်မ လိုက်ခဲ့ပါ့မယ်'

'ဒရိုင်ဘာအောင်နိုင် မဟုတ်လား၊ ဒီကောင်လေးက ကားမောင်းကျွမ်းကျင်ပါတယ်'

'အောင်နိုင်က ကားမောင်းတာ ကျွမ်းကျင်ပါတယ်၊ ဒါပေမဲ့ ကားကို အရမ်းမောင်းတတ်တယ်၊ နောက်ပြီး အမိန့်ကို မနာခံတတ်ဘူး'

'သူက ကားမောင်းတဲ့အခါမှာ သူ့စိတ်ကူးနဲ့သူ မောင်း





တတ်တယ်၊ တချို့က ကားမောင်းနေတုန်း ဆရာလုပ်တာ မကြိုက်ဘူး'

'နှင်းပွင့်လည်း သူ့ကို သိပ်မကြိုက်လှဘူး၊ ဒါပေမဲ့ သူ့ထက်ကောင်းတဲ့ ဒရိုင်ဘာမရခင်တော့ သူ့ကိုပဲ ခန့်ထားရဦးမှာပဲ'

'ဟုတ်တယ်၊ သူက ကားကို အရမ်းမောင်းတာကလွဲလို့ စိတ်ကောင်းလည်း ရှိပါတယ်၊ ငွေရေးကြေးရေးလည်း စိတ်ချရတယ်'

သစ္စာဦးတီးဝိုင်းခေါင်းဆောင် ဦးခင်မောင်မြင့်က ဒရိုင်ဘာအောင်နိုင်၏ အကြောင်းကို ပြောပြီး…

'နှင်းပွင့် ဒါဆို အန်ကယ်တို့အဖွဲ့က မနက်ဖြန်မနက် စောစော ကားနဲ့သွားလိုက်မယ်၊ ဟိုရောက်တာနဲ့ အစီအစဉ်အားလုံး လုပ်ထားလိုက်မယ်'

'ဟုတ်ကဲ့… အန်ကယ်၊ နှင်းပွင့်က မနက်ဖြန်ညမှ လာမှာဆိုတော့ မနက်ကို အစောကြီးရောက်လာမှာ၊ မပူပါနဲ့'



www.burmeseclassic.com

www.burmeseclassic.com



'ငါ့တူမကြီးကို ယုံကြည်ပါတယ်၊ အန်ကယ် မပူပါဘူး၊ ရေပြာက စောင့်နေမယ်'

'စိတ်ချ၊ သတို့သမီး မနိုးခင် ရောက်အောင်လာခဲ့မယ်'

'ကောင်းပါပြီ နှင်းပွင့်ရယ်၊ မင်းသာ အေးအေးဆေးဆေး သီချင်းဆိုပြီး လိုက်ခဲ့ပေတော့'

'ဟုတ်ကဲ့'

နှင်းပွင့်နှင့် သစ္စာဦးတီးဝိုင်းခေါင်းဆောင်တို့နှစ်ဦးမှာ တစ်ဦးသဘော တစ်ဦးက နားလည်သည့်အတွက် အလုပ်ကိစ္စများတွင် အခက်အခဲမရှိပေ။ သစ္စာဦးတီးဝိုင်း၏ ခေါင်းဆောင်အဆိုတော်တစ်ဦးဖြစ်သော်လည်း အခြားအဖွဲ့က နှင်းပွင့်သစ္စာတစ်ဦးတည်းကို သတ်သတ်ငှားလျှင်လည်း ဦးခင်မောင်မြင့်က သဘောထားကြီးစွာ ဆိုခွင့်ပေးထားခဲ့သည်။

သူတို့နှစ်ဦး၏ နားလည်မှုကြောင့် ယခုဆိုလျှင် လက်တွဲခဲ့သည်မှာ ငါးနှစ်တိုင်တိုင် ရှိချေပြီ။ သူမမှာ လွန်စွာအသံကောင်းလှသူဖြစ်၍ သူမကို အဓိကထားပြီး ရေပြာမှ ဧည့်ခံပွဲတစ်ခုက လာငှားခြင်းဖြစ်၍ သူမ မပါလဆင် မည်သို့မျှမဖြစ်ချေ။





သူမသည် အိမ်သို့ရောက်သည်နှင့် ဒရိုင်ဘာ ကိုအောင်နိုင်အား...

'ကိုအောင်နိုင်... မမ ဒီနေ့ည ရှိုးပွဲတစ်ခုရှိတယ်၊ အဲဒီရှိုးပွဲကပြီးတာနဲ့ ရေပြာကို ဆက်ပြီးသွားမယ်'

'ညဘက်ကြီး သွားမှာလား'

'ဟုတ်တယ်၊ ရှိုးပွဲက အပြီးသွားမယ်လို့ ပြောတာ ညဆက်ပေါ့'

'ညဘက်ကြီး ကားမောင်းရတာ အန္တရာယ်များတယ်၊ ပြီးတော့ ရေပြာနဲ့ဆိုရင် မိုင်သုံးရာကျော်ဝေးတယ်'

'ကိုအောင်နိုင် မဦးမချွတ် စကားကို ဆင်ခြင်ပြောမှပေါ့'

'ကျွန်တော်က ကားမောင်းတဲ့သူ၊ မမက ကားပေါ်ထိုင်ပြီး လိုက်တဲ့သူပဲ၊ ဒီလမ်းခရီးက ကြမ်းတယ်၊ ညဘက်မှာ တချို့ ဓာတ်တိုင်တွေက မီးလာတာမဟုတ်ဘူး၊ ဟိုင်းဝေးသွားမယ်ဆိုရင် ကြိုပြီးပြောမှပေါ့'

'မမလည်း ကြိုပြီးမသိဘူး၊ အခုမှ အန်ကယ်က ခေါ်ပြောလို့'



www.burmeseclassic.com

www.burmeseclassic.com



'အဲဒါခက်တာပေါ့၊ ကားရဲ့ ကြွံနိုင်ရေးတို့ ဘာတို့ စစ်ဆေးရဦးမယ်'

'မင်းက ခိုကျနေတာပဲ၊ တော်တော်ညည်းတဲ့သူပဲ၊ မမကို ဟေမာန်စိုးတို့အိမ်ကို လိုက်ပို့ပြီးရင် ကားမှာ ဘာလိုသလဲ ကြည့်ပြီး လုပ်ထားလိုက်၊ ပိုက်ဆံလည်း ယူသွားဦး'

'ကောင်းပါပြီ'

ကိုအောင်နိုင်က ဟိုင်းဝေးကို ညဘက်မောင်းရမည်ဟု ပြောသည့်အတွက် သိပ်ပြီးကြည်ပုံမရ။

သို့ပေမဲ့ ဦးခင်မောင်မြင့်ကို လာမည်ဟု ပြောထားသည့်အတွက် သည်ခရီးကို မသွားမဖြစ် သွားရပေတော့မည်။

ကိုအောင်နိုင်က နှင်းပွင့်ကို ဟေမာန်စိုးတို့အိမ်၌ ချထားပေးပြီး ကားကြွံနိုင်မှုစစ်ဆေးရန် ထွက်ခွာသွားခဲ့သည်။

ဟေမာန်စိုးက နှင်းပွင့်လာသဖြင့် အားရဝမ်းသာဖြစ်ကာ…

'နှင်းပွင့် လာတာနဲ့ အတော်ပဲ၊ မနက်ဖြန် ရှိုးပွဲမှာ ဝတ်မယ့် အဝတ်အစားတွေ ပြရဦးမယ်၊ နောက်ပြီး နှင်းပွင့်





ဘာသီချင်းတွေ ဆိုမှာလဲ၊ ပြောပြဦးလေ'

'ပြောမှာပေါ့၊ ပြောချင်လို့ လာခဲ့တာ'

'ဒီမှာ စီးကွင့်(စ်)တွေ ထိုးထားတဲ့ဝတ်စုံလေးတွေ ကြည့်ပါဦး၊ မလှဘူးလား'

ဟေမာန်စိုးက သူမဝတ်မည့် နယူးမော်ဒယ်အဝတ်အစားများကို ပြသခဲ့သည်။ နောက်ဆုံးပေါ် ဒီဇိုင်းအဆန်းများဖြစ်၍ ထိုအဝတ်အစားများမှာ လွန်စွာလှပပြီး ဟေမာန်စိုးနှင့် လိုက်ဖက်လှသည်။

'စိုးရေ… အင်္ကျီလေးတွေက အရမ်းလှတာပဲ၊ စိုးနဲ့ဆိုရင် အတော်လိုက်မယ်'

'စိုး အင်္ကျီတွေ အများကြီးဝယ်ထားတယ်၊ အဲဒီအင်္ကျီထဲက ကြိုက်တဲ့အင်္ကျီ ယူလိုက်လေ၊ ဂရု(ပ်)ဆောင်းကျရင် အတူတူဆိုကြမယ်'

'ရပါတယ်၊ နှင်းပွင့်မှာ အင်္ကျီတွေအများကြီးရှိပါတယ်၊ အဲဒီအင်္ကျီတွေပဲ ဝတ်မယ်'

'ကောင်းပြီ'



www.burmeseclassic.com

www.burmeseclassic.com



'ဩော်… ဒါနဲ့ စိုးကို ပြောရဦးမယ်'

'ဘာပြောမလို့လဲ နှင်းပွင့်'

'မနက်ဖြန် ရှီးပွဲဆိုပြီးတာနဲ့ နယ်ကို ခရီးထွက်ရမယ်'

'ဘယ်ကိုသွားမှာလဲ'

'ရေပြာမြို့'

'ရေပြာက အဝေးကြီးပဲ'

'ဟုတ်တယ်၊ ရေပြာက ညှို့ခံပွဲတစ်ခုက လာငှားတာ နှင်းပွင့်ပါမှ ဖြစ်မှာ၊ အဲဒါ အန်ကယ်တို့က မနက်ဖြန် မနက် ကတည်းကသွားမှာ၊ စိုးတို့ ရှီးပွဲမရှိဘူးဆိုရင် အန်ကယ်တို့နဲ့ တစ်ခါတည်း လိုက်သွားမှာ'

'အမလေး… မလုပ်ပါနဲ့ဟယ်၊ နှင်းပွင့်မပါရင် စိုးတို့ ရှီးပွဲ စည်မှာမဟုတ်ဘူး၊ နှင်းပွင့်ကို အားထားနေရတာ'

'စိုးကို ခင်လွန်းလို့ ဒီရှီးပွဲမှာ လာပြီးဆိုပေးရမှာ'

'စိုးတို့ရှီးပွဲမှာ လာဆိုပေးမယ်လို့ ပြောတဲ့အတွက် စိုးက ကျေးဇူးတင်ပါတယ်'

'စိုးရေ… ရှီးပွဲမှာ နှင်းပွင့်က စောစောဆိုမယ်နော်၊ ဆိုပြီးတာနဲ့ သွားတော့မှာ'





'ကောင်းပါပြီ၊ ပရိသတ်ကြီးကလည်း နှင်းပွင့် စောစော ဆိုတော့ ပိုကြိုက်မှာပေါ့'

'အဲဒါက အရေးမကြီးဘူး၊ ဟိုင်းဝေးမှာ ဒရိုင်ဘာ ကိုအောင်နိုင်နဲ့ သွားရမှာ ခပ်လန့်လန့်ပဲ'

'ဘာဖြစ်လို့လဲ နှင်းပွင့်'

'သူက ကားမောင်းအရမ်းကြမ်းတာ၊ နောက်ပြီး လမ်း ကချို့တစ်ဝက်က လမ်းဆိုးတယ်'

'ဟဲ့… ဒါဆို သူ့ကို အရမ်းမမောင်းနိုင်းနဲ့ဦး'

'နှင်းပွင့်ကတော့ ပြောတာပဲ၊ သူက လူတစ်မျိုး၊ တစ်ခါ တစ်ခါ ဂျစ်ကန်ကန်နဲ့'

'ဟုတ်တယ်၊ ဒရိုင်ဘာ ကိုအောင်နိုင်ကြည့်ရတာ ထောင့် မကျိုးဘူး'

'ဟုတ်တယ်ဟော့… ထောင့်မကျိုးတဲ့သူနဲ့ပဲ စခန်းသွား နေရတယ်'

❑ ❑ ❑



www.burmeseclassic.com

www.burmeseclassic.com



သည်နေ့ည။

ဟေမာန်စိုးတို့၏ ရှိုးပွဲကလေး။

ဟိုတယ်နိဝင်ဘာမှာ ကျင်းပခဲ့သည်။

ဆယ်ကျော်သက်များကအစ သက်လတ်ပိုင်းအရွယ်အထိ ပွဲကြည့်ပရိသတ်များစွာ လာခဲ့သည်။

ဟေမာန်စိုးတို့အဖွဲ့က ခပ်ဟော့ဟော့ဝတ်ဆင်ပြီး ဟာ့ဟော့များကို သီဆိုသဖြင့် ကာလသားများ၏ အကြိုက်တွေ့သည့် ရှိုးပွဲကလေးတစ်ပွဲ ဖြစ်သည်။ နှင်းပွင့်ကတော့ အယ်ဆိုင်းဇီကဲ့သို့ အသံကောင်းသူဖြစ်ပြီး နာမည်ကြီးအဆိုတော်တစ်ဦးဖြစ်၍…

'ယခုဖျော်ဖြေမယ့် တေးသံရှင်ကတော့ နာမည်ကြီး အဆိုတော် နှင်းပွင့်သစ္စာပဲဖြစ်ပါတယ်'

ထိုသို့ အစီအစဉ်မှူးက ကြေညာလိုက်ရာ…

'ဖြောင်း…'

'ဖြောင်း…'

'ဖြောင်း…'

လက်ခုပ်သံ တဖြောင်းဖြောင်း ပေါ်ထွက်ခဲ့သည်။





'နှင်းပွင့်သစ္စာ သီဆိုမယ့်သီချင်းကတော့ 'ဗိုင်းရပ်စ်ချစ်သူ' သီချင်းပဲ ဖြစ်ပါတယ်'

'ဟေး…'

'ရှီး…'

'ဖြောင်း…'

'ဖြောင်း…'

ဗိုင်းရပ်စ်ချစ်သူသီချင်းမှာ နှင်းပွင့်သစ္စာ၏ နာမည်ကြီးသည့် သီချင်းတစ်ပုဒ်ဖြစ်ပြီး 'ရင်ခွင်သစ်သို့' တေးစီးရီးထဲမှ လူကြိုက်များပြီး 'ပေါက်' သည့် သီချင်းတစ်ပုဒ်ဖြစ်သည်။

သူမက သူမ၏ အကျော်ကြားဆုံး ဗိုင်းရပ်စ်ချစ်သူ သီချင်းကို စတင်သီဆိုလိုက်သည်နှင့် တစ်ပြိုင်နက် ပရိသတ်ကြီးမှာ တစ်ခဲနက် ဂုဏ်ပြုသြဘာ လက်ခုပ်သံများဖြင့် ဆူညံသွားသည်။

ထို့နောက်…

'ရင်ခွင်အနမ်း' သီချင်းကို သူမ ဆက်၍ဆိုသည်။

ရင်ခွင်အနမ်းမှာလည်း လူငယ်ကြိုက်သီချင်းဖြစ်သော



www.burmeseclassic.com

www.burmeseclassic.com



ကောင်မလေးများက ပန်းစည်းများပေးကာ ဂုဏ်ပြုခဲ့သည်။

ထို့နောက် လူငယ်ကြိုက်သီချင်း သုံး၊ လေးပုဒ် ထပ်ဆို သောအခါ ပွဲကြည့်သူပရိသတ်များ၏ သောင်းသောင်းဖျဖျ အားပေးခဲ့သည်။

ထိုသီချင်းများ သီဆိုပြီးချိန်တွင် ည ၁၀ နာရီခန့် ရှိချေပြီ။ ထို့ကြောင့် ဟေမာန်စိုးဆီသို့သွားကာ…

'စိုးရေ… နှင်းပွင့် သွားတော့မယ်'

'နှင်းပွင့်ရေ… ခဏလေးစောင့်ပါဦး၊ စိုးတို့ သီချင်း သုံး၊ လေးပုဒ် ဆိုလိုက်သီးမယ်၊ အဲဒါဆိုပြီးရင် ပရိသတ်ကြီးက တောင်းဆိုထားတဲ့အတိုင်း စိုးတို့နဲ့ နှင်းပွင့် ဂရုပ်(ပ်)ဆောင်း အတူတူ ဆိုကြရဦးမယ်လေ'

'အဲဒါဆိုရင် သိပ်ပြီး မိုးချုပ်သွားမလား မသိဘူး'

'သိပ်ပြီး မိုးမချုပ်ပါဘူး၊ ဖြစ်ပါတယ်'

'အေးလေ… ပရိသတ်ကြီးက တောင်းဆိုနေမှတော့ မင်းတို့နဲ့အတူ အုပ်စုသီချင်းတစ်ပုဒ် ဆိုပေးပါ့မယ်'

ထိုသို့ ပြောနေစဉ် ကိုအောင်နိုင် ရောက်လာပြီး…





'မမ ခရီးသွားမယ်ဆိုရင် ဒီအချိန်လောက်စပြီး ထွက်မှ ဖြစ်မယ်'

'မမအလှည့်ကတော့ ပြီးသွားပါပြီ၊ ဒါပေမဲ့ အုပ်စုလိုက် သီချင်းတစ်ပုဒ် ဆိုစရာကျန်သေးတယ်၊ နောက်ထပ် တစ်နာရီ ကျော်ကျော်လောက် စောင့်ရဦးမယ်'

'မမ လမ်းခရီးဆိုတာ ကွက်တိတွက်ထားလို့ မရဘူး နော်၊ အချိန်ပိုယူတာ မမှားဘူး၊ နောက်မှ အချိန်မရှိလို့ အရမ်း မောင်းနေရဦးမယ်'

'ကားတော့ အရမ်းမမောင်းပါနဲ့ ကိုအောင်နိုင်ရယ်၊ အုပ်စုသီချင်းဆိုဖို့ စိုးကို ပြောလိုက်ဦးမယ်'

'မြန်မြန်လုပ် မမရေ'

'အေးပါဟယ်… နင်ကတစ်မျောင့်'

နှင်းပွင့်က သူမ၏ အလှည့်ရောက်အောင် ထိုင်စောင့် နေရသည်။

ကိုအောင်နိုင်ကလည်း နာရီတကြည့်ကြည့်နှင့် စိတ်မရှည် စွာ စောင့်နေခဲ့သည်။ မကြာမီ နှင်းပွင့်တို့ အုပ်စုလိုက် သီချင်း



www.burmeseclassic.com

www.burmeseclassic.com



ဆိုခဲ့ကြသည်။ သီချင်းဆိုအပြီးတွင် ည ၈ နာရီထိုးခဲ့ပြီ။

'ကိုအောင်နိုင်ရေ… သွားကြစို့'

'ကျွန်တော်ကတော့ အဆင်သင့်ပါပဲ'

နှင်းပွင့်က ပြောပြောဆိုဆို ကားပေါ်သို့ တက်လာခဲ့သည်။

ကားနောက်ခန်းတွင် အဝတ်အစားအိတ်များ အသင့်ထည့်ထားခဲ့သည်။

'ကဲ… ကိုအောင်နိုင်ရေ၊ မောင်းတော့'

နှင်းပွင့်က ဤသို့ပြောလိုက်ရာ ကားကလေးမှာ ဟိုတယ်နိုဝင်ဘာကွင်းထဲမှ စတင်ထွက်ခွာလာခဲ့သည်။ တဖြည်းဖြည်းနှင့် ညကိုးနာရီကျော်ခဲ့ပြီ။

ထိုအချိန်မှာ လမ်းပေါ်တွင် အသွားအလာရှင်းနေသဖြင့် အရှိန်ကို ခပ်ပြင်းပြင်းမောင်းထွက်ခဲ့သည်။

'ကိုအောင်နိုင်ရေ… ကားကို ဖြည်းဖြည်းမောင်းပါ၊ စမောင်းကတည်းက မြန်လွန်းတယ်'

'ကားမောင်းချိန်က ရှစ်နာရီပဲကျန်တော့တယ်၊ ဒီလောက်





ကားရှင်းနေတဲ့လမ်းကို ဒီလောက်တော့ မြန်မြန်မောင်းမှ ဖြစ်မှာပေါ့၊ ဒီထက်လျှော့မောင်းရရင် လှည်းလောက်ပဲရှိတော့မယ်'

'မင်းကိုပြောလိုက်ရင် ဒီအတိုင်းပဲ၊ အမြဲဆင်ခြေတက်တယ်'

'ဆင်ခြေတက်တာ မဟုတ်ဘူး၊ အမှန်ကိုပြောတာ၊ မမက ကားမောင်းတဲ့လူမဟုတ်တော့ မသိဘူးပေါ့၊ ကားမောင်းတဲ့သူဟာ ခရီးအကွာအဝေးနဲ့ အချိန်ကိုတွက်ပြီး မောင်းရတယ်'

'အမလေး… ကားမောင်းတဲ့ ဒရိုင်ဘာဌားထားပါတယ်၊ အခုမှ သင်္ချာပါမောက္ခနဲ့ လာတွေ့နေတယ်'

'ကိုင်း… မမရေ၊ မမ စိတ်ချမ်းသာအောင် အရှိန်လျှော့ပြီး မောင်းပါ့မယ်'

ကိုအောင်နိုင်က ထိုသို့ပြောဆိုပြီး ကားကို ခပ်မှန်မှန်မောင်းနှင်လာခဲ့သည်။ တဖြည်းဖြည်း ရန်ကုန်မြို့နှင့် ဝေးကွာလာခဲ့သည်။

နှင်းပွင့်မှာ စောစောက အော်ဟစ်သီဆိုထားသည့်အတွက် အတော်ပင်မောပန်းကာ မျက်ခွံများ လေးလံလာခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



တစ်ချက်တစ်ချက် အိပ်ငိုက်သွားခဲ့သည်။

ကားကလေးမှာ အဝေးပြေးလမ်းမပေါ်တွင် မောင်းနှင်နေဆဲ။

နှင်းပွင့်မှာ ကားပေါ်တွင် မည်မျှအိပ်ပျော်သွားသည်မသိ။ သူမ၏ မျက်နှာပေါ်တွင် မိုးစက်များကျလာမှ နိုးလာခဲ့သည်။

'ဟောတော့… အချိန်အခါမဟုတ် မိုးတွေတောင်ရွာလာပြီ'

ထိုသို့ပြောရင်း မှန်တံခါးကို ပိတ်လိုက်သည်။

'ကိုအောင်နိုင်ရေ… မိုးတွေရွာနေပြီ'

'ဟုတ်တယ် မမ၊ ဟိုနေ့က သတင်းစာထဲမှာ မုန်တိုင်းရှိတယ်လို့ ရေးထားတာ ဖတ်လိုက်ရတယ်၊ ဒါကြောင့် မိုးရွာတာနေမှာ'

'မုန်တိုင်းရှိရင် မိုးတွေ သဲသဲမဲမဲ ရွာတတ်တယ်၊ မိုးတွေအရမ်းသည်းရင်တော့ ဒုက္ခပါပဲ'

'ဒါကြောင့် မမကို ပြောတာပေါ့၊ လမ်းခရီးနဲ့ အချိန်ကို တွက်ရပါတယ်လို့'





'အေးပေါ့ကွာ… ဒီတစ်ခါတော့ မင်း ပြောဖို့ အလှည့်ရောက်နေပြီပေါ့'

ထိုသို့ပြောနေစဉ် တဖြည်းဖြည်း မိုးသည်းလာသည်။

'ဟောတော့… ပြောရင်းဆိုရင်း မိုးတောင် တော်တော်သည်းလာပြီ'

'မမရေ ဝိုင်ဘာကလည်း အရေးထဲမှာ ကျပ်နေတယ်၊ သုံးလို့မရတော့ ဘာမှမမြင်ရဘူး'

'မမြင်ရလို့တော့ မဖြစ်ဘူး၊ တော်ကြာ လူများကိုသွားတိုက်ရင် ဒုက္ခဖြစ်မယ်'

'နေပါဦး… ကျွန်တော် ဝိုင်ဘာကို ပြင်လိုက်ဦးမယ်'

ထိုသို့ပြောပြီး ကိုအောင်နိုင်က မိုးရေထဲသို့ ဆင်းသွားကာ ဝိုင်ဘာကို ပြင်လိုက်သည်။ နွေရာသီဖြစ်၍ ဝိုင်ဘာမှာ အသုံးမလိုသည့်အတွက် ကျပ်နေခြင်းဖြစ်သည်။

ဝိုင်ဘာကိုပြင်သော်လည်း တစ်ခါတစ်ခါမှာ ကျပ်ပြီး ရပ်သွားခဲ့သည်။

ယခုလည်း မိုးသည်းသည်းရွာနေသည်။



www.burmeseclassic.com

www.burmeseclassic.com



ညှို့အမှောင်နှင့် မိုးသည်းသည်း။

ဝိုင်ဘာကလည်း ကောင်းတစ်လှည့် ပျက်တစ်လှည့်။

ထိုအချိန်တွင် ဒက်(ရှ်)ဘုတ်ပေါ်တွင် တင်ထားသည့် မီးခြစ်မှာ ကားခုန်သည့်အရှိန်ကြောင့် အောက်သို့ကျသွားခဲ့သည်။ ဤမီးခြစ်သည် ကံကြမ္မာဆိုးတို့ကို ခေါ်ဆောင်လာခဲ့သော အရာဝတ္ထုတစ်ခုဟုပင် ဆိုရပေမည်။

ကိုအောင်နိုင်က အောက်သို့ကျသွားသော မီးခြစ်ကို ငုံ့၍ အကောက်···

'ဒိုင်း···'

ဟူသော အသံနှင့်အတူ အမျိုးသမီးတစ်ယောက်ကို တိုက်မိကာ အပေါ်သို့မြောက်တက်သွားပြီး သူ့ကား၏ အရှေ့ဘောနပ်ဖုံးပေါ်သို့ ကျသွားသည်။ နောက်တော့ ကားဘောနပ်ပေါ်မှ တစ်ဆင့် မြေကြီးပေါ်သို့ ကျသွားခဲ့သည်။

'အမလေး···'

နှင်းပွင့်က ကြောက်လန့်တကြား အော်ဟစ်လိုက်သည်။

'ဟာ··· ကျွန်တော်တော့ လူတိုက်မိပြီ'





ကိုအောင်နိုင်က ဤသို့ပြောပြီး ကားရပ်မည်ပြုစဉ် နှင်းပွင့်က···

'ကိုအောင်နိုင် ကားမရပ်နဲ့၊ ဆက်မောင်း'

'ဘာဖြစ်လို့လဲ၊ ကိုယ့်ကြောင့် လူတစ်ယောက် ဒဏ်ရာရသွားပြီ'

'ဘာပဲဖြစ်ဖြစ် မင်း ကားကိုဆက်မောင်းပါ၊ ဒီလူနာကို သွားကြည့်နေရင် ငါ ရေပြာကို အချိန်မီရောက်မှာမဟုတ်ဘူး'

ကိုအောင်နိုင်မှာ နှင်းပွင့်၏ စကားကြောင့် ကားကို ဆက်မောင်းနေရသော်လည်း···

'မဖြစ်ဘူး မမ၊ ကျွန်တော် ကားကိုပြန်လှည့်မှဖြစ်မယ်'

'မင်း ရူးနေလား၊ ဒီလောက် မိုးသည်းပြီး လူပြတ်နေတာ၊ မင်း ကားနဲ့တိုက်မိတာ ဘယ်သူမှမသိဘူး၊ ပြန်လှည့်ပြီး ကြည့်မှ မင်း အဖမ်းခံရမှာ၊ ငါ့ကားလည်း ဒီအမှုထဲမှာ ပါသွားလိမ့်မယ်'

'အဖမ်းခံရရင် ခံရ၊ မခံရရင် နေပလေ့စေ၊ လူသားမဆန်တဲ့အလုပ်ကို ကျွန်တော် မလုပ်နိုင်ဘူး'



www.burmeseclassic.com

www.burmeseclassic.com



ကိုအောင်နိုင်က ပြောပြောဆိုဆို ကားကို ပြန်ကွေ့လိုက်သည်။

'ကျွီ...'

'ကိုအောင်နိုင် မင်းကို မမ ပြောနေတယ်၊ ကားကိုပြန်ကွေ့ပြီး ရှေ့ဆက်မောင်းပါ'

'မမောင်းနိုင်ဘူး မမ၊ လူနာအခြေအနေကို သွားကြည့်ရဦးမယ်'

'မမလည်း ကိုယ်ချင်းမစာလို့ ပြောတာမဟုတ်ပါဘူး၊ အခုတောင် ရေပြာကို အချိန်မီရောက်အောင် မနည်းမောင်းနေရတာ'

'ဘာပဲဖြစ်ဖြစ် ဒါဟာ လူ့အသက်တစ်ချောင်းနဲ့ သက်ဆိုင်တယ်'

'ဟုတ်ပါတယ်၊ မင်းက တည့်တည့်ကြီးတိုက်တာဆိုတော့ လူနာရဲ့ဒဏ်ရာက တော်တော်ပြင်းမယ့်ပုံပဲ'

'မတတ်နိုင်ဘူး မမ၊ ကိုယ်လုပ်မိတဲ့ အပြစ်အတွက် လုပ်ပေးစရာရှိတာတော့ လုပ်ပေးရမှာပဲ'

•





'ငါတော့ သေချင်တာပဲ'

ကားကလေးမှာ ကားတိုက်ရာအရပ်သို့ ဦးတည်မောင်းနှင်လာခဲ့သည်။ ထိုနေရာသို့အရောက်တွင် သူမြင်လိုက်ရသည့် မြင်ကွင်းမှာ ကားလမ်းမပေါ်တွင် အမျိုးသားတစ်ဦးက သတိလစ်နေသည့် အမျိုးသမီးတစ်ဦးအား ပွေ့ချီကာ ကားပေါ်သို့တင်နေသည်။

❑ ❑ ❑



www.burmeseclassic.com

www.burmeseclassic.com

အခန်း(၃)
## မောရမြိုင်မှ ကြမ္မာရိုင်း

ခင်မာဝေကို တင်ဆောင်လာသည့် ကားကလေးမှာ အဝေးပြေးလမ်းမပေါ်တွင် အရှိန်ပြင်းစွာ မောင်းနှင်လာသည့် လမ်းတစ်လျှောက်လုံးတွင် အိမ်ခြေမရှိ ကွင်းပြင်ကြီးများသာ ဖြစ်နေသည်။

သည်တွင် နှင်းပွင့်က…

'ရွာရောက်ဖို့ ဘယ်လောက်လိုသေးလဲ'

ဤသို့ လှမ်းမေးလိုက်သည်။

'ကျွန်တော်လည်း မခန့်မှန်းတတ်ဘူး'





ကိုအောင်နိုင်က လှမ်းပြောလိုက်သည်။

ထိုသို့ဖြင့် ဆက်မောင်းလာရာ မကြာမီ မီးလင်းနေသည့် အိမ်တစ်လုံးကို လှမ်းတွေ့လိုက်သည်။

'ဟောဟိုမှာ အိမ်တစ်အိမ်တော့ တွေ့တယ်'

'ဒါဆိုရင် ရွာတစ်ရွာနား ရောက်လာပြီထင်တယ်'

'ဟုတ်မယ် မမ'

'အေးလေ… ရွာမှာလည်း ကျန်းမာရေးမှူး ရှိချင်မှ ရှိမှာ'

'ရှိပါစေလို့ပဲ ဆုတောင်းရမှာပဲ'

ထိုသို့ပြောရင်း ဆက်မောင်းခဲ့ရာ ထိုအိမ်ရှေ့သို့ ရောက်လာခဲ့သည်။ ထိုအိမ်ကလေးကို လှမ်းကြည့်လိုက်ရာ…

'မောရမြိုင်တည်းခိုခန်း'

ဟု ရေးသားထားသည့် ဆိုင်းဘုတ်တစ်ခုကို တွေ့လိုက်ရသည်။

'ဪ… ဒါက တည်းခိုခန်းပဲ၊ ကိုအောင်နိုင်ရေ ဆက်မောင်းပေတော့'



www.burmeseclassic.com

www.burmeseclassic.com



'ဟုတ်ကဲ့ မမ'

ထိုအချိန်အထိ မိုးမှာ အငြိုးနှင့် သဲသဲမဲမဲ ရွာနေဆဲ။

ကားကလေးမှာ မိုးသည်းထဲတွင် ဆက်မောင်းလာရာ တစ်မိုင်ခန့်အရောက်တွင် ကားများရပ်ထားသည်ကို တွေ့လိုက်ရသည်။

ကိုအောင်နိုင်က ထိုကားပေါ်တွင်ပါသည့်လူတစ်ယောက်အား 'ကားတွေ ဘာဖြစ်လို့ ရပ်ထားတာလဲ' ဟု လှမ်းမေးလိုက်ရာ…

'ရှေ့မှာ တံတားကျိုးနေလို့ ဘယ်လိုမှသွားလို့မရဘူး'

ထိုလူက ဤသို့ လှမ်းပြောလိုက်သည်။

နှင်းပွင့်မှာ စိတ်ဓာတ်ကျစွာနှင့်…

'ကိုအောင်နိုင်ရေ… အခုမှ တကယ့်ဒုက္ခပဲ'

ဤသို့ညည်းညူလိုက်ရာ ကျော်စိုးဦးက…

'ဒီမှာ လူနာနဲ့ ကျွန်တော်တို့ကမှ ပိုပြီးဒုက္ခရောက်နေပြီ'

'အေးဗျာ… ဒါဆိုရင် ဘယ်လိုလုပ်ရပါ့မလဲ'

ကိုအောင်နိုင်က စိတ်ပျက်စွာနှင့် ပြောလိုက်သည်။





'ဒီမိုးသည်းထဲမှာ ဒီအတိုင်းနေလို့ မဖြစ်ဘူး၊ ကျွန်တော်တော့ ခုနကတွေ့တဲ့ တည်းခိုခန်းမှာ ခဏတည်းရင် ကောင်းမယ်နဲ့တူတယ်၊ ဒါမှ လူနာလည်း သက်သောင့်သက်သာရှိမယ်'

'ကိုကျော်စိုးဦး ပြောတာ ကောင်းတယ်၊ ဒီမိုးသည်းထဲမှာ ဒီအတိုင်းနေမယ့်အစား တည်းခိုခန်းမှာ ခဏသွားနားရင် ကောင်းမယ်'

ကိုအောင်နိုင်က ထောက်ခံပြောဆိုလိုက်ရာ နှင်းပွင့်ကလည်း…

'ဟုတ်တယ်… ဟုတ်တယ်၊ တည်းခိုခန်းပဲ မောင်းတော့'

'ကောင်းပြီ'

ကိုအောင်နိုင်က ထိုသို့ပြောဆိုပြီး ကားကိုပြန်ကွေ့စဉ် ရပ်ထားသော ကားပေါ်မှ လူတစ်စုက…

'ခင်ဗျားတို့ ဘယ်လမ်းကသွားမလို့လဲ'

ဟု လှမ်းမေးလိုက်သည်။

'မောရမြိုင်တည်းခိုခန်းမှာ သွားတည်းမလို့'



www.burmeseclassic.com

www.burmeseclassic.com



ကိုအောင်နိုင်က ဤသို့လှမ်းအော်ပြီး မောရမြိုင်တည်းခို ခန်းဆီသို့ မောင်းလာခဲ့သည်။

မကြာမီ မောရမြိုင်တည်းခိုခန်းသို့ ရောက်ရှိလာခဲ့သည်။

'ကဲ… ကိုကျော်စိုးဦး၊ ခင်ဗျားမိန်းမကို ပွေ့လာခဲ့ပေတော့'

'ဟုတ်ကဲ့'

သူတို့အားလုံး မောရမြိုင် တည်းခိုခန်းသို့ ဝင်လာခဲ့သည်။

'ကျွန်တော် ဒီမှာတည်းချင်လို့ပါ'

ကိုအောင်နိုင်က ဤသို့ပြောလိုက်ရာ တည်းခိုခန်းပိုင်ရှင်က ထိတ်ထိတ်ပျာပျာဖြင့်…

'ခင်ဗျားတို့က ဘယ်ကလာတာလဲ'

'ကျွန်တော်တို့က ရန်ကုန်ကလာတာပါ၊ ဘာဖြစ်လို့လဲ'

'ဘာမှမဖြစ်ပါဘူး'

'ဒါဆိုရင် ဒီည ဒီမှာတည်းလို့ရမလား'

'ရ… ရပါတယ်'





သူက ထစ်ထစ်ငေါ့ငေါ့ဖြင့် ပြန်ဖြေလိုက်ရာ ကိုအောင်နိုင်က…

'ဒီတည်းခိုခန်းပိုင်ရှင်က ဘာဖြစ်နေသလဲ မပြောတတ်ဘူး'

'အင်းလေ… သူ့ကြည့်ရတာ တစ်ခုခုကို စိုးရိမ်ထိတ်လန့်နေသလိုပဲ'

'ကဲပါဗျာ… ဘာပဲဖြစ်ဖြစ် ဒီတစ်ညတော့ ဒီမှာတည်းမှဖြစ်မယ်'

ကျော်စိုးဦးက စိတ်မရှည်စွာ ပြောလိုက်သည်။

'ကျွန်တော်တို့မှာ လူနာပါလာတယ်၊ အဲဒါ အခန်းတစ်ခု အမြန်စီစဉ်ပေးပါ'

'ကောင်းပါပြီ၊ လူနာပါတယ်ဆိုရင် အောက်ထပ်က အခန်း(၁၀)မှာပဲ ယူလိုက်တော့'

ထိုသို့ပြောပြီး အခန်းသော့ကို လှမ်းပေးလိုက်သည်။ ကျော်စိုးဦးက ခင်မာဝေကိုပွေ့ကာ အခန်း(၁၀)ထဲသို့ ဝင်လာပြီး အိပ်ရာပေါ်သို့ ချလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



မီးရောင်အောက်တွင် ခင်မာဝေ၏ဦးခေါင်းမှ သွေးများ ထွက်နေသည်။

'ကျွန်တော့်မိန်းမရဲ့ ခေါင်းက သွေးတွေအများကြီးထွက်နေတယ်၊ သုတ်စရာ တဘက်တစ်ခုလောက် ပေးပါ'

'ပေးမယ်... ပေးမယ်'

'ဒါထက် အရက်ပျံနဲ့ ဂွမ်းရော မရှိဘူးလား'

'အဲဒါလည်း ရှိတယ်၊ ဒီမှာ ရော့'

တည်းခိုခန်းပိုင်ရှင်က ဧည့်ခန်းတွင်ထားသည့် ကြက်ခြေနီအမှတ်အသားပါသည့် သေတ္တာလေးကို ပေးလိုက်သည်။

ကိုအောင်နိုင်က လူနာ၏ဦးခေါင်းမှ သွေးများကို အရက်ပျံဆွတ်ထားသည့် ဂွမ်းများဖြင့် သုတ်ပေးလိုက်သည်။

သူမ၏ဦးခေါင်းမှ ဒဏ်ရာများသဖြင့် သွေးများအဆက်မပြတ်ထွက်နေသည်။

တည်းခိုခန်းမှ အဝတ်တစ်ခုကိုတောင်းကာ ဦးခေါင်းကို စည်းပေးထားလိုက်သည်။

ထို့နောက် ကြက်ခြေနီသေတ္တာလေးထဲတွင် ရှူဆေးဘူး





တစ်ဘူးတွေ့သဖြင့် ကိုအောင်နိုင်က ကျော်စိုးဦးအား လှမ်းပေးရင်း...

'အဲဒီရှူဆေးဘူးနဲ့ ခင်ဗျားရဲ့မိန်းမနှာခေါင်းမှာ ကပ်ထားလိုက်ပေတော့'

'ဟုတ်ကဲ့'

'ကျွန်တော်တို့ တည်းခိုခန်းမှာရှိမယ်၊ လိုအပ်ရင် ခေါ်လိုက်ပေတော့'

'ကောင်းပါပြီ'

ထိုသို့ပြောပြီး ဧည့်ခန်းသို့ထွက်လာခဲ့သည်။

သည်တွင် နှင်းပွင့်က...

'မမတော့ ဒီမနက် ရေပြာကို ဘယ်နည်းနဲ့မှရောက်မှာ မဟုတ်တော့ဘူး'

'တံတားကျိုးမှတော့ ဘယ်လိုသွားမလဲ'

'အန်ကယ်ဦးခင်မောင်မြင့်တို့ကတော့ မျှော်မှာပဲ'

'မမရယ်... တစ်ခါတစ်ခါမှာ မမျှော်လင့်တဲ့ အခက်အခဲတွေနဲ့ တွေ့ကြုံရတတ်တာပဲ၊ ဘယ့်နှယ်တတ်နိုင်မလဲ'



www.burmeseclassic.com

www.burmeseclassic.com



'ဟုတ်တယ်၊ မမတော့ အခန်းနံပါတ် (၇)မှာ ယူလိုက်တယ်'

'ကောင်းပါတယ်'

ထိုသို့ပြောနေစဉ် တည်းခိုခန်းရှေ့၌ ကားတစ်စီးဆိုက်လာပြီး အမျိုးသားတစ်ဦးနှင့် အမျိုးသမီးတစ်ဦး ဝင်လာခဲ့သည်။ ထိုအမျိုးသားက တည်းခိုခန်းထဲသို့ ဝင်လျှင်ဝင်ချင်း...

'ကျွန်တော်တို့လည်း တံတားကျိုးနေလို့ ရပ်နေတုန်း ခင်ဗျား အော်သွားတာနဲ့ တည်းခိုခန်းဆီကို လိုက်လာတာ'

'ဩော်... ခင်ဗျားက တံတားကျိုးနားမှာ ရပ်နေတဲ့ကား ကလား'

'ဟုတ်ပါတယ်၊ ကျွန်တော်တို့လည်း အဲဒီမှာရပ်နေတုန်း ခင်ဗျား အော်သွားတာနဲ့ တည်းခိုခန်းမှာတည်းဖို့ သတိရသွားတယ်'

'တည်းခိုခန်းက ကောင်းပါတယ်၊ အပြင်မှာ မိုးအေးတယ်'

'ဟုတ်တယ်၊ ကျွန်တော်တို့က ညားကာစဗျ၊ အခု





ဟန်းနီးမွန်းထွက်လာတာ ကံဆိုးပြီး တံတားကျိုးနဲ့ ကြုံတွေ့ရတယ်'

'ဘာပဲဖြစ်ဖြစ် ဒီတည်းခိုခန်းမှာ တစ်ညတည်းလိုက်ပေါ့ဗျာ'

ထိုသို့ ကြင်စဦးဇနီးမောင်နှံနှင့် အဖွဲ့ကျသွားခဲ့သည်။

'ကဲ... ကြင်စဦးဇနီးမောင်နှံက အပေါ်ထပ် အခန်း (၂၀)ကို ယူလိုက်ပါ'

'ကောင်းပါပြီ'

ထိုသူတို့မှာ အခန်းသော့ကိုယူကာ အပေါ်ထပ်သို့ တက်သွားခဲ့သည်။

ထို့နောက် မကြာခင် ခေတ်ဆန်ဆန်ဝတ်ထားသော အမျိုးသမီးတစ်ဦး ရောက်လာပြန်သည်။

သူမမှာ အသက်နှစ်ဆယ့်ငါးနှစ်ခန့်ရှိပြီး ဝတ်စားဆင်ယင်မှုမှာ ဖိုးရိုးဖားရား။ ဆံပင်ကောက်ထားပြီး နှုတ်ခမ်းနီကို ရဲအောင်ဆိုးထားသည်။ သူမ၏ ကိုယ်တွင်းရေမွှေးနံ့က ရှူးရှူးဝါးဝါး မွှေးလွန်းလှသည်။



www.burmeseclassic.com

www.burmeseclassic.com



သူမကို ကြည့်ရုံနှင့် ညဥ့်ငှက်မလေးတစ်ဦးမှန်း သိသာလှသည်။

'ကျွန်မက ခရီးသည်တစ်ဦးပါ၊ လမ်းမှာ တံတားကျိုးနေလို့ ဆက်သွားလို့မရလို့ ဒီမှာ တစ်ညတည်းပါရစေ'

သူမက ဤသို့ပြောလိုက်ရာ တည်းခိုခန်းပိုင်ရှင်က...

'မှတ်ပုံတင်ပါလား'

'ပါပါတယ်'

'နာမည်ပြောပါ'

'မိုးစက်ပွင့်ပါ'

ထိုသို့ဖြင့် တည်းခိုခန်းတွင် နောက်ထပ်တစ်ယောက် ရောက်လာခဲ့ပြန်သည်။ မိုးသည်းသည်းတွင် ရောက်လာသူများဖြစ်၍ သူမသည်လည်း မိုးသည်းည၏ တည်းခိုရှင်တစ်ဦးပင်ဖြစ်သည်။

သူမကို ကြည့်ရုံနှင့် ညဥ့်ငှက်မလေးဖြစ်၍ ဤတည်းခိုခန်းတွင် ရောက်ရှိနေသော ပုရိသများက မသိမသာ အကဲခတ်နေသည်။





သူမကို အပေါ်ထပ်ရှိ အခန်းနံပါတ် (၁၈)တွင် နေရာပေးလိုက်သည်။

သူမသည် ညဥ့်ငှက်အဖြစ် လုပ်ကိုင်စားသောက်ရင်း စိတ်ကုန်လာသဖြင့် ထိုအလုပ်ကိုစွန့်လွှတ်ကာ မိဘရပ်ထံသို့ ပြန်လာစဉ် တံတားကျိုးသဖြင့် တည်းခိုခန်းသို့ ရောက်လာခဲ့ခြင်းဖြစ်သည်။

ထို့နောက် ကားတစ်စီး ဆိုက်လာပြန်သည်။

ထိုသူကား ဒေါက်တာမင်းသက်ခိုင် ဖြစ်သည်။

သူသည်လည်း တံတားကျိုး၍ ရှေ့မဆက်နိုင်သဖြင့် ဤတည်းခိုခန်းသို့ ရောက်လာခဲ့သူဖြစ်သည်။

'ကျွန်တော်က ဒေါက်တာမင်းသက်ခိုင်ပါ'

ဒေါက်တာဟု ပြောသံကြားလိုက်သည်နှင့် ကိုအောင်နိုင်မှာ လွန်စွာဝမ်းမြောက်ဝမ်းသာဖြစ်ကာ...

'ဒေါက်တာက ဆေးကုတဲ့ ဒေါက်တာလား'

'ဟုတ်ပါတယ် ခင်ဗျာ'

'ဒါဆိုရင် အခန်းနံပါတ် (၁၀)မှာ လူတစ်ယောက်သတိ



www.burmeseclassic.com

www.burmeseclassic.com



လစ်နေလို့ တစ်ဆိတ်လောက်ကြည့်ပေးပါ ခင်ဗျာ'

'ဘာရောဂါဖြစ်တာလဲ'

'ကျွန်တော့်ကားနဲ့ တိုက်မိလို့ပါ ဒေါက်တာ'

'ဒါဆို ဘယ်လိုဖြစ်သွားလဲ'

'ဦးခေါင်းမှာ ဒဏ်ရာရပြီး သတိလစ်နေတယ်'

'ဟာ… ဒါဆို အရေးကြီးတာပေါ့၊ အခု အဲဒီလူနာ ဘယ်မှာလဲ'

'အခန်းနံပါတ် (၁၀)မှာပါ၊ ကျွန်တော် လိုက်ပြပါ့မယ်'

'ကောင်းပါပြီ'

ဒေါက်တာမင်းသက်နိုင်က ဆေးအိတ်ကို ဆွဲကာ ကိုအောင်နိုင်နောက်မှ လိုက်လာခဲ့သည်။ ဇနီးသည်အနီးတွင် မှိုင်နေသော ကျော်စိုးဦးအား…

'ကိုကျော်စိုးဦး ဒေါက်တာ ရောက်လာတာနဲ့ ခင်ဗျားတို့ဆီကို ခေါ်လာတာ'

'ဟာ… ဒေါက်တာ လာပါ၊ ကျွန်တော့်မိန်းမကို ကြည့်ပေးပါ'





'ကောင်းပါပြီ'

ဒေါက်တာက လူနာ၏ဦးခေါင်းမှ အဝတ်ကို ဖယ်ရှားကြည့်ပြီး…

'ဒဏ်ရာက တော်တော်နက်သွားတယ်၊ လူနာက ရှော့ခ်ဖြစ်နေတယ်၊ မပူပါနဲ့၊ ကျွန်တော် အတတ်နိုင်ဆုံး ကြိုးစားပြီးကုပေးပါ့မယ်'

ထိုသို့ပြောပြီး ဒဏ်ရာကို ဆေးထည့်ပေးခဲ့သည်။

ထို့နောက် ပြုဖွယ်ကိစ္စများကို ပြုလုပ်ပေးကာ ဆေးထိုးပေးလိုက်သည်။

'ဒေါက်တာ… ကျွန်တော့်မိန်းမ သတိမှပြန်ရပါဦးမလား ဆရာ'

'မပူပါနဲ့၊ ခဏနေရင် သတိပြန်ရလာမှာပါ'

'ကျေးဇူးတင်လိုက်တာ ဒေါက်တာရယ်၊ အခုလိုညမျိုးမှာ ဒေါက်တာရောက်လာတာ သိကြားမင်းက လွှတ်လိုက်သလိုပါပဲ'

ကိုကျော်စိုးဦးက အားတက်သရော ပြောလိုက်၍ ဒေါက်တာက…



www.burmeseclassic.com

www.burmeseclassic.com



'ဒီလော်ကလည်း မဟုတ်သေးပါဘူးဗျာ' ဟု ခပ်ပြုံးပြုံး ပြောလိုက်သည်။

ထိုစဉ် တည်းခိုခန်းပိုင်ရှင်က ဝင်လာပြီး…

'ဆရာ လူနာအခြေအနေ ဘယ်လိုရှိသလဲ ဆရာ'

'ဆေးထိုးပေးထားတယ်၊ ခဏနေရင် သတိရလာလိမ့်မယ်'

'ဆရာ ဆရာ့ကို အခန်းနံပါတ် (၉)မှာ နေရာပေးထားပါတယ်၊ လူနာနဲ့နီးအောင်လို့ပါ'

'ကောင်းပါပြီ'

ထိုသို့ စကားပြောနေစဉ် တည်းခိုခန်းရှေ့၌ ကားတစ်စီး ဆိုက်သံကို ကြားလိုက်ရသည်။ ကိုအောင်နိုင်က တည်းခိုခန်း ပိုင်ရှင်အား…

'နောက်ထပ် ဧည့်သည်တွေ ရောက်လာတာနဲ့တူတယ်'

'ဟုတ်မယ်'

ထိုသို့ပြောပြီး ဧည့်ခန်းထဲတွင် လူသုံးယောက် ရောက်ရှိနေသည်။





နှစ်ဦးမှာ ရဲယူနီဖောင်းကို ဝတ်ဆင်ထားပြီး တစ်ဦးမှာ ရိုးရိုးဝတ်စုံကို ဝတ်ဆင်ထားပြီး ထိုသူ၏ လက်နှစ်ဖက်တွင် လက်ထိတ်ခတ်ထားသည်။

ထိုစဉ် အသားညိုညို၊ ထောင်ထောင်မောင်းမောင်း ရဲယူနီဖောင်းဝတ်ဆင်ထားပြီး ပခုံးထောက်တွင် ကြယ်တစ်ပွင့် တပ်ဆင်ထားသူက တည်းခိုခန်းပိုင်ရှင်အား…

'ကျုပ်က ဒုရဲအုပ်စိုးရွှေပါ၊ တရားခံဖမ်းလာတာ၊ သူက တော့ ကျုပ်ရဲ့ တရားခံပဲ'

ဒုရဲအုပ်စိုးရွှေက လက်ထိတ်ခတ်ထားသည့် ဗလကောင်းကောင်း တရားခံအား ညွှန်ပြရင်း ပြောလိုက်သည်။ တည်းခိုခန်း ပိုင်ရှင် ကိုဆန်နီက တရားခံဟုဆိုသူကို လှမ်းကြည့်လိုက်သည်။

ထိုသူကား အသားမည်းမည်း၊ ဂင်တိုတို၊ ကိုယ်လုံး တောင့်တောင့် အရုပ်က ဆိုးလွန်းသည်။ ကိုဆန်နီက သူ့ကိုလှမ်း အကြည့် သူကလည်း ကိုဆန်နီကို ရှူသိုးသိုးနှင့် ပြန်ကြည့်လိုက်ရာ ကိုဆန်နီမှာ ခပ်ကြောက်ကြောက်ဖြစ်ကာ မျက်လွှာချလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် ရဲအရာရှိက သူ့ကို ဆက်ပြောခဲ့သည်။

'သူကတော့ ရဲကြပ်ကြီး ချစ်ရွှေပါ၊ ကျုပ်နဲ့အတူ တရားခံ ဖမ်းတာဝန်နဲ့ လိုက်လာတဲ့သူပဲ'

'ဟုတ်ကဲ့ပါ'

'အခု လမ်းမှာ တံတားကျိုးနေလို့ ဒီည ဒီမှာတည်းမယ်၊ အခန်းရှိလား'

'ရှိ… ရှိပါတယ်၊ အခန်းနံပါတ် (၁၅)ယူပါ၊ ဒါနဲ့ တရားခံကို ဘယ်နေရာမှာ ထားရမှာလဲ'

'ရေချိုးခန်းမှာ လက်ထိတ်ခတ်ထားမယ်၊ လာ… မင်း လိုက်ခဲ့'

'ဟုတ်… ဟုတ်ကဲ့ပါ၊ ကိုအောင်နိုင် ခင်ဗျားပါ လိုက်ခဲ့ပါ'

'ကောင်းပြီ လိုက်ခဲ့မယ်'

တည်းခိုခန်းပိုင်ရှင် ကိုဆန်နီမှာ ရဲအုပ်စုကို ကြောက်နေမှန်း သိသာလှသည်။ တရားခံ၏ ရုပ်ဆိုးဆိုးမျက်နှာကိုလည်း ကြောက်ပုံရသည်။





ထို့ကြောင့် ကိုအောင်နိုင်ကို သူ အကူအညီတောင်းခဲ့သည်။

သည်နေရာမှာတော့ ကိုအောင်နိုင်က 'ဂျိုကာ' ဖြစ်နေသည်။

အကူအညီတောင်းခံလျှင် မနေတတ်သူမို့ ကိုအောင်နိုင်က…

'ကျွန်တော် လိုက်ခဲ့ပါမယ်'

ဟု ပြောပြီး ဒုရဲအုပ်နှင့်အတူ ရေချိုးခန်းသို့ လိုက်ခဲ့သည်။

ရဲအရာရှိက လက်ထိတ်ကို ဖွင့်ပေးလိုက်ပြီး ရေချိုးခန်းရှိ သံဘားတန်းနှင့်တွဲပြီး လက်ထိတ်ခတ်လိုက်သည်။

'ဒီတရားခံကို ရဲကြပ်ကြီးချစ်ရွှေ စောင့်ကြည့်ဖို့ တာဝန်ယူ'

'ဟုတ်ကဲ့ပါ ဆရာ'

တရားခံကို ရေချိုးခန်းတွင် လက်ထိတ်ခတ်ပြီး သူတို့အုပ်စု ပြန်ထွက်လာခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



ရေချိုးခန်းတံခါးဝတွင် ရဲကြပ်ကြီး ချစ်ရွှေမှာ အစောင့်အဖြစ် ကျန်ရစ်ခဲ့သည်။

ကိုဆန်နီနှင့် ကိုအောင်နိုင်တို့နှစ်ဦးသား ဧည့်ခန်းသို့ပြန်လာခဲ့သည်။ ကိုဆန်နီ၏ မျက်နှာမှာ ကြောက်ရွံ့သကဲ့သို့ ဖြစ်နေသဖြင့်…

'ခင်ဗျားကို ကြည့်ရတာ တစ်ခုခုကို ကြောက်နေသလိုပဲ၊ ဘာဖြစ်လို့လဲ'

ကိုအောင်နိုင်က ကိုဆန်နီကို လှမ်းမေးလိုက်သည်။

သည့်တွင် ကိုဆန်နီက စိတ်ပျက်လက်ပျက်နှင့်…

'ဒီနေ့က ဘာနေ့မှန်းမသိပါဘူးဗျာ၊ တည်းခိုမယ့်သူတွေ မရှိတုန်းက တစ်ယောက်မှမရှိဘူး၊ ရောက်မယ့်ရောက်လာတော့ ထူးဆန်းလိုက်တာ၊ တစ်ယောက်ပြီးတစ်ယောက် ရောက်လာတော့တာပဲ၊ ပြီးတော့ သွေးသံရဲရဲနဲ့ ရောက်လာတာ'

'ဒါကတော့ဗျာ… ကားတိုက်ခံရတာကိုးဗျ'

'နောက်ပြီးတော့ ခပ်ရှုပ်ရှုပ် အမျိုးသမီးတစ်ယောက်က ရောက်လာပြန်ရော၊ ကျွန်တော်က လက်မခံချင်ပေမယ့် ညကြီးမင်းကြီးမှာ အမျိုးသမီးတစ်ယောက်တည်း ယောင်ချာချာဖြစ်နေမှာစိုးလို့ လက်ခံထားလိုက်ရတယ်'





'အေးဗျာ… ခင်ဗျား ပြောတာလည်း ဟုတ်တာပဲ၊ သူ့ဘာသာ အပြင်မှာ ရှုပ်ရင်ရှုပ်၊ မရှုပ်ရင်နေပေါ့၊ ဒီတည်းခိုခန်းမှာ မရှုပ်ရင် ပြီးတာပဲ'

'အခုရောက်လာတာက ရဲတွေဗျ၊ ကျွန်တော်တို့ မကောင်းတဲ့မိန်းမ လက်ခံထားတယ်ဆိုပြီး အထင်လွဲရင် ဘယ်လိုလုပ်မလဲ'

'ဒါကတော့ ရှင်းပါတယ်၊ ကျွန်တော်တို့လည်း ရှိတာပဲ၊ ခင်ဗျား မဟုတ်တာမလုပ်တဲ့အကြောင်း ရှင်းပြမှာပေါ့'

'အေးဗျာ… ကြည့်လုပ်ကြပါဦး'

'ကောင်းပါပြီဗျာ'

❑ ❑ ❑



www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၄)

## ဘယ်သူတရားခံလဲ

'အဟင်း… ဟင်း…'

'ဟင်း… ဟင်း…'

ခင်မာဝေမှာ သတိမေ့နေရာမှ လူးလွန့်ကာ အသံထွက်လာသည်။

'ခင် သတိရလာပြီ၊ ခင်ရေ… ခင်… ခင်…'

ကျော်စိုးဦးမှာ ဝမ်းသာအားရဖြင့် ခင်မာဝေ၏ ကိုယ်ကလေးကို လှုပ်နှိုးလိုက်သည်။ ခင်မာဝေမှာ မျက်လုံးကို တဖြည်းဖြည်း ဖွင့်ကြည့်ကာ…





'ကျွန်မ ဘယ်နေရာကို ရောက်နေတာလဲ'

'ခင် ကားတိုက်ခံရပြီး သတိမေ့သွားလို့ ဒီတည်းခိုခန်းကို ခေါ်လာတာ'

'မောင် သားလေးရော… သားလေး'

ခင်မာဝေက သားလေးကို သတိရကာ ကမန်းကတန်း မေးလိုက်သည်။

'သားလေး ရှိပါတယ်၊ ဒီမှာ'

'မေမေ… သားသား ဒီမှာ'

'သားလေး… သားလေး… အမလေး… ခေါင်းမူးလိုက်တာ'

'ခင် မထနဲ့ဦး၊ ဆရာဝန် သွားခေါ်လိုက်ဦးမယ်'

ကျော်စိုးဦးက ဆရာဝန်အခန်းသို့သွားကာ…

'ဒေါက်တာ ကျွန်တော့်မိန်းမ သတိရလာပြီ၊ လာကြည့်ပါဦး'

'ဟုတ်ကဲ့… အခုပဲ လိုက်ခဲ့ပါမယ်'

ကျော်စိုးဦးနှင့် ဒေါက်တာမင်းသက်နိုင်တို့နှစ်ဦးသား



www.burmeseclassic.com

www.burmeseclassic.com



အခန်းထဲက ထွက်လာစဉ် ကိုဆန်နီနှင့် ကိုအောင်နိုင်က ဧည့်ခန်းမှ လှမ်းမြင်လိုက်သည်။

ကိုအောင်နိုင်က ကိုဆန်နီအား…

'ကိုကျော်စိုးဦးမိန်းမ တစ်ခုခုထူးခြားပြီနဲ့တူတယ်'

'ဟုတ်တယ်၊ ဒါကြောင့် ဆရာဝန်သွားခေါ်တာနဲ့တူတယ်၊ ကျွန်တော်တို့လည်း လိုက်သွားကြည့်ရအောင်'

'ကောင်းတယ်'

သူတို့နှစ်ဦးသား ကျော်စိုးဦးနောက်သို့ လိုက်လာခဲ့သည်။

'ကိုကျော်စိုးဦး ခင်ဗျားမိန်းမ ဘယ်လိုနေသေးလဲ'

'အခု သတိစရပြီ၊ ဒါပေမဲ့ ခေါင်းမူးတယ်ဆိုလို့ ဒေါက်တာကို သွားခေါ်တာ'

'ဟာ… ခင်ဗျားမိန်းမ သတိရပြီ ဟုတ်လား၊ ဝမ်းသာလိုက်တာ'

'လာလေ… ခင်ဗျားတို့ လိုက်ကြည့်ပါဦး'

'လိုက်ခဲ့မယ်ဗျာ'

ကိုအောင်နိုင်မှာ ခင်မာဝေတစ်ယောက် သတိရလာပြီ





ဆိုသဖြင့် လွန်စွာဝမ်းသာကာ ကျော်စိုးဦးနှင့်အတူ လိုက်လာခဲ့သည်။

သည်တွင် ဒေါက်တာက ခင်မာဝေအား…

'အစ်မ သတိရလာပြီလား'

'ဟုတ်ကဲ့ ဒေါက်တာ၊ ဒါပေမဲ့ ခေါင်းအရမ်းမူးနေတယ်'

'ကိစ္စမရှိပါဘူး၊ ခေါင်းမူးတာ ပျောက်အောင်ဆေးပေးပါ့မယ်'

ကိုအောင်နိုင်မှာ မိမိကားနှင့် တိုက်မိထားသဖြင့် သူမ တစ်ခုခုဖြစ်မှာကို စိုးရိမ်နေမိသည်။ ယခု သတိရလာပြီဆိုမှ အတော်အတန် စိတ်အေးသွားခဲ့သည်။

'အစ်မ သတိရလာပြီနော်'

ကိုအောင်နိုင်က သူမကို လှမ်းမေးရာ သူမက…။

'ရှင်က ဘယ်သူလဲ'

'အစ်မကို ကျွန်တော့်ကားနဲ့ တိုက်မိလို့ပါ၊ ကျွန်တော့်နာမည် အောင်နိုင်ပါ'



www.burmeseclassic.com

www.burmeseclassic.com



'ကျွန်မတော့ ခေါင်းအရမ်းမူးနေတယ်'

'ကျွန်တော် မဆင်မခြင်မောင်းမိလို့ အခုလိုဖြစ်ရတာ စိတ်မကောင်းပါဘူးဗျာ'

ခင်မာဝေမှာ ခေါင်းအရမ်းမူးနေသဖြင့် မည်သို့မျှပြန် မဖြေနိုင်ဘဲ မျက်စိမှိတ်ထားလိုက်သည်။

'ကဲ… ဒါဆို ကျွန်တော်တို့ ဧည့်ခန်းမှာပဲရှိမယ်၊ အကြောင်းတစ်ခုခုရှိရင် ခေါ်လိုက်ပါ'

'ကောင်းပါပြီ'

ကိုဆန်နီတို့နှစ်ဦးသည် ကျော်စိုးဦးအား နှုတ်ဆက်ကာ ဧည့်ခန်းသို့ ပြန်ထွက်လာခဲ့သည်။ သူတို့နှစ်ယောက်မှာ ဧည့်ခန်းက ထိုင်ခုံတွင် ထိုင်ရင်း အာလာပ သလ္လာပများ ပြောနေခဲ့သည်။

❑ ❑ ❑

နှင်းပွင့်သစ္စာမှာ အိပ်ရာပေါ်တွင် လဲလျောင်းရင်း…

'ဒီညတော့ ဒီမှာပဲ အိပ်ရတော့မှာပဲ၊ အန်ကယ်တို့အုပ်စု က ငါ့ကို မျှော်နေကြမှာ၊ စိတ်ညစ်လိုက်တာ'





ထိုသို့ တွေးတောနေစဉ် အခန်း၏နံဘေးရှိ မှန်ပြတင်း မှာ လေခပ်ပြင်းပြင်းတိုက်သဖြင့်…

'ဝုန်း…'ဟူသော အသံနှင့်အတူ ပွင့်သွားရာ…

'အမလေး… လန့်လိုက်တာ၊ တံခါးက ချက်ကောင်း ကောင်းမချထားဘူးနဲ့တူတယ်၊ ပိတ်လိုက်မှပဲ'

ထိုသို့ စိတ်ကူးကာ ပြတင်းပေါက်ရှိရာသို့ လျှောက် အလာ လေခပ်ပြင်းပြင်းတစ်ချက်တိုက်ပြီး…

စားပွဲပေါ်တွင် တင်ထားသည့် စာရွက်စာတမ်းများ လွင့် ထွက်သွားသည်။ စောစောက တည်းခိုခန်းပိုင်ရှင်က မှတ်ပုံတင် ကတ်တောင်းသည့်အတွက် ထိုစာရွက်စာတန်းပေါ်တွင် သူမ၏ မှတ်ပုံတင်ကတ်ကို တင်ထားမိသည်။

လေအဝေ့တွင် စာရွက်စာတန်းများနှင့်အတူ မှတ်ပုံတင် ကတ်ပြားကလေးပါ မှန်ပြတင်းမှတစ်ဆင့် အပြင်သို့လွင့်သွားခဲ့ သည်။

'ဟောတော့… မှတ်ပုံတင်ကတ်ကလေး လွင့်သွားပြီ၊ မိုးတွေစိုကုန်တော့မှာပဲ၊ သွားကောက်မှဖြစ်မယ်'



www.burmeseclassic.com

www.burmeseclassic.com



ထိုသို့တွေးရင်း တည်းခိုဆောင်၏ အနောက်ဘက်သို့ လျှောက်လာခဲ့သည်။

သူမသည် အနောက်ဘက်တံခါးကို တွန်းဖွင့်လိုက်သည်။

'ကျွီ' ဟူသော အသံဖြင့်အတူ တံခါးပွင့်သွားခဲ့သည်။

သူမသည် ထိုတံခါးမှ အပြင်သို့ထွက်လာခဲ့သည်။

စာရွက်စာတန်းနှင့် မှတ်ပုံတင်ကတ်မှာ အဝေးဝေးသို့ လွင့်သွားပုံရသည်။ လှမ်းကြည့်လို့ပင် မမြင်ရချေ။

'ဟောတော့... ဘယ်အထိများလွင့်သွားသလဲ မသိဘူး'

သူမက လက်နှိပ်ဓာတ်မီးဖြင့်ထိုးကာ လိုက်ရှာခဲ့သည်။ မိုးက သည်းထန်စွာရွာနေသည့်အတွက် သဲကွဲစွာမမြင်ရပေ။

သူမက စာရွက်ရှာရင်း ခပ်လှမ်းလှမ်းသို့ ရောက်လာသည်။

'မှတ်ပုံတင်ကတ်က အရေးကြီးတယ်၊ ဒါမပါရင် မဖြစ်ဘူး၊ အခုအထိလည်း ရှာမတွေ့သေးဘူး၊ ဒုက္ခပါပဲ'

မိုးသည်းထဲတွင် ထီးကတစ်ဖက်၊ လက်နှိပ်ဓာတ်မီးက တစ်ဖက်နှင့် အလုပ်ရှုပ်နေခဲ့သည်။





မှတ်ပုံတင်ကတ်ကို ရှာမတွေ့သည့်အဆုံး သူမသည် ခပ်လှမ်းလှမ်းကို မသဲမကွဲ မြင်တွေ့လိုက်ရသည်။ သူမသည် အားစိုက်၍ကြည့်လိုက်သောအခါ...

'ဟင်...'

မျက်စိများ ပြာဝေသွားသည့်အလား တွေ့လိုက်ရသည်။ သူမ မြင်တွေ့လိုက်ရသည့် မြင်ကွင်းမှာ...

အရွယ်အစားအမျိုးမျိုးရှိသော အုတ်ဂူများ။

'ဟာ... ဒါဟာ သင်္ချိုင်းပဲ၊ ဟောဟိုမှာ ဂူတွေအများကြီးပဲ'

'ဟုတ်မှဟုတ်ရဲ့လား၊ ငါ မျက်စိမှားတာလား'

သူမသည် မျက်စိကိုပွတ်သပ်ပြီး ကြည့်လိုက်သည်။ သူမ အမြင်မမှားပါ။

တကယ်ပင် အုတ်ဂူများစွာ အစီအရီတွေ့လိုက်ရသည်။

သူမသည် ပွင့်နေသော ခြံတံခါးဝသို့ ပြန်လှည့်အလာတွင် မည်းမည်းအကောင်ကြီးတစ်ကောင်။ ခြေကားယား လက်ကားယားဖြင့် သူမအနီးသို့ ခုန်ဝင်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



'ရှင်… ရှင် ဘယ်သူလဲ'

သူမက ထစ်ထစ်ငေါ့ငေါ့ဖြင့် ကြောက်လန့်တကြား မေးလိုက်သည်။ ထိုသူက မည်သည့်စကားတစ်ခွန်းမျှ ပြန်မဖြေ။

'ရှင်က ဘယ်သူလဲ၊ လူလား သရဲလား'

သူမက ကြောက်ကြောက်နှင့် လှမ်းမေးလိုက်ပြန်သည်။ မည်းမည်းကောင်ကြီးက မည်သို့မျှမဖြေဘဲ သူမ၏အနီးသို့ လျှင်မြန်စွာရောက်ရှိလာပြီး သန်မာသောလက်ကြီးနှစ်ဖက်နှင့် သူမ၏လည်ပင်းကို တအားကုန် ညှစ်လိုက်သည်။

'အား…'

သူမ၏ စူးရှသောအသံကြီး ကျယ်လောင်စွာပေါ်ထွက်လာခဲ့သည်။ ထို့နောက် သူမ၏ မျက်စိထဲတွင် အမှောင်ထုကြီး စိုးမိုးသွားခဲ့သည်။ ထိုမည်းမည်းကောင်ကြီးသည် သူမ၏လည်ပင်းကို တအားကုန်ညှစ်လိုက်ရာ အတန်ကြာသော် သူမ၏ခန္ဓာကိုယ်ကလေးမှာ ပျော့ခွေသွားခဲ့သည်။ သူမကို မိုးသည်းသည်းအောက်တွင် ပစ်ချလိုက်သဖြင့် မြေပြင်ပေါ်သို့ သူမ လဲကျသွားခဲ့သည်။ မည်းမည်းကောင်ကြီးမှာ အုတ်ဂူများထဲတွင် ပြေးဝင်ပျောက်ကွယ်သွားခဲ့သည်။





သူမ၏ စူးရှသောအသံကို ကျော်စိုးဦးက မသဲမကွဲ ကြားလိုက်ရသည်။

'ခုနက အော်သံဟာ အမျိုးသမီးတစ်ယောက်ရဲ့ အော်သံပဲ၊ တစ်ခုခု အန္တရာယ်နဲ့တွေ့တဲ့ပုံပဲ၊ ကိုအောင်နိုင်တို့ကို သွားပြောရင် ကောင်းမယ်'

ထိုသို့တွေးတောကာ ဧည့်ခန်းသို့ ထွက်လာခဲ့သည်။

'ကိုဆန်နီနဲ့ ကိုအောင်နိုင်ရေ၊ စောစောက ဒီတည်းခိုခန်းရဲ့ အနောက်ဘက်မှာ အမျိုးသမီးတစ်ယောက်ရဲ့ အော်သံကို ကြားလိုက်သလိုလိုပဲ'

'ဟင်… ဟုတ်လား'

'ဟုတ်တယ်၊ အန္တရာယ်တစ်ခုခုနဲ့ တွေ့တဲ့ပုံပဲ'

'ဒါဆိုရင် ရဲအရာရှိပါ နိုးပြီ၊ သွားကြည့်ကြစို့'

'ကိုဆန်နီ လက်နှိပ်ဓာတ်မီးယူခဲ့'

'ဟုတ်ကဲ့ပါ'

သူတို့အုပ်စုသည် ရဲအရာရှိကိုပါခေါ်ပြီး တည်းခိုခန်းအပြင်သို့ ထွက်ခဲ့ရာ အုတ်ဂူများအနီးတွင် အမျိုးသမီးတစ်ဦး



www.burmeseclassic.com

www.burmeseclassic.com



လဲကျနေသည်ကို လှမ်းတွေ့လိုက်သည်။

'ဟိုမှာ အမျိုးသမီးတစ်ယောက် လဲကျနေပါလား'

'မမလား မသိဘူး'

ကိုအောင်နိုင်က အလန့်တကြားပြောပြီး ထိုနေရာသို့ အပြေးသွားခဲ့သည်။

'ဟုတ်တယ်... မမပဲ၊ ဘယ်လိုဖြစ်ရတာလဲဗျာ'

ကိုအောင်နိုင်က ပြေးပြီးပွေ့မည်အပြုတွင် ရဲအရာရှိက...

'ဟေ့လူ... မကိုင်နဲ့ဦး၊ အသက်ရှိသေးလားဆိုတာ ကျုပ်ကြည့်လိုက်ဦးမယ်'

ထိုသို့ပြောပြီး နှင်းပွင့်၏ နှာခေါင်းနားသို့ လက်ညှိုးထိုးကြည့်လိုက်ပြီး အသက်ရှူသံကို နားထောင်ကြည့်လိုက်သည်။

ထို့နောက် ရဲအရာရှိက ခေါင်းကို တွင်တွင်ခါရင်း...

'သူ အသက်မရှိတော့ဘူး'

ဟု စိတ်ပျက်လက်ပျက်နှင့် ပြောလိုက်ရာ လွန်စွာအံ့အားသင့်သူက ကိုအောင်နိုင်။





ကိုအောင်နိုင်မှာ မိမိ၏နားကိုပင် မယုံနိုင်လောက်အောင် အံ့သြတကြီးဖြစ်သွားသည်။

'ဟင်... မမနှင်းပွင့် သေပြီ ဟုတ်လား၊ မဖြစ်နိုင်ဘူး၊ ခုနကပဲ ကျွန်တော်နဲ့ စကားပြောသေးတယ်'

'ဟုတ်ပါတယ် ကိုအောင်နိုင်၊ မနှင်းပွင့် အသက်မရှိတော့ဘူး'

'ဟုတ်ရဲ့လားဗျာ၊ သတိလစ်နေတာများလား၊ ဒေါက်တာကို ပြကြည့်ပါဦး'

'ဟုတ်တယ်... ဟုတ်တယ်၊ ဒေါက်တာ့ကို သွားခေါ်လိုက်ဦးမယ်'

ကိုဆန်နီက ဒေါက်တာကို ပြေးခေါ်လိုက်သည်။

ခဏအကြာတွင် ကိုဆန်နီရော ဒေါက်တာမင်းသက်ခိုင်ပါ ရောက်လာခဲ့သည်။ ဒေါက်တာမင်းသက်ခိုင်က သူမ သေဆုံးခြင်းရှိမရှိ အတန်ကြာအောင် စစ်ဆေးကြည့်သည်။

'ဒီအမျိုးသမီးရဲ့ လည်ပင်းကို သန်မာတဲ့လက်နှစ်ဖက်နဲ့ တအားညှစ်ပြီး သတ်လိုက်တာပဲ၊ ဒီမှာ နီရဲနေတဲ့ လက်ရာတွေ ရှိနေတယ်'



www.burmeseclassic.com

www.burmeseclassic.com



ဒေါက်တာမင်းသက်ခိုင် နီရဲနေသော လက်ရာများကို ပြ၍ ပြောလိုက်သည်။

သည်တွင် ရဲအရာရှိက…

'ဒါဟာ မားဒါးကေ့(စ်)ပဲ၊ ရဲကြပ်ကြီးချစ်ရွှေ ဓာတ်ပုံ ရိုက်ရအောင် ကင်မရာသွားယူချေ'

'ဟုတ်ကဲ့ပါ ဆရာ'

ထို့နောက် ရဲအရာရှိက သူမကို ရှုထောင့်အမျိုးမျိုးမှ ဓာတ်ပုံရိုက်လိုက်သည်။

မမျှော်လင့်ဘဲ မိုးသည်းညတစ်ည၏ စိတ်လှုပ်ရှားဖွယ် လူသတ်မှုကြောင့် တည်းခိုခန်းရှိ လူအများမှာ ဧည့်ခန်းထဲသို့ စုရုံးရောက်ရှိလာခဲ့သည်။

❑ ❑ ❑



## အခန်း(၅)
## မိုးတစ္ဆေခြောက်တဲ့ည

'ဘယ်လိုဖြစ်တာလဲဗျာ'

'အဆိုတော်နှင်းပွင့်သစ္စာ အသတ်ခံရလို့ပါ'

'ဘယ်လိုဖြစ်ပြီး အသတ်ခံရတာလဲ'

'ဒါတော့ မသိဘူးဗျ၊ အသတ်ခံရတဲ့နေရာဟာ ဒီတည်းခိုခန်းရဲ့ အနောက်ဘက်က သင်္ချိုင်းနားမှာ'

'ဒီအနောက်က သင်္ချိုင်းနဲ့ဆက်နေတယ်၊ ဟုတ်လား'

'သင်္ချိုင်းထဲက တစ္ဆေသရဲတွေကို မြင်ရလို့ ကြောက်ပြီး သေသွားတာလား မသိဘူး'



www.burmeseclassic.com

www.burmeseclassic.com



'ဟုတ်မယ်… ဟုတ်မယ်၊ သင်္ချိုင်းထဲကို အချိန်မတော် သွားလို့ သင်္ချိုင်းစောင့်တစ္ဆေနဲ့များ တွေ့သလား မသိဘူး'

'ဒါနဲ့ ဒီလောက်ညဉ့်နက်နေတာ ဘာကြောင့် အပြင် ထွက်ရတာလဲ'

အမျိုးသမီးအုပ်စုက တစ္ဆေသရဲအကြောင်းတွေးပြီး လန့် နေကြသည်။ ထိုသို့ဖြင့် တစ်ယောက်တစ်မျိုး ထင်ကြေးပေးနေ ကြသည်။

ရဲအရာရှိကမူ…

'ခင်ဗျားတို့ ဂရုစိုက်ပြီးနေကြပါ၊ ဒီပတ်ဝန်းကျင်မှာ လူသတ်သမားတစ်ယောက်တော့ ရှိနေပြီ'

ခပ်တည်တည်နှင့်ပြောလိုက်ရာ ကိုအောင်နိုင်က တည်းခို ခန်းပိုင်ရှင်အား…

'ခင်ဗျားက ဒီမှာဌာနေဆိုတော့ ခင်ဗျားကိုပဲ မေးရမှာပဲ၊ ဒီနေရာမှာ လူဆိုးသူခိုး လူသတ်သမားရှိလား၊ ဒီလိုအဖြစ်မျိုး ရှိဖူးလား'

'ကျွန်တော်ကလည်း ဒီတည်းခိုခန်းကို ဝယ်လိုက်တာ





မကြာသေးတော့ ဒီပတ်ဝန်းကျင် အခြေအနေအကြောင်း သိပ် မသိဘူး'

'သိပ်မသိလို့ မရဘူး၊ အခုဖြစ်တာ ခင်ဗျားရဲ့တည်းခိုခန်း မှာ လာတည်းတဲ့သူသေတာ'

'အဲဒါမှ ဒုက္ခပါပဲဗျာ၊ ဒီတည်းခိုခန်းမှာမှ လူသတ်မှု ဖြစ်ရတယ်လို့၊ ကျွန်တော့်တည်းခိုခန်းတော့ နာမည်ပျက်ပါပြီ'

'အဲဒါက အရေးမကြီးဘူး၊ ကျွန်တော်နဲ့ မမ အတူလာ ပြီး ဒီတည်းခိုခန်းမှာတည်းတာ၊ အခု သူသေပြီဆိုတော့ ကျွန်တော် ဘယ်လိုလုပ်ရမလဲ'

ကိုအောင်နိုင်ကလည်း သူ၏ခံစားချက်ကို ပြောလိုက် သည်။

သည့်တွင် ကျော်စိုးဦးက…

'သေတာတော့ ဘယ်လိုလုပ်ရမလဲ၊ ကျုပ်တို့ ဝိုင်းပြီး ရှင်းပေးမယ်'

ထိုသို့ပြောနေစဉ်…

'အား…'



www.burmeseclassic.com

www.burmeseclassic.com



ဟူသော အသံကြီးတစ်သံ ပေါ်ထွက်လာသည်။

'ဟော… အော်သံကြားတယ်၊ ဘယ်အခန်းကလဲ'

'ကိုယ့်အခန်းကို ပြန်ကြည့်ကြဦး'

ရဲအရာရှိက ဤသို့ပြောလိုက်သဖြင့် အခန်းရှင်များက ကိုယ့်အခန်းကိုယ် ပြန်ပြေးပြီးကြည့်ကြသည်။

အခန်းနံပါတ် (၁၀)။

ကျော်စိုးဦးက သူ့အခန်းအတွင်းသို့ အပြေးဝင်ကြည့်ရာ သုံးနှစ်သားအရွယ် သူ၏သားငယ်လေးမှာ အိပ်ပျော်နေပြီး ခင်မာဝေမှာ မျက်လုံးလန်ပြီး ပြူးကျယ်နေသည်။

'ခင်… ခင်…'

ကျော်စိုးဦးက ခင်မာဝေကို လှုပ်နှိုးလိုက်သည်။

'ခင်… ဘာဖြစ်တာလဲ၊ ထပါဦး'

သူမ၏ ကိုယ်ကလေးကို ထပ်မံလှုပ်နှိုးသော်လည်း စကားမေးမရ။

'ခင် တစ်ခုခုဖြစ်ပြီလားမသိဘူး၊ ဒေါက်တာကို ပြေးခေါ်မှပဲ'





ထိုသို့တွေးမိကာ အခန်းအပြင်ဘက်သို့ ပြေးထွက်လာပြီး…

'ခင်မာဝေ ဘာဖြစ်တာလဲ မသိဘူး၊ လာကြပါဦး'

ထိုသို့အော်ကာ ဒေါက်တာမင်းသက်ခိုင်၏ အခန်းဆီသို့ အပြေးသွားခဲ့သည်။

'ဟာ… ကျော်စိုးဦး ဘာဖြစ်တာလဲ မသိဘူး'

ကျော်စိုးဦး၏ အော်သံကြောင့် အားလုံးက အခန်း(၁၀) ရှိရာသို့ ပြေးဝင်လာကြသည်။

ပထမဦးဆုံး ရောက်ရှိလာသူကား ညဥ့်ငှက်မလေးဟု သတ်မှတ်ခြင်းခံရသော မိုးသန္တာထက်။

'ဟင်… ဒေါ်ခင်မာဝေ၊ ဒေါ်ခင်မာဝေ'

မိုးသန္တာထက်မှာ ခင်မာဝေကိုကြည့်ပြီး လွန်စွာကြောက်လန့်သွားခဲ့သည်။

ခင်မာဝေ၏ မျက်လုံးမှာ အထက်သို့လန်ပြီး ပြူးကျယ်ကာ ပါးစပ်ကြီးမှာလည်း မဲ့ရွဲ့နေပြီး အသက်ကင်းမဲ့နေသည်။ ပတ်တီးစည်းထားသည့်တိုင်အောင် ပတ်တီးတစ်ခုလုံးမှာလည်း သွေးတွေရွှဲနေသည်။



www.burmeseclassic.com

www.burmeseclassic.com



ညမီးရောင်အောက်တွင် သူမကို ကြည့်ရသည်မှာ ကြောက်မက်ဖွယ် သတ္တဝါတစ်ကောင်အလား။

သူ့နောက်က ရောက်လာသူမှာ ကြင်စဦးဇနီးမောင်နှံမှ ခင်ပွန်းသည် ကိုမင်းနိုင်။

ကိုမင်းနိုင်က ခင်မာဝေအား ကြည့်ပြီး…

'ဒေါ်ခင်မာဝေ သေနေပြီ'

လို့ အော်ပြောလိုက်ရာ ဒေါ်ခင်မာဝေရှေ့သို့ ရောက်နေသော မိုးသန္တာထက်မှာ…

'အမလေး…'

ဟု တစ်ခွန်းသာအော်ပြီး ပုံလဲကျသွားရာ ကိုမင်းနိုင်က ဖမ်းပွေ့လိုက်သည်။ ကိုမင်းနိုင်က ပွေ့ထားစဉ် ကိုအောင်နိုင်တို့ အုပ်စု ရောက်လာပြီး မွေ့ရာပေါ်သို့ ပွေ့တင်ပေးလိုက်သည်။

ထိုသို့ဖြင့် အခြေအနေမှာ ရှုပ်ယှက်ခတ်နေသည်။ ကျော်စိုးဦးမှာ ဒေါက်တာအား ခေါ်ပြီး အခန်းတွင်းသို့ ဝင်လာခဲ့သည်။ ဒေါက်တာသည် ခင်မာဝေအား စမ်းသပ်ခဲ့သည်။

ထိုစဉ် ကျော်စိုးဦးမှာ…





'ဒေါက်တာရယ်… ကျွန်တော့်မိန်းမကို ကုပေးပါဗျာ'

ဟု ခြေထောက်ဖက်မတတ် တောင်းပန်နေခဲ့သည်။

သည်တွင် ဒေါက်တာမင်းသက်ခိုင်က…

'ဝမ်းနည်းပါတယ် ကိုကျော်စိုးဦး၊ ခင်ဗျားမိန်းမ အသက်မရှိတော့ဘူး'

'ဗျာ… ဟုတ်ရဲ့လား ဒေါက်တာ'

'ဟုတ်ပါတယ်၊ သူ့ကိုကြည့်ရတာ ကြောက်စရာကောင်းတဲ့မြင်ကွင်းတစ်ခုကို တွေ့လိုက်ပုံရတယ်၊ အလွန်အမင်းကြောက်လန့်ပြီး ရှော့(ခ်)ဖြစ်သွားရာက အသက်ပါ ပါသွားပုံရတယ်'

'ဖြစ်မှဖြစ်ရလေ ခင်ရယ်'

ကျော်စိုးဦးမှာ ခင်မာဝေ သေဆုံးပြီဟု သိလိုက်ရသည်နှင့်တစ်ပြိုင်နက် လွန်စွာကြေကွဲဝမ်းနည်းကာ အရုပ်ကြိုးပြတ်သည့်ပုံနှယ် ဖြစ်သွားပါတော့သည်။

ထို့နောက် ဧည့်ခန်းအတွင်း သည်လူတစ်စု ရောက်လာခဲ့ကြသည်။ အစည်းအဝေးမဟုတ်သော အစည်းအဝေးကလေးတစ်ခုပမာ အားလုံးဝိုင်းဖွဲ့ကာ ဆွေးနွေးနေခဲ့ကြသည်။



www.burmeseclassic.com

ဤခွေးနွေးပွဲ၏ ခေါင်းဆောင်မှာ ဒုရဲအုပ်စိုးရွှေဟူသော ရဲအရာရှိပင်ဖြစ်သည်။

'ဒေါက်တာက ပြောတော့ အလွန်အမင်းကြောက်လန့်ပြီး ရှော့(ခ်)ရသွားတာ၊ ရနေပြီး သတိပြန်မလည်တော့ဘူးလို့ ပြောတယ်၊ ဒါဟာ ဘာကြောင့်ထိတ်လန့်ရတာလဲ၊ လူသတ်သမားကြောင့်လား၊ ဘာကြောင့်လဲ… အဲဒါ ကျုပ်တို့ အဖြေရှာရမယ်၊ အခုတော့ ကျုပ်က ဒီလူသေမှုအတွက် မှတ်တမ်းတင်ရမယ်'

ထိုတည်းခိုခန်းအတွင်း သည်တစ်ညတည်းတွင် အမျိုးသမီးနှစ်ဦး သေဆုံးခဲ့သည်။ တစ်ဦးက လည်ပင်းမှာ ဒဏ်ရာဒဏ်ချက်နှင့်၊ တစ်ဦးမှာ ဒဏ်ရာမရှိသော်လည်း ပြူးကျယ်သောမျက်စိမှာ အထက်လန်ကာ သေဆုံးခဲ့သည်။ ခင်မာဝေမှာ ဒုတိယမြောက် သေဆုံးသူဖြစ်သည်။

အမျိုးသားအုပ်စုက တစ်စု။

'ကျုပ်ထင်တာကတော့ လူသတ်သမားကို တွေ့ပြီး အကြောက်လွန်ပြီး သေသွားတာလား မသိဘူး'





'ဒါမှမဟုတ် လူသတ်သမားက အသက်မရှုနိုင်အောင် မျက်နှာကို အတင်းပိတ်ထားပုံရတယ်၊ သူကလည်း ဒဏ်ရာရထားတဲ့သူဆိုတော့ မရုန်းနိုင်ဘဲ သေတာလား'

'ကျုပ်ကတော့ ဒါဟာ ရိုးရိုးလူသေမှု မဖြစ်နိုင်ဘူး၊ လူသတ်မှုပဲ ဖြစ်မယ်ထင်တယ်'

'ဟုတ်တယ်၊ ကျုပ်ကတော့ တည်းခိုခန်းပိုင်ရှင်ကို သိပ်သဘောမကျဘူး၊ ကျုပ်တို့ စကားပြောနေတုန်း သူပျောက်သွားတယ်'

'အင်း… သူက ဒီတည်းခိုခန်းမှာနေတဲ့သူဆိုတော့ သူ့ကိုလည်း မသင်္ကာစရာလူအဖြစ် စဉ်းစားရမယ်'

'ဒါနဲ့ နေပါဦး၊ သူက ဒီတည်းခိုခန်းပိုင်ရှင်ပဲ၊ လူသေမှုဖြစ်ရင် နာမည်ပျက်ပြီး ဘယ်သူက ဒီတည်းခိုခန်းကိုတည်းမှာလဲ'

'ဒါလည်း ဟုတ်တာပဲ၊ ဒါဆိုရင် ဘယ်သူလဲ'

'ဒါဆိုရင် ကျုပ်တို့ တည်းခိုတဲ့သူအားလုံးထဲက တစ်ယောက်လောက်ဖြစ်မှာပေါ့'

'အဲဒါကလည်း စဉ်းစားစရာပဲ၊ ကျုပ်တို့အားလုံးဟာ



www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်နဲ့တစ်ယောက်လည်း ငြိုးသူရန်ဘက်မဟုတ်ဘူး၊ သိလည်း မသိကြဘူး၊ ဒီနေရာရောက်မှ သိကြတာ၊ အဲဒါ ဘာကြောင့် သတ်ရမှာလဲ'

'ဟုတ်တယ်၊ ဒီကိစ္စက ရှင်းရှင်းလေးနဲ့ ရှုပ်နေတယ်၊ ဆားပုလင်းနှင်းမောင်ကိုတောင် ခေါ်ပြီး စစ်ဆေးနိုင်းရမလိုဖြစ်နေပြီ'

'အင်း… စဉ်းစားရကျပ်နေပြီ၊ လူသတ်သမားကတော့ ဘယ်သူမှန်းမသိပေမယ့် ဒီအထဲထဲမှာ ရှိကိုရှိနေပြီ'

'ကဲ… ရဲအရာရှိကြီးကရော ဘာမှမပြောဘဲ ငြိမ်ချက်သားကောင်းလှချည်လား၊ တစ်ခုခုပြောပါဦး'

'ကျုပ်လည်း လူသတ်မှုတွေ အများအပြားတွေ့ဖူးပါတယ်၊ အများအားဖြင့် ခြေရာလက်ရာကျန်ရစ်တာချည်းပဲ၊ အခုတော့ သဲလွန်စရှာပေမယ့် အခုထိ မတွေ့သေးဘူးဗျ၊ ဒါကြောင့် ကျုပ်လည်း ဘာမှမပြောနိုင်အောင် ဖြစ်နေတာ'

'ဒါဆိုရင် လူသတ်သမားက အဆင့်မြင့်လူသတ်သမား ဖြစ်ရမယ်'





'ဖြစ်နိုင်တယ်'

'ကိုကျော်စိုးဦးတစ်ယောက်တော့ သနားပါတယ်ဗျာ'

ထိုစဉ် မိုးသန္တာထက်က…

'ကျွန်မတော့ ဒေါ်ခင်မာဝေဟာ တော်တော်ကြောက်ဖို့ကောင်းတဲ့ သရဲတစ္ဆေကိုတွေ့ပြီး လန့်ပြီး သေသွားတာနဲ့တူတယ်၊ ဘာဖြစ်လို့လဲဆိုတော့ ဒီတည်းခိုခန်းရဲ့အနောက်မှာ သင်္ချိုင်းရှိတယ်၊ သင်္ချိုင်းမြေနဲ့ ဆက်နေတော့ မြေကြမ်းတာပေါ့၊ နောက်ပြီး အခိုတော် နှင်းပွင့်သစ္စာကလည်း လောလောလတ်လတ် သေထားတော့ အစိမ်းသေဖြစ်မှာပေါ့၊ သူ့ရဲ့ဝိညာဉ်က ဒေါ်ခင်မာဝေရဲ့အခန်းထဲကို ဝင်လာပြီး ခြောက်လှန့်သလားမှ မသိတာ'

ထိုသို့ဖြင့် မိုးသန္တာထက်က သူမ၏ ထင်ကြေးဖြင့် ပြောလိုက်သည်။ ကြင်စဦးဇနီးသည် ခင်ဥမ္မာနိုင်ကလည်း တစ္ဆေသရဲကြောက်သူပီပီ…

'မသန္တာ ပြောတာ ဖြစ်နိုင်ပါတယ်၊ သင်္ချိုင်းမြေနဲ့ ဆက်နေကတည်းက တစ္ဆေသရဲတွေ ရှိမှာပေါ့၊ တစ်ယောက်ယောက်ကို သရဲဝင်ပူးပြီး သတ်တာလည်း ဖြစ်နိုင်တာပဲ၊ ဒေါ်ခင်မာဝေ



www.burmeseclassic.com

www.burmeseclassic.com



က မကျန်းမာတဲ့သူဆိုတော့ အစိမ်းသေ နှင်းပွင့်သစ္စာက လာပြီး ကိုယ်ထင်ပြတာကိုမြင်ပြီး ကြောက်လန့်သွားတာဖြစ်မယ်၊ ပြောရင်းဆိုရင်း ကျွန်မတောင် ကြက်သီးတွေထလာတယ်'

'ဟုတ်ပါ့ရှင်… လူသတ်သမားရှိတယ်ဆိုရင် တွေ့ရမှာပေါ့၊ အခု ဘာမှမတွေ့တာ တစ္ဆေသရဲဖြစ်နေလို့နေမှာ'

'ဟုတ်မယ်၊ ကျွန်မလည်း အစိမ်းသေမ နှင်းပွင့်သစ္စာကို ကြောက်စရာရုပ်နဲ့တွေ့ရင် လန့်ပြီးသေနိုင်တယ်'

'နောက်ပြီး ပြောရဦးမယ် အစ်မဥမ္မာရဲ့၊ ကျွန်မအခန်းကနေကြည့်ရင် တည်းခိုခန်းရဲ့ဘေးဘက် ခြံစပ်နားမှာ ဒန်းတစ်ခုကို တွေ့တယ်၊ အဲဒီဒန်းက လူမရှိဘဲ လွှဲနေတယ်'

'လေတိုက်လို့များလား မသန္တာရယ်'

'လေတိုက်လို့ လွှဲနေတာနဲ့ မတူဘူး၊ အရမ်းကို လွှဲနေတာ'

'ဟုတ်လား'

'နောက်ပြီး အနောက်ဘက်အဆောင်က ညည်းသံကြီးလိုလို ကြားရတယ်'





'အဲဒါ ခိုညည်းသံလား မသိဘူး'

'ကျွန်မနဲ့နီးတော့ တဟီးဟီးနဲ့ ညည်းသံကြီးကြားပြီး အိပ်လို့ကိုမရဘူး၊ ကြောက်လိုက်တာ'

'အင်း… ဝိညာဉ်ရဲ့ ခြောက်လှန့်မှုလေလား၊ လူသတ်သမားရဲ့ လက်ချက်လေလားတော့ မသိဘူး၊ ရင်သိမ့်တုန်ရတဲ့ ညတစ်ညဖြစ်နေတာတော့ အမှန်ပဲ'

'ဟုတ်တယ် အစ်မရဲ့၊ ကျွန်မအခန်းက မှန်တံခါးကြီးက ဂျက်ထိုးထားတာတောင် ပွင့်လာပြီး ဖွင့်ချည် ပိတ်ချည်ဖြစ်နေတာ၊ ကျွန်မဖြင့် ကြောက်လိုက်တာ လွန်ပါရော'

'အဲဒါ တံခါးဂျက်တွေ ချောင်နေလို့ဖြစ်မယ်၊ အပြင်ဘက်က လေက ဆောင့်တိုက်လိုက်တော့ မှန်တံခါးပွင့်သွားတာဖြစ်မယ်'

'အစ်မရယ်… အဆိုတော် နှင်းပွင့် သေတာကို သွားကြည့်ပြီးကတည်းက သူ့မျက်နှာကို မျက်လုံးထဲကမထွက်ဘူးဖြစ်နေတယ်၊ အခု အစ်မခင်မာဝေ သေတော့လည်း ရှေ့ဆုံးက ကျွန်မ ရောက်သွားတာ၊ မျက်လုံးကြီးပြူးပြီး မျက်နှာပြင်က



www.burmeseclassic.com

www.burmeseclassic.com



လည်း မှဲ့ရှဲ့နေတော့ ကျွန်မဖြင့် သံတိတောင်လစ်သွားတယ်၊ ဒေါက်တာတို့အုပ်စုက ရှူဆေးပေးမှ ပြန်ပြီးသတိရလာတာ'

'ကျွန်မတော့ ကြောက်လွန်းလို့ မိုးမြန်မြန်လင်းချင်ပြီ'

'ဟုတ်ပါရဲ့ အစ်မရယ်၊ ဒီညကျမှ ညတာက ရှည်နေတယ်၊ မိုးကို မလင်းနိုင်ဘူး'

ထိုသို့ စကားပြောနေစဉ် အမျိုးသားအုပ်စုမှ···

'ကဲ··· အားလုံး သွားအိပ်ကြတော့'

'ကောင်းပြီဗျာ'

အားလုံး လူစုခွဲကာ ကိုယ့်အခန်းသို့ ပြန်သွားခဲ့ကြသည်။

❑ ❑ ❑



အခန်း(၆)

## မိုးကြိုးရဲ့ ကြမ္မာမိုင်း

မိုးသန္တာထက်မှာ အခန်းထဲသို့ ရောက်လာခဲ့သော်လည်း သူမ၏ မျက်စိထဲတွင် ခင်မာဝေနှင့် နှင်းပွင့်ကို၏ အလောင်းများကိုသာ မြင်တွေ့နေသဖြင့် ကြောက်လန့်ကာ မည်သို့မျှ အိပ်မပျော်ချေ။

'အင်း··· ဘယ်လိုမှလည်း အိပ်လို့မရပါလား၊ အခန်းထဲမှာ ငါတစ်ယောက်တည်း အခုလိုနေတုန်း မနှင်းပွင့်ဝိညာဉ်နဲ့ ဒေါ်ခင်မာဝေတို့ရဲ့ ဝိညာဉ်တွေဝင်လာရင် ဒုက္ခပါပဲ'

သူမမှာ တစ်ကိုယ်တည်း ကြောက်လန့်ကာ စောင်ကို ခေါင်းမြီးခြုံပြီး အိပ်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



'လုပ်ကြပါဦး၊ လုပ်ကြပါဦး'

စူးစူးဝါးဝါး အော်လိုက်သည့်အသံကြောင့် မိုးသန္တာထက် လန့်နိုးလာခဲ့သည်။ အခန်းအပြင်သို့ ထွက်ကြည့်လိုက်စဉ် အခြားအခန်းမှ လူများ အပြေးအလွှားထွက်လာသည်ကို တွေ့လိုက်ရသည်။

'ဘာဖြစ်လို့လဲ'

'ရေချိုးခန်းကို သွားကြည့်ပါလား'

သူမတို့အုပ်စု ရေချိုးခန်းဆီသို့ အပြေးကလေးသွားကြည့်ရာ ရေချိုးခန်းအပေါက်ဝတွင် ဦးခေါင်းမှ ဒဏ်ရာဖြင့် လဲကျနေသော ရဲကြပ်ကြီးချစ်ရွှေကို တွေ့လိုက်ရသည်။

ရဲကြပ်ကြီးချစ်ရွှေမှာ သွေးအိုင်ထဲတွင် လဲကျနေသဖြင့်...

'ဒေါက်တာ... ဒေါက်တာကို သွားခေါ်ပါဦး'

'ရဲကြပ်ကြီး အသက်မှရှိသေးရဲ့လား'

'ကြည့်ကြပါဦး'

ထိုသို့ပြောနေစဉ် ဒေါက်တာမင်းသက်ခိုင် ရောက်ရှိလာ





ပြီး ရဲကြပ်ကြီး၏ နှလုံးနေရာသို့ နားကျပ်နှင့် စမ်းသပ်ပြီးနောက်...

'အင်း... ရဲကြပ်ကြီးလည်း သေသွားပြန်ပြီ'

ဒေါက်တာက စိတ်မချမ်းသာစွာ ပြောလိုက်သည်။

ထို့နောက် ရေချိုးခန်းတံခါးကို ဖွင့်ကြည့်လိုက်သောအခါ...

'ဟာ... တရားခံမိုးကြိုး မရှိတော့ဘူး'

ရဲအရာရှိက ထိုသို့ပြောလိုက်သည်။ ထို့ကြောင့် ကိုဆန့်နီနှင့် ကိုအောင်နိုင်မှာ တရားခံအား လက်ထိတ်ခတ်ထားသည့် သံဘားတန်းအား ကြည့်လိုက်ရာ သံဘားတန်းမှာ ဝက်အူပြုတ်နေသည်ကို တွေ့လိုက်ရသည်။

'ဟုတ်ပါရဲ့... မိုးကြိုးတော့ ဒီမိုးသည်းကြီးထဲမှာ ထွက်ပြေးပြီ'

'အဲဒါမှ ကျုပ်တော့ ဒုက္ခပဲ၊ ဒီမိုးကြိုးဆိုတဲ့အကောင်ကို မနည်းဖမ်းလာခဲ့ရတာ၊ အခုတော့ တရားခံမိုးကြိုး မရှိတော့ဘူး၊ ထွက်ပြေးသွားပြီ'



www.burmeseclassic.com

www.burmeseclassic.com



ရဲအရာရှိ ဦးစိုးရွှေက ဤသို့ပြောလိုက်သည်။

သည်တွင် တည်းခိုခန်းပိုင်ရှင် ကိုဆန်နီက…

'ရဲကြပ်ကြီးတို့၊ နှင်းပွင့်တို့၊ ဒေါ်ခင်မာဝေတို့ကို သတ်တာ ဒီကောင်ဖြစ်မယ်ထင်တယ်'

ဟု ထင်ကြေးနှင့် ပြောလိုက်သည်။

ထိုစဉ် ရဲအရာရှိမှာ…

'တပ်အပ်မပြောင်ရတဲ့ အရာတစ်ခုကို ဒီလို တစ်ထစ်ချ ပြောလို့မရဘူး'

'ရဲကြပ်ကြီးကိုတော့ သူပဲသတ်တာဖြစ်မှာပါ'

'ကဲ… ဒီညတော့ တစ်မျိုးပြီးတစ်မျိုး မရိုးအောင်ဖြစ်နေပြီ'

'ဟုတ်ပါတယ် ဆရာ'

'တရားခံပြေးတစ်ယောက် လွတ်နေပြီဆိုတော့ ကျုပ်တို့ သတိဝီရိယနဲ့နေမှဖြစ်မယ်'

'ဟုတ်တယ် ဆရာ'

'ဒီကောင် ဝေးဝေးတော့ မပြေးနိုင်သေးဘူး၊ ဒီနား





ပတ်ဝန်းကျင်မှာပဲ ရှိနေဦးမှာပဲ၊ လောလောဆယ်တော့ ရဲကြပ်ကြီး အလောင်းကို ဓာတ်ပုံရိုက်ဦးမှပဲ'

ရဲကြပ်ကြီးမှာ မည်သည့်အချိန်က သွေးအိုင်ထဲတွင် သေဆုံးနေသည်မသိ။ တည်းခိုခန်းပိုင်ရှင် ကိုဆန်နီမှ တည်းခိုခန်း အတွင်း လှည့်ကြည့်စဉ် ရေချိုးခန်းအဝသို့ ရောက်လာရာမှ ထိုသူ၏အလောင်းကို တွေ့ခဲ့ခြင်းဖြစ်သည်။

ကိုဆန်နီက ထိုအလောင်းကိုတွေ့လျှင် တွေ့ချင်း လှမ်းအော်ပြောခဲ့သည်။ ကိုဆန်နီ၏ အသံကြားရမှ ရဲကြပ်ကြီး သေဆုံးကြောင်း သိခဲ့ရသည်။

'တောက်… မိုးကြိုး၊ မင်း ပြေးထားဦးပေါ့ကွာ၊ ငါ့တပည့်ကို သတ်တာမှန်ခဲ့ရင်တော့ မင်းဟာ ဥပဒေဘောင်အတွင်းက မလွတ်စေရဘူး'

ရဲအရာရှိက ဒေါသတကြီးဖြင့် ကြိမ်းဝါးလိုက်သည်။

ထိုစဉ် မိုးသန္တာထက်မှာ ပုံပျက်ပန်းပျက် သေဆုံးနေသော ရဲကြပ်ကြီးကိုကြည့်ပြီး ကြောက်ရွံ့စွာဖြင့် ခင်ဥမ္မာနိုင်ဘက်သို့လှည့်၍…



www.burmeseclassic.com

www.burmeseclassic.com



'အင်း… ဒီညတော့ ဝိညာဉ်တစ်ကောင် ထပ်တိုးပြန်ပြီ'

ဟု တုန်လှုပ်စွာပြောလိုက်ရာ ခင်ဥမ္မာနိုင်က…

'ဟုတ်တယ်နော်၊ တစ်ယောက်ပြီးတစ်ယောက် ဆက်တိုက်သေနေတာ ခုနစ်စဉ်တိုက်သေသလို ဖြစ်နေပြီ'

ထိုစဉ် ရဲအရာရှိက…

'တရားခံက လွတ်သွားပြီဆိုတော့ ကျုပ် လိုက်ရှာမှဖြစ်မယ်'

'ဟုတ်တယ်၊ ဒါဆိုရင် ကျွန်တော်လည်း ခင်ဗျားရဲ့ အဖော်အဖြစ် လိုက်ခဲ့မယ်'

ကိုအောင်နိုင်က ရဲအရာရှိကို ပြောလိုက်သည်။

ရဲအရာရှိက…

'ဟုတ်ပြီဗျာ၊ အဖော်ပါတော့ ကောင်းတာပေါ့'

ထိုသို့ပြောပြီး ဘောင်းဘီအိတ်ထဲမှ ခြောက်လုံးပြူးကို ထုတ်ကာ…

'ဒီကောင့်ကို သေနတ်နဲ့ မပစ်ချင်လို့ လက်ရဖမ်းခဲ့တာ၊





အခုတော့ သေနတ်သုံးမှဖြစ်တော့မယ်'

လက်ကိုင်ပဝါဖြင့် ခြောက်လုံးပြူးကိုသုတ်ပြီး အိတ်ထဲသို့ ပြန်ထည့်လိုက်သည်။

'ကဲ… ဒီမှာရှိတဲ့သူတွေကလည်း သတိဝီရိယနဲ့ နေကြဦး၊ ကျုပ်တို့လည်း တရားခံသွားဖမ်းလိုက်ဦးမယ်'

'ဟုတ်… ဟုတ်… ဟုတ်ကဲ့'

မိုးသန္တာထက်က ထိတ်ထိတ်လန့်လန့်နှင့် ပြန်ဖြေလိုက်သည်။

ရဲအရာရှိနှင့် ကိုအောင်နိုင်တို့နှစ်ဦးမှာ တည်းခိုခန်း၏ အနောက်ဘက်သို့ ထွက်ခွာသွားခဲ့ကြသည်။

'ကျုပ်တော့ တရားခံပြေးဟာ ဒီသင်္ချိုင်းထဲမှာပဲ ပုန်းနေမယ်ထင်တယ်'

'ဖြစ်နိုင်ပါတယ် ဆရာ'

'ဒီတော့ ခင်ဗျားလည်း လက်နှိပ်ဓာတ်မီးနဲ့ သေသေချာချာထိုးကြည့်နော်၊ ကျုပ်လည်း သေသေချာချာကြည့်မယ်'

'ဟုတ်ကဲ့ ဆရာ'



www.burmeseclassic.com

www.burmeseclassic.com



သူတို့နှစ်ဦးမှာ လက်နှိပ်ဓာတ်မီးတစ်လက်၊ သေနတ်တစ်လက်ဖြင့် သင်္ချိုင်းထဲသို့ဝင်လာခဲ့သည်။

သင်္ချိုင်းအဝင်ကသာ လမ်းကလေးသဖွယ်ရှိသော်လည်း အထဲရောက်သည်နှင့် သစ်ပင်အိုကြီးများ၊ အုတ်ဂူများ ပြိုကျနေသော မှတ်တိုင်များ၊ ချုံပုတ်များကြောင့် လမ်းပျောက်နေသည်။ သူတို့သည် ဤနေရာမှ စမ်းတဝါးဝါးလျှောက်ရင်း သင်္ချိုင်းအတွင်းသို့ ဝင်လာခဲ့သည်။

မိုးကား သဲမဲစွာ ရွာသွန်းနေဆဲ။

သည်မျှ မိုးကောင်းသည့်ညမျိုး မကြုံစဖူး။

သည်မိုးသည်းညတွင် ကြောက်မက်ဖွယ် လူသတ်မှုများနှင့် ကြုံတွေ့ရသလို တရားခံတစ်ယောက်ကလည်း ပြေးနေသည်။ သူသည် လူသတ်ကောင်လော၊ တရားခံစစ်စစ်လော။

ရဲအရာရှိဦးစိုးရွှေက ကိုအောင်နိုင်ကို အဖော်ပြုကာ သင်္ချိုင်းပတ်ဝန်းကျင်ကို ဖဲ့လာလိုက်သည်။

တစ်ချက်တစ်ချက် ချုံပုတ်များက လှုပ်သွားသည်။ လေပြင်းတိုက်လို့ လှုပ်တာလား။





'ကိုအောင်နိုင် ဟိုချုံပုတ်က လှုပ်သွားတယ်၊ တွေ့လိုက်လား'

'တွေ့ပါတယ် ဆရာ'

'လက်နှိပ်ဓာတ်မီးနဲ့ သေသေချာချာ ထိုးကြည့်စမ်းပါ'

'ဟုတ်ကဲ့'

လှုပ်သွားသော ချုံပုတ်ထဲကို လက်နှိပ်ဓာတ်မီးနှင့် ထိုးကြည့်သည်။

အရိပ်လား၊ သတ္တဝါတစ်ကောင်ကောင်လေလား သေသေချာချာကြည့်တော့ ဘာမှမရှိ။

'ဘာမှမရှိဘူး ဆရာ'

'ဒါဆိုရင် လေတိုက်လို့ဖြစ်လိမ့်မယ်'

'ဒီအထဲမှာရှိနိုင်တယ် ဆရာ'

'ဟုတ်တယ်၊ တရားခံဟာ နောက်ဖေးကပဲ ထွက်ပြေးတာဖြစ်မယ်၊ ဒီတော့ နောက်ဖေးပေါက်နဲ့ ဒီသင်္ချိုင်းနဲ့ ဆက်နေတာဖြစ်လို့ ဒီသင်္ချိုင်းထဲ မပြေးလို့ ဘယ်ပြေးမလဲ'

'ဟုတ်တယ် ဆရာ'



www.burmeseclassic.com

www.burmeseclassic.com



'ဒါဆို ဒီသင်္ချိုင်းကြီးအတွင်းထဲရောက်အောင် လိုက်ရှာမှပဲ'

ရဲအရာရှိ ဦးစိုးရွှေက စိတ်မလျှော့ပေ။

သူ့တွက်ကိန်း မှန်သည်ဟု ထင်သည့်အတွက် ဆက်ပြီးရှာဖွေဖို့ စိတ်စောနေသည်။

သင်္ချိုင်းအတွင်းသို့ တိုး၍ဝင်လာသောအခါ စူးစူးဝါးဝါး အပုပ်နံ့ကြီးကို ရှူရှိုက်လိုက်ရသည်။ ကိုအောင်နိုင်မှာ နှာခေါင်းကို ပိတ်ကာ…

'ဆရာ ပုပ်စော်နံလိုက်တာ အရမ်းပဲ'

'ဟုတ်တယ်ဗျာ၊ ဒီကောင်တွေ အလောင်းကို တွင်းနက်နက်မတူးဘူးနဲ့တူတယ်'

'ဟုတ်မယ် ဆရာ၊ ပုပ်နေတဲ့အလောင်းပေါ်ကို မိုးရေကျတော့ အပုပ်နံ့ လှိုင်လှိုင်ထွက်လာပုံရတယ်'

ထိုသို့ပြောရင်း လမ်းမရှိသည့်အတွက် ဟိုချုံပုတ်ကိုရှောင် သည်ချုံပုတ်ကိုရှောင်၍ သိုင်းကွက်နင်းကာ ရှာဖွေခဲ့ပါသည်။





ထိုစဉ် ကိုအောင်နိုင်မှာ…

'အမလေး…'

'ဘုန်း…'

တစ်စုံတစ်ခုကို ခလုတ်တိုက်ကာ ဓာတ်မီးတခြား၊ လူတခြား မှောက်ရက်လဲကျသွားပါတော့သည်။

'ကိုအောင်နိုင်… ကိုအောင်နိုင်'

'ခင်ဗျာ'

'ဘာဖြစ်တာလဲ'

'ခဲလုံးကို ခလုတ်တိုက်မိလို့နဲ့ တူတယ်'

'ရော့… ဒီမှာ ခင်ဗျား လွှတ်ကျသွားတဲ့ ဓာတ်မီး'

ဒုရဲအုပ်စိုးရွှေက လက်နှိပ်ဓာတ်မီး လှမ်းပေးသဖြင့် ခလုတ်တိုက်သည့်နေရာသို့ ဓာတ်မီးနှင့် လှမ်းထိုးကြည့်ရာ…

'အောင်မလေးဗျ'

ကိုအောင်နိုင်မှာ အလွန်အမင်း လန့်ဖျပ်ကာ တအားကုန်အော်လိုက်သည်။

'ဘာဖြစ်လို့လဲ ကိုအောင်နိုင်'



www.burmeseclassic.com

www.burmeseclassic.com



'ဟောဟိုမှာ'

ကိုအောင်နိုင် ညွှန်ပြရာသို့ ကြည့်လိုက်ရာ လူဦးခေါင်းခွံ အရိုးကြီးတစ်လုံး။

ထိုအထဲတွင် မြွေဟောက်တစ်ကောင်က ဝင်ခွေနေပြီး ကိုအောင်နိုင်က ခလုတ်တိုက်သည့်အတွက် မျက်လုံးပေါက်ထဲမှ မြွေဟောက်က ပါးပျဉ်းထောင်နေသည်။

ထိုအရိုးခေါင်းနှင့် မြွေဟောက်ကိုကြည့်ကာ ကိုအောင်နိုင်မှာ အလွန်အမင်း လန့်သွားခဲ့သည်။

လန့်မည်ဆိုလည်း လန့်စရာပင်။

မြွေဟောက်၏ပေါက်ချက် ထိမှန်ပါက တုံးခနဲသေသွားနိုင်သည်။

ဒုရဲအုပ်စိုးရွှေက...

'ကိုအောင်နိုင် အမြန်နောက်ဆုတ်'

ဟု ပြောရင်း သူ့ကို လှမ်းဆွဲလိုက်သည်။

'တော်သေးတာပေါ့ ကိုအောင်နိုင်ရယ်၊ မြွေသာပေါက်လိုက်ရင်တော့ ဒုက္ခပဲ'





'ဟုတ်တယ် ဆရာ၊ မြွေသာပေါက်လိုက်လို့ကတော့ ဒေါ်ခင်မာဝေတို့၊ မမနှင်းပွင့်တို့နောက်ကို ဗီဇာမလိုဘဲ ရောက်သွားနိုင်တယ်'

'အေးဗျာ... ဟိုအရိုးခေါင်းကြီးကလည်း တစ်မျှော်'

'ကျွန်တော်လည်း အရိုးခေါင်းကြီးနဲ့ မြွေဟောက်ကိုမြင်ပြီး တော်တော်လန့်သွားတယ်'

ထိုစဉ် ခပ်လှမ်းလှမ်းမှာ အရိပ်မည်းကြီးတစ်ခုကို ရိပ်ခနဲလှမ်းတွေ့လိုက်ရသည်။

'ဟော... ဟိုမှာ အရိပ်မည်းကြီးတစ်ခု'

'ဟုတ်ပြီ၊ ဒါဆိုရင် ဟိုကောင် မိုးကြိုးပဲဖြစ်မယ်'

ကိုအောင်နိုင်က အနီးရှိ သစ်ချောင်းတစ်ချောင်းကို ကောက်ကိုင်ကာ ဒုရဲအုပ်စိုးရွှေ၏ နောက်က လိုက်ခဲ့သည်။

နှစ်ယောက်သားမှာ ကျားချောင်းသလို တရွေ့ရွေ့သွားခဲ့သည်။ ချုံပုတ်များကို ကွေ့ပတ်ကာ ခြေဖော့၍သွားစဉ်...

တောင်ဘက်ရှိ သစ်ပင်ကြားက ခပ်မည်းမည်းအရာဝတ္ထုလှစ်ခနဲ လျှပ်ရှားသွားသည်။



www.burmeseclassic.com

www.burmeseclassic.com



သည်ဘက်မှာလည်း မည်းမည်းအရိပ်သဏ္ဍာန်တစ်ခု။

တောင်ဘက်မှာလည်း လှုပ်ရှားမှု ဖျတ်ခနဲ။

ထိုစဉ် လေပြင်းတစ်ချက်တိုက်ခတ်သွားသဖြင့် သစ်ကိုင်းများ၏ လှုပ်ရှားသံက တဝုန်းဝုန်း၊ သစ်ကိုင်းများကလည်း မညီမညာ လှုပ်ရှားနေသည်။

ဟိုနေရာကြည့်သော်လည်း မည်းမည်းအရိပ်သဏ္ဍာန် ဖျတ်ခနဲ ပေါ်လာသည်။ သည်နေရာကြည့်လိုက်စဉ်မှာလည်း အရိပ်မည်းမည်း။

သည်လို ချောက်ချားဖွယ်ရာအတိနှင့် ရင်သိမ့်တုန်ဖွယ်ရာ ဖြစ်ရပ်များကြောင့် တစ္ဆေတွေမြူးနေသည့်အလား ထင်မှတ်ကာ ကိုအောင်နိုင်မှာ လွန်စွာကြောက်လန့်နေမိသည်။

ဤတွင် ကိုအောင်နိုင်က ဒုရဲအုပ် ဦးစိုးရွှေအား အနားကပ်ကာ...

'ဆရာ တရားခံက တစ်ယောက်တည်းမဟုတ်လား'

'ဟုတ်တယ်လေ၊ ဘာဖြစ်လို့လဲ'

'ကျွန်တော် တွေ့နေတာ နှစ်ယောက်ဖြစ်နေသလိုပဲ၊





ဟိုဘက်နားမှာလည်း အရိပ်တွေ့တယ်၊ ဒီဘက်နားမှာလည်း အရိပ်၊ ဟို... ဟိုမှာ'

'ဘာဖြစ်တာလဲ ကိုအောင်နိုင်'

'ဟိုဘက်က အုတ်ဂူနားက ချုံပုတ်ကြီးကလည်း လှုပ်နေတယ်'

ထိုစဉ် လေပြင်းတစ်ချက်အဝှေ့တွင် သစ်ပင်ပေါ်မှ ကျီးကန်းတချို့မှာ...

'အား...'

'အား...'

'အား...'

'ဖလပ်... ဖလပ်...'

လန့်ဖျပ်ကာ ထပြန်သွားရာ ခပ်နိမ့်နိမ့်ပျံသည့် ကျီးကန်းတို့၏ အတောင်ပံနှင့် ကိုအောင်နိုင်၏ မျက်နှာကို ရိုက်လိုက်သဖြင့် လွန်စွာလန့်ဖျပ်သွားကာ...

'ဆရာ ကျီးကန်းတွေ မကောင်းဆိုးဝါးကို မြင်တယ်နဲ့ တူတယ်၊ ကျီးပြုနေပြီ ဆရာရဲ့'



www.burmeseclassic.com

www.burmeseclassic.com



ကိုအောင်နိုင်တို့ ရွာဓလေ့တွင် ညအချိန်မတော် ကျီးကန်းများထပျံလျှင် ကျီးပြိုသည်ဟု အဆိုရှိသည့်အတွက် ဤသို့ပြောလိုက်သည်။

ထိုစဉ် ချုံပုတ်များထဲမှ လှုပ်ရှားသံတစ်ခုကို ကြားလိုက်ရသည်။

'ဆရာ ဟိုနားကချုံပုတ်က လှုပ်နေတယ်၊ လူတစ်ယောက် ချုံတောတိုးသလို အသံကြားရတယ်'

'အေး… ငါလည်း ကြားတယ်၊ မဟုတ်မှလွဲရော၊ အဲဒီချုံပုတ်ထဲမှာ မိုးကြိုးရှိနေတာ အမှန်ပဲဖြစ်မယ်'

'ဒါဆို ဘယ်လိုလုပ်ကြမလဲ ဆရာ'

'မင်း သတ္တိရှိရင် အဲဒီချုံပုတ်ထဲကို ခုန်ဝင်ပြီး လက်ရဖမ်းလေ၊ မင်းကို ငါ ဆုငွေပေးမယ်'

'ဒါတော့ မဖြစ်ဘူး ဆရာ၊ မတော်တဆ သူ့လက်ထဲမှာ အုတ်ရှိနေမှဖြင့် ကျွန်တော်ပါ ရဲကြပ်ကြီးချစ်ရွှေနောက်ကို လိုက်နေရဦးမယ်'

'အေး… မင်းပြောတာလည်း ဖြစ်နိုင်တယ်ကွ၊ မိုးကြိုး





က တအားရုန်းပြီး သံဘားတန်းကို ချိုးလိုက်ပုံရတယ်၊ ရေချိုးခန်းထဲမှာ အသံတွေကြားရလို့ ရဲကြပ်ကြီးက ရေချိုးတံခါးကို ဖွင့်အကြည့်မှာ မိုးကြိုးက ရေချိုးခန်းထဲမှာထားတဲ့ အဝတ်လျှော်တဲ့ လက်ရိုက်တုတ်နဲ့ ဆော်ထည့်လိုက်ပုံရတယ်'

'ဟုတ်မယ် ဆရာ၊ လက်ဆက တော်တော်ပြင်းသွားလို့ ဦးခေါင်းအုပ်ခွံကွဲပြီးသေတာ ဖြစ်မယ်'

'ဒါကြောင့် ဒီကောင့်လက်ထဲမှာ တုတ်ပါဖို့များတယ်'

'ဆရာရေ… ဒါဆို ဘယ်လိုလုပ်ကြမလဲ'

'နေဦး… ကျုပ် စဉ်းစားလိုက်ဦးမယ်'

ထိုသို့ပြောနေစဉ် ထိုချုံပုတ်ကြီးထဲမှ ခပ်သွက်သွက်လှုပ်ရှားလှုသဖြင့်…

'ဆရာ ချုံပုတ်ကြီးက တော်တော်လှုပ်နေပြီ'

'ဟုတ်တယ်၊ မိုးကြိုးတော့ ဒီချုံပုတ်ထဲက ထွက်ပြေးဖို့ လုပ်နေတယ်နဲ့တူတယ်'

'ဒါဆို မဖြစ်ဘူး၊ ကျုပ်တို့က လက်ဦးမှုရယူမှဖြစ်မယ်'

'ဟုတ်တယ် ဆရာ'



www.burmeseclassic.com

www.burmeseclassic.com



'ကဲ… ကျုပ်တို့ ဒီလောက်ဒုက္ခပေးလှတဲ့ မိုးကြိုး သေပေတော့'

'ဒိုင်း…'

'ဒိုင်း…'

'ဒိုင်း…'

ချုံပုတ်ထဲသို့ သေနတ်ဖြင့် သုံးချက်ဆင့်ပြီး ပစ်လိုက်ရာ ချုံပုတ်ထဲမှ မည်းမည်းကောင်ကြီးတစ်ကောင် ခုန်ထွက်လာခဲ့သည်။

'ဟော… ဟော… ဟိုမှာ မည်းမည်းကောင်ကြီး'

'လက်နှိပ်ဓာတ်မီးနဲ့ သေသေချာချာထိုးပါကွ'

'ဟာ… ကုန်းကုန်းကြီးပြေးနေပြီ'

'ဒဏ်ရာရသွားလို့ ဖြစ်မယ်'

'လိုက် ဆရာရေ၊ လိုက်…'

ထိုသို့ဖြင့်…

'ဝုတ်…'

'ဝုတ်…'



BURMESE CLASSIC .com



'ဝုတ်…'

ဟူ၍ အော်သံပေးကာ ကြောက်လန့်တကြား ကဆုန်ပေါက်၍ ပြေးမှ။

'လက်စသတ်တော့ အင်းခွေးကြီးကိုး'

လက်နှိပ်ဓာတ်မီးနှင့် ထိုးကြည့်မှ အင်းခွေးကြီးဖြစ်နေမှန်း သိပါတော့သည်။

'ဟင်း… မိုးကြိုးမှတ်လို့ လိုက်လိုက်ရတာ အင်းခွေးနဲ့တိုးနေပြီ'

'ဟုတ်ပါရဲ့ ဆရာရယ်၊ အပြေးလိုက်ရတာ ဖတ်ဖတ်ကိုမောနေတာပဲ'

သည်ညအဖို့ မိုးထဲလေထဲ ခေမးတွေရှုံ့ဆိုသလို ဆရာတပည့်နှစ်ယောက်စလုံးတွင် ချွေးတွေလား၊ မိုးရေစက်တွေလား မခွဲနိုင်အောင် စိုရွှဲနေသည်။

'ကဲ… ကိုအောင်နိုင်ရေ၊ တည်းခိုခန်းကို ပြန်ကြစို့'

'ဟုတ်ကဲ့ပါ ဆရာ'

သူတို့နှစ်ဦးသည် ချုံပုတ်များပြည့်နှက်နေသည့် သချိုင်း



www.burmeseclassic.com

www.burmeseclassic.com



မှ ပြန်ထွက်လာခဲ့ကြသည်။ လမ်းမရှိ၍ ချုံပုတ်များကိုဖယ်ရှား ရင်း ချုံတောတိုးလာခဲ့ရာ သင်္ချိုင်းမြေ၏ အလယ်လောက်သို့ အရောက်တွင်…

'အား…'

ဟူသည့် အမျိုးသမီးတစ်ယောက်၏ စူးရှသောအော်သံ ကို ကြားလိုက်ရပါတော့သည်။

❑ ❑ ❑



အခန်း(၇)

## တစ္ဆေလေလား စိုးတဝါး

'အား…'

ညဉ့်နက်နက် မှောင်မည်းမည်း မိုးသည်းထန်စွာ ရွာသွန်း နေသည့် အကာလညအခါတွင် အမျိုးသမီးတစ်ဦး၏ စူးရှသော အော်သံကို သူတို့နှစ်ဦး ကြားလိုက်ရသည်။

'ကိုအောင်နိုင်'

'ဗျာ…'

'တည်းခိုခန်းမှာ တစ်ခုခုထပ်ဖြစ်ပုံရတယ်'

'ဟုတ်မယ် ဆရာ၊ အမျိုးသမီးတစ်ဦးဟာ ကြောက်လန့် ဖွယ်တစ်ခုခုနဲ့ ကြုံတွေ့လို့ အော်တာဖြစ်မယ်'



www.burmeseclassic.com

www.burmeseclassic.com



'ဖြောက်…'

ရဲအရာရှိက လက်ဖျောက်တစ်ချက်တီးပြီး…

'ကျုပ် သိပြီ၊ တရားခံက ဒီနောက်ဖေးလောက်မှပဲ ပုန်းနေတာဖြစ်မယ်၊ ကျုပ်တို့ သင်္ချိုင်းထဲဝင်တဲ့အချိန်မှာ သူက တည်းခိုခန်းထဲဝင်ပြီး ကောင်မလေးတစ်ယောက်ယောက်ကို လည်ပင်းညှစ်သလား မသိဘူး'

'ဟုတ်မယ် ဆရာ'

'ဒါဆိုရင် ကျုပ်တို့ တည်းခိုခန်းကို အမြန်ဆုံးပြေးကြစို့'

သူတို့နှစ်ဦးမှာ ချုံပုတ်များကို ကျော်လွှားပြီး ပြေးခဲ့ကြသည်။ ဖြစ်ချင်တော့ သင်္ချိုင်းမြေက မညီမညာ ဗွက်တွေ၊ ချိုင့်တွေရှိသည်။

ကိုအောင်နိုင်က ခုန်ကျော်သကဲ့သို့ ရဲအရာရှိကလည်း ခုန်ကျော်လိုက်သည်။

ကိုအောင်နိုင်မှာ မမြင်မကန်းနှင့် ခုန်ကျော်ရာ ချိုင့်ခွက်ထဲသို့ ခြေထောက်ကျပြီး အရှိန်မထိန်းနိုင်ဘဲ…

'ဗိုင်း…'



BURMESE CLASSIC .com



'ဗွမ်း…'

ဗိုင်းဟူသော အသံဖြင့်အတူ ရွှံ့ရေအိုင်အတွင်း မှောက်လျက်လဲကာ ဓာတ်မီးတခြား လူတခြား ဖြစ်သွားပါတော့သည်။ သူ၏တစ်ကိုယ်လုံးနှင့် မျက်နှာတွင် ရွှံ့များပေပေသွားခဲ့သည်။

သည်တွင် ရဲအရာရှိက လက်နှိပ်ဓာတ်မီးကို လှမ်းကောက်ပြီး မီးထိုးလိုက်ရာ ရွှံ့ဗွက်ထဲတွင် မှောက်လျက်လဲနေသည့် ကိုအောင်နိုင်ကို တွေ့ရှိခဲ့ရသည်။

'ကိုအောင်နိုင် ထ…၊ ထ…'

သူက ဆွဲထူမှ ကိုအောင်နိုင်မှာ ထနိုင်လာခဲ့သည်။ သို့သော် ခြေထောက်ခေါက်လဲထားသည့်အတွက် ခြေထောက်ထော့နင်း ထော့နင်းဖြင့် နောက်ကလိုက်ခဲ့သည်။

'ကဲ… ကိုအောင်နိုင်၊ ကျုပ်က အရင်ဆုံး တည်းခိုခန်းဆီကို ပြေးသွားလိုက်ဦးမယ်'

'ကောင်းပါပြီဗျာ'

ထိုသို့ပြောပြီး ရဲအရာရှိက တည်းခိုခန်းဆီသို့ ရောက်အောင် အမြန်ဆုံးပြေးသွားခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



ကိုအောင်နိုင်ကလည်း နောက်မှ ထော့နင်း ထော့နင်းနှင့် လိုက်လာခဲ့သည်။

ရဲ့အရာရှိသည် သစ်ချိုင်း၏ အဝင်အဝသို့အရောက်တွင် လဲကျနေသော အမျိုးသမီးတစ်ယောက်ကို တွေ့လိုက်ရပြီး အရိပ်မည်းသဏ္ဍာန်တစ်ခုမှာ အတော်လှမ်းလှမ်းရှိ အမှောင်ရိပ်အတွင်းသို့ ပြေးသွားသလို မသဲမကွဲ တွေ့လိုက်ရသည်။

'ကိုအောင်နိုင်ရေ ဒီအမျိုးသမီးကို ကြည့်ထားလိုက်၊ ကျုပ်တော့ အရိပ်လိုထင်တဲ့ဘက်ကို သွားကြည့်ဦးမယ်'

'ဟုတ်… ဟုတ်ကဲ့ ဆရာ'

ကိုအောင်နိုင်က ကြောက်ကြောက်လန့်လန့်ဖြင့် လဲကျနေသော အမျိုးသမီးအနားတွင် ရပ်နေစဉ် တည်းခိုခန်းနောက်ပေါက်မှ အပြေးထွက်လာသော ကိုဆန်နီက…

'အမလေး… သရဲ၊ သရဲဗျ'

ဟူ၍ အလန့်တကြား အော်ဟစ်လိုက်သဖြင့် ကိုအောင်နိုင်မှာ လဲကျနေသော အမျိုးသမီးကို တစ်လှည့်၊ အမှောင်ဘက်သို့ တစ်လှည့်ကြည့်ကာ လွန်စွာစိတ်ချောက်ချားပြီး…





'သ… သ… သရဲ… သရဲက… ဘယ်… ဘယ်မှာလဲ'

အထစ်ထစ် အငေါ့ငေါ့ဖြင့် မေးလိုက်ရာ ကိုဆန်နီက လက်နှိပ်ဓာတ်မီးနှင့် ကိုအောင်နိုင်၏မျက်နှာအား ထိုးကြည့်ပြီး…

'အမလေး… ကိုအောင်နိုင်ကြီးကို ကျွန်တော်က သရဲမှတ်လို့ ဒီတုတ်နဲ့ရိုက်မလို့'

ထိုသို့ပြောပြီး တုတ်ကြီးကိုပြလိုက်ရာ ကိုအောင်နိုင်မှာ ဒေါပွသွားပြီး…

'ကျွန်တော့်ကို သရဲလို့ပြောရအောင် ကျွန်တော့်ရဲ့ရုပ်က သရဲနဲ့တူနေလို့လား'

ထိုသို့မေးလိုက်ရာ ကိုဆန်နီက…

'စိတ်မရှိပါနဲ့ ကိုအောင်နိုင်ရယ်၊ ခင်ဗျားရဲ့ မျက်နှာရော တစ်ကိုယ်လုံး ရွှံ့တွေလူးနေပြီး မှောင်မှောင်မည်းမည်းထဲမှာ ရပ်နေတော့ သရဲလို့ထင်တာပေါ့'

ဤသို့ ရှင်းပြခဲ့သည်။

သို့သော် ကိုအောင်နိုင်က လုံးဝမကျေနပ်ဘဲ…



www.burmeseclassic.com

www.burmeseclassic.com



'နေစမ်းပါဦး၊ ကျုပ်ရဲ့ရုပ်က ဒီလောက်တောင် ရုပ်ဆိုး သသွားပြီလား'

ထိုသို့ပြောနေစဉ် တည်းခိုခန်း၏ အနောက်ပေါက်မှ...

'လုပ်ကြပါဦးဗျာ၊ ကျွန်တော့်မိန်းမ ပျောက်သွားလို့'

ဟူသော အသံတစ်သံကို ကြားလိုက်ရသည်။

'ဟော... အဲဒါ ကြင်စဦးဇနီးမောင်နှံက အမျိုးသားရဲ့ အသံပဲ'

'ဟုတ်တယ်၊ ကြင်စဦးမောင်နှံက ကိုမင်းနိုင်ရဲ့ အသံနဲ့ တူတယ်'

'ဒါဆိုရင် ဒီမှောက်ရက်လဲကျနေတဲ့ အမျိုးသမီးက အဲဒီ လူရဲ့ မိန်းမဖြစ်မယ်နဲ့တူတယ်'

'ကဲ... ဒါဆို ပက်လက်လှန်ပြီး ကြည့်လိုက်ရမလား'

'မဖြစ်သေးဘူး... ရဲအရာရှိ လာအောင်စောင့်မှဖြစ် မယ်'

ထိုသို့ နှစ်ဦးသား ပြောပြီးနောက်...

'ကိုမင်းနိုင်ရေ... ဒီမှာ ခင်ဗျားမိန်းမနဲ့တူတယ်'





ဟု အော်ပြောလိုက်ရာ ကိုမင်းနိုင်က...

'လာပြီ... လာပြီ... အချစ်ရေ မောင်လာပြီ'

ဟု အော်ဟစ်ပြီး အပြေးလာခဲ့သည်။

ကိုမင်းနိုင်က ၎င်းတို့နှစ်ဦးသားအနီးသို့အရောက်တွင် မှောက်ရက်လဲကျနေသော အမျိုးသမီးအား မမြင်ဘဲ ကိုအောင်နိုင် ၏ ရွံ့ပေနေသော မျက်နှာကြီးကိုကြည့်ကာ...

'အမလေး... ဘာကောင်ကြီးလဲ'

ဟူ၍ ထိတ်လန့်စွာ အော်ဟစ်လိုက်သည်။

သည့်တွင် ကိုဆန်နီက...

'ကိုမင်းနိုင်ရေ... သိပ်လန့်မသွားနဲ့ဦး၊ အဲဒါ ကိုအောင် နိုင် ရွှံ့ဗွက်ထဲမှာ မှောက်ရက်လဲလာလို့ သရဲနဲ့တူနေတာ၊ ခင်ဗျား ကြည့်ရမှာက ဟိုရှေ့မှာ မှောက်ရက်လဲနေတာ ခင်ဗျားမိန်းမလား'

ပြောပြောဆိုဆို လက်နှိပ်ဓာတ်မီးနှင့် မီးထိုးပြလိုက်ရာ...

'အမလေး... အချစ်... အချစ် ဘယ်လိုဖြစ်တာလဲ၊ ခေါင်းမှာလည်း သွေးတွေနဲ့၊ အမလေး... မှောက်ခုံကြီးလဲနေပါ လား၊ ဘယ်သူရိုက်သွားတာတုန်း၊ ဖြစ်မှဖြစ်ရပလေ အချစ်ရယ်'



www.burmeseclassic.com

www.burmeseclassic.com



'ကိုမင်းနိုင် ခင်ဗျား ဘာတွေလျှောက်အော်နေတာလဲ၊ ခင်ဗျား မိန်းမဆိုရင် ဆွဲထုလိုက်လေ'

'အမလေး… ကျုပ်က ကြောက်တတ်တယ်ဗျ၊ သူ့ကို မကိုင်ရဲဘူး၊ ခေါင်းမှာလည်း သွေးတွေနဲ့၊ သေများသေပြီလား မသိဘူး'

'မသေနိုင်ပါဘူးဗျာ'

'ဒါဆိုရင် ကျုပ်ကို စိတ်ဆိုးပြီး မှောက်ခုံကြီးလုပ်နေ သလား မသိဘူး'

'ခေါင်းကဒဏ်ရာကရောဗျာ'

'အင်း… ဟုတ်ပါရဲ့၊ ကျုပ်မိန်းမကို ဘယ်သူက ရိုက် လိုက်တာလဲ'

ထိုသို့ပြောနေစဉ် လက်နှိပ်ဓာတ်မီး တဝင်းဝင်းထိုးရင်း အပြေးလာသူက ဒုရဲအုပ် ဦးစိုးရွှေ။

သူက ခပ်ဝေးဝေးကပင်…

'ဟေ့လူတွေ… ဘာဖြစ်နေတာတုန်း'

ဟူ၍ လှမ်းမေးလိုက်ရာ ကိုမင်းနိုင်က…





'ရဲအုပ်ကြီး အမြန်လာပါဦး၊ ကျွန်တော့်မိန်းမ ခေါင်းမှာ ဒဏ်ရာနဲ့ မှောက်ရက်ကြီးလဲနေလို့'

'ဟင်… ဘာဖြစ်ပြန်ပြီလဲ'

'ဒီတစ်ညလုံး ဘာတွေဖြစ်နေမှန်းမသိဘူး'

ကိုဆန်နီက တုတ်ကြီးတယမ်းယမ်းနှင့် ပြောလိုက်သည်။

ဤတွင် ဒုရဲအုပ် စိုးရွှေက လက်နှိပ်ဓာတ်မီးနှင့် ထိုး ကြည့်ပြီး သူမကို ပက်လက်လှန်လိုက်သည်။

ထို့နောက် အသက် ရှူ၊ မရှူကို စမ်းသပ်ကြည့်ပြီး နောက်…

'ကိုမင်းနိုင် ခင်ဗျားမိန်းမတော့ သေရှာပြီ'

ဟု ခပ်လေးလေးပြောလိုက်သည်။

ထိုစကားသံကို ကြားလိုက်ရသော ကိုမင်းနိုင်မှာ ၎င်း၏ အနီးတွင် ဗုံးတစ်လုံးကပ်ပြီး ပေါက်ကွဲသွားသည့်အလား ပြင်းထန် စွာခံစားရကာ…

'ဗျာ… အချစ် သေပြီ ဟုတ်လား၊ ဟုတ်ရဲ့လားဗျာ'

ဟု လှမ်းမေးလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



သည်တွင် ဒုရဲအုပ် စိုးရွှေက…

'ကိုမင်းနိုင်… ကျုပ်လည်း စိတ်မကောင်းပါဘူးဗျာ၊ ခင်ဗျားမိန်းမက နောက်စေ့ကို တုတ်နဲ့အရိုက်ခံရပုံရတယ်၊ အဲဒီဒဏ်ရာနဲ့ပဲ သေဆုံးတာဖြစ်မယ်'

ဤသို့ပြောလိုက်ရာ ကိုမင်းနိုင်က တုတ်ကိုင်ထားသော ကိုဆန်နီဘက်သို့ လှည့်ကြည့်ကာ…

'ခင်ဗျား ကျုပ်မိန်းမကို ဒီတုတ်နဲ့ ရိုက်သတ်လိုက်တာ မဟုတ်လား'

'ဒုံး…'

ထိုသို့ ပြောပြောဆိုဆို ကိုဆန်နီကို ထိုးချလိုက်ရာ ကိုဆန်နီမှာ တုတ်တခြား လူတခြားဖြစ်ကာ မြေကြီးပေါ်သို့ လျှသွားပါတော့သည်။

ထို့နောက် ကိုမင်းနိုင်က ဒေါသတကြီးဖြင့် ထပ်မံထိုးမည်ပြုရာ ကိုအောင်နိုင်နှင့် ဒုရဲအုပ်စိုးရွှေက အတင်းဆွဲထားပြီး…

'ကိုမင်းနိုင် မလုပ်ပါနဲ့၊ စိတ်ကို အေးအေးဆေးဆေးထားပါ'





'ဒီလူက ကျုပ်မိန်းမနဲ့ ရန်ဖြစ်ပြီး တိတ်တိတ်ချောင်း ရိုကင်တာ၊ ဒါကြောင့် ကျုပ်မိန်းမ သေရတာ၊ ခင်ဗျားကို ကမ္ဘာကျေတောင် ဥဒါန်းမကျေဘူး'

ကိုမင်းနိုင်မှာ နှစ်ယောက်သား အတင်းဆွဲထားသည့်ကြားမှ အရူးတစ်ယောက်လို အော်ဟစ်ရုန်းကန်နေသည်။

'ငါ့မိန်းမကိုသတ်တာ မင်းပဲ၊ မင်းကိုသတ်မယ်'

ဟူ၍ အော်ဟစ်နေပါတော့သည်။

'ကိုမင်းနိုင် သူသတ်တယ် မသတ်ဘူးဆုတာ ကျုပ်သေသေချာချာ စစ်ဆေးပေးပါ့မယ်၊ ဒီလောက် အော်မနေပါနဲ့'

'အော်ရမယ်၊ ဒီကောင့်ကို ကျုပ် မကျေနပ်ဘူး'

'ဒီကောင်က နှာဘူးဗျ'

ထိုသို့အစချီကာ ခင်ဥမ္မာနိုင်နှင့် စကားများသည့်အကြောင်းကို ရှင်းပြခဲ့သည်။

ထိုနေ့ညက ကိုမင်းနိုင်နှင့် ခင်ဥမ္မာနိုင်တို့နှစ်ဦးသားငါးဝပ်မီးသီးကလေးကို ထွန်းပြီး အိပ်ခဲ့သည်။ ကိုမင်းနိုင်က ကားမောင်းလာသူဖြစ်၍ မောမောနှင့် တခေါခေါဟောက်ကာ အိပ်မောကျနေသည်။



www.burmeseclassic.com

www.burmeseclassic.com



ခင်ဥမ္မာနိုင်မှာ ဒေါ်ခင်မာဝေနှင့် နှင်းပွင့်တို့ အသတ်ခံရပြီး သေဆုံးသွားသည့် အလောင်းများကို မျက်စိထဲတွင် တရေးရေးမြင်ပြီး မည်သို့မျှ အိပ်၍မရပေ။

'ချောက်...'

'ချောက်...'

'ချောက်...'

ကြွက်သံလေလား၊ လေတိုးသံလား။

ဒါမှမဟုတ် ဝိညာဉ်များ၏ မရဏတံခါးခေါက်သံလား။

'အင်း... ဒေါ်ခင်မာဝေတို့ နှင်းပွင့်တို့ရဲ့ ဝိညာဉ်တွေကပဲ ခြောက်လှန့်နေတာလား၊ လေတိုက်ပြီး တံခါးကို တစ်ခုခုနဲ့ ရိုက်တဲ့အသံလား'

ခင်ဥမ္မာနိုင်မှာ ကြောက်လွန့်လွန်း၍ ဟိုဟိုသည်သည် ကြည့်နေမိသည်။

'အင်း... ကြောက်ပါတယ်ဆိုမှ သူကတော့ တခေါခေါနဲ့ အိပ်နေလိုက်တာ၊ အခုနေသာ သရဲခြောက်လို့ကတော့ ငါပဲသေမှာ၊ သူကတော့ သိမှာမဟုတ်ဘူး'





ထိုစဉ် မှန်ပြတင်းသို့ လှမ်းအကြည့် အရိပ်မည်းကြီးတစ်ခုကို ဖျတ်ခနဲ တွေ့လိုက်ရသည်။

'အမလေး... မည်းမည်းကြီး ဒေါ်ခင်မာဝေရေ၊ အမျှ... အမျှ... အမျှ...'

'ကျွန်မကို မခြောက်ပါနဲ့၊ ကျွန်မက ကြောက်တတ်တယ်၊ အဟီး... ဟီး...'

ခင်ဥမ္မာနိုင်က ကြောက်လွန်းလှသဖြင့် ပြောမိပြောရာ ပြောနေမိသည်။ သူမ၏ ခင်ပွန်းသည် ကိုမင်းနိုင်မှာ အအိပ်အလွန်ကြီးပြီး အိပ်ပျော်သွားလျှင် တော်တော်နှင့်နိုးမရပေ။

'အင်း... အခုချိန်မှာ ဝိညာဉ်တစ်ခုခုက ခြောက်လှန့်ရှိတောင် ငါ့ယောကျ်ားက နိုးမှာမဟုတ်ဘူး၊ ငါကသာ လန့်ပြီးသေရင် သေနိုင်တယ်'

ထိုသို့ ကြောက်ရွံ့ထိတ်လန့်စွာဖြင့် တွေးမိတွေးရာ တွေးနေစဉ် မျက်နှာကြီးကဲ့သို့သော သဏ္ဍာန်တစ်ခုကို မှန်ပြတင်းတံခါးမှ မြင်တွေ့လိုက်ရာ မည်သို့မျှ မတားဆီးနိုင်တော့ဘဲ ကြောက်လန့်စွာဖြင့်...



www.burmeseclassic.com

www.burmeseclassic.com



'မောင်ရေ… မောင်ရေ၊ ထပါဦး'

အိပ်ပျော်နေသော ခင်ပွန်းသည် ကိုမင်းနိုင်ကို လှုပ်နှိုးလိုက်သည်။ ကိုမင်းနိုင်က ဤမျှဖြင့် မနိုး။

'ရော်… ခက်တော့တာပါပဲ၊ မောင်ကလည်း မနိုးဘူး၊ ပထမက အရိပ်မည်းကြီး၊ အခု မျက်နှာမည်းကြီးကို တွေ့လိုက်ရပြီ၊ မဖြစ်ဘူး… မောင့်ကို နိုးအောင်နှိုးမှဖြစ်မယ်'

ထိုသို့တွေးတောကာ သူ၏လက်မောင်းကို ခပ်ကြမ်းကြမ်းလှုပ်ကာ နှိုးလိုက်သည်။

'မောင်ရေ… ထပါဦး'

'မောင်… ထပါဦးဆိုနေမှ'

'မောင်ရေ… ထဦး'

ခပ်ကြမ်းကြမ်း လှုပ်နှိုးလိုက်ရာ ကိုမင်းနိုင် နိုးလာပြီး…

'ဘာ… ဘာဖြစ်လို့လဲ'

အိပ်မှုန်စုံမွှားဖြင့် မေးလိုက်ရာ…

'မှန်ပြတင်းပေါက်မှာ သရဲလား၊ တစ္ဆေလား မသိဘူး'





'မင်းတို့မိန်းမတွေက တစ်ဆိတ်ရှိရင် သရဲတစ္ဆေပဲ ကြောက်နေတာ'

'မဟုတ်ဘူး မောင်ရဲ့၊ ပထမတုန်းက အရိပ်မည်းကြီးကို တွေ့တယ်၊ နောက်တော့ မျက်နှာကြီးကို တွေ့တယ်'

'ဟုတ်ရဲ့လားကွာ၊ မင်း စိတ်ထင်ပြီး အိပ်မက်မက်နေတာများလား'

'မမက်ပါဘူး မောင်ရဲ့၊ ကျွန်မစိတ်ထဲမှာ ဒေါ်ခင်မာဝေနဲ့ နှင်းပွင့်တို့ဝိညာဉ်တွေ လျှောက်သွားနေသလားလို့ထင်ပြီး အရမ်းကြောက်တယ်'

'ကဲပါ မိန်းမရယ်၊ အိပ်ပါ'

ထိုသို့ပြောနေစဉ် မှန်ပြတင်းပေါက်တွင် အရိပ်မည်းကြီး ထင်ဟပ်လာပြန်သည်။

'ဟော… မောင်ရေ၊ မှန်ပြတင်းပေါက်မှာ အရိပ်မည်းကြီး ပေါ်လာပြန်ပြီ'

ခင်ဥမ္မာနိုင်က ခပ်တိုးတိုးပြောပြီး အရိပ်မည်းကြီးကို ပြလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



သည်တွင် ကိုမင်းနိုင်က…

'အေး… ဟုတ်တယ်'

ထိုသို့ပြောပြီး ကြည့်နေစဉ် မှန်ပြတင်းတံခါးအနီးသို့ မျက်နှာမည်းကြီးတစ်ခု ကပ်လာသည်ကို တွေ့လိုက်ရသည်။

ကိုမင်းနိုင်မှာ ချက်ချင်းပင် အိပ်ရာမှထကာ ခြေဖော့သွားပြီး တံခါးကို ဖြည်းညင်းစွာဖွင့်လိုက်သည်။

အခန်း၏ အနောက်ဘက်မှပတ်၍ သူ့အခန်း၏ ပြတင်းနားဆီသို့သွားရာ…

လူတစ်ယောက်သည် ထိုမှန်ပြတင်းပေါက်မှ ချောင်းကြည့်နေသည်ကို မသဲမကွဲတွေ့လိုက်ရာ…

'ဟေ့ကောင် မင်း ဘယ်သူလဲ'

ဟု ပြောပြောဆိုဆို လည်ကုပ်ကို ဆွဲကိုင်လိုက်ရာ…

'ကျွန်တော်… ကို… ကိုဆန်နီပါ'

'ဟင်… တည်းခိုခန်းပိုင်ရှင် ကိုဆန်နီပါလား'

'ဟုတ်ပါတယ်'





'ခင်ဗျားဗျာ… တည်းခိုခန်းပိုင်ရှင် လုပ်နေပြီး သူများအခန်းကို လာချောင်းရလောက်အောင် အောက်တန်းကျလှချည်လား'

ထိုသို့ပြောနေစဉ် ခင်ဥမ္မာနိုင် ရောက်လာပြီး…

'ဖြန်း…'

ကိုဆန်နီ၏ ပါးကို ဖျန်းခနဲ ရိုက်လိုက်သည်။

'သူများလင်မယား အိပ်နေတာကို ချောင်းကြည့်ရသလား'

'မ… မဟုတ်ပါဘူး အစ်မ'

'ဘာ မဟုတ်တာလဲ'

'အခုအချိန်မှာ လူသတ်ကောင်လား၊ သရဲတစ္ဆေလား မသိဘူး၊ ပြေးသွားတာ မြင်လိုက်တယ်၊ အစ်မတို့ အခန်းနားမှာ ပျောက်သွားလို့ အစ်မတို့ အခန်းထဲများ ပြေးဝင်သွားသလားဆိုပြီး စိုးရိမ်လို့ ချောင်းကြည့်တာပါ'

'ရှင် ဘာပြောပြော မယုံဘူး၊ ရှင် အကျင့်ယုတ်ပြီး ချောင်းကြည့်မှန်း ကျွန်မ သိတယ်'



www.burmeseclassic.com

www.burmeseclassic.com



'ခင်ဗျား မဟုတ်တာမပြောနဲ့၊ ကျုပ် အကျင့်ယုတ်တာ မဟုတ်ဘူး'

ထိုသို့ အစချီပြောနေစဉ် ကိုမင်းနိုင်မှာ မနေသာတော့ဘဲ…

'ဒီမှာ ကိုဆန်နီ၊ ခင်ဗျားလည်း ဘာမှပြောမနေနဲ့တော့၊ ဧည့်ခန်းကိုပြန်တော့'

'ကျွန်တော်လည်း ပြန်မှာပါဗျာ'

'ဒီမှာ ရှင် နောက်တစ်ခါ ထပ်ပြီး လာမချောင်းနဲ့၊ ကျွန်မလက်က ပါးမရွေးဘူးနော်'

ခင်ဥမ္မာနိုင်က ထိုသို့ပြောလိုက်သည့်အတွက် ကိုဆန်နီက စိတ်ဆိုးသွားကာ…

'အေးလေ… ကြည့်ကြသေးတာပေါ့၊ ကျုပ်လည်း ခင်ဗျားတို့ကို စောင့်ကြည့်မပေးတော့ဘူး၊ ဒီတစ်ခါ လူသတ်သမားလာရင် ခင်ဗျားလို စွာလွန်းတဲ့မိန်းမကို အရင်သတ်လိမ့်မယ်'

'လူသတ်သမားက ရှင်ပဲဖြစ်မယ်'





'ဟုတ်တယ်… ဟုတ်တယ်၊ လူသတ်သမားဖြစ်ရင် ခင်ဗျားလို လက်မြန်ခြေမြန် ပါးရိုက်တတ်တဲ့မိန်းမကို အရင်သတ်မယ်'

တည်းခိုခန်းပိုင်ရှင် ကိုဆန်နီကလည်း စိတ်ဆိုးမာန်ဆိုးဖြင့် ပြန်ပြောလိုက်ရာ ကိုမင်းနိုင်က…

'ကဲပါဗျာ… ကိုဆန်နီလည်း သွားပါတော့၊ ကျွန်တော့်မိန်းမက စိတ်မြန်ကိုယ်မြန်နဲ့ ထင်တာပြောတတ်တယ်'

'ခင်ဗျားမိန်းမကို ခင်ဗျား ထိန်းထားနော်'

'ပြန်ပါတော့ဗျာ'

ကိုဆန်နီက မကျေမချမ်းနှင့် ပွစိပွစိပြောရင်း ထွက်ခွာသွားသည်။ ထိုစဉ် ခင်ဥမ္မာနိုင်က…

'ဟင်း… သူကပဲ ကြိမ်းမောင်းသွားသေးတယ်၊ သင်းပဲ လူသတ်သမားဖြစ်မှာပဲ'

'ကဲပါကွာ… တော်ပါတော့၊ မောင်လည်း အိပ်ရေးပျက်လွန်းလို့ပါ'

'အိပ်… အိပ်… ရှင်ကလည်း လူသတ်သမား လာနေ



www.burmeseclassic.com

www.burmeseclassic.com



တာတောင် အိပ်ချင်နေသေးတယ်၊ သူက သတ်သွားမှ မနိုးသော အိပ်ခြင်းနဲ့ အိပ်နေရဦးမယ်'

ထိုသို့ပြောပြီး ခင်ဥမ္မာနိုင်က အခန်းအတွင်းသို့ ဝင်သွားခဲ့သည်။ ကိုမင်းနိုင်မှာ ခင်ဥမ္မာနိုင်၏ စကားကို စဉ်းစားရင်း အခန်းတံခါးဝတွင် မတ်တတ်ရပ်ရင်း စဉ်းစားနေမိသည်။

'အင်း... ကိုဆန်နီရဲ့ပုံက တစ်မျိုးပဲ၊ ထူးခြားတယ်၊ သူဟာ ငါ့ရဲ့အခန်းကို ဘာကြောင့်လာပြီးချောင်းတာလဲ၊ အကြောင်း တစ်ခုခုတော့ ရှိမယ်'

'ငါ့မိန်းမကိုလည်း တော်တော်စိတ်ဆိုးသွားပုံရတယ်'

'ဒီလူဟာ ဘယ်လိုလူမျိုးဖြစ်နိုင်မလဲ၊ သူဟာ တကယ်ပဲ လူသတ်သမားလား'

ထိုသို့ တွေးတောနေမိသည်။

❑ ❑ ❑



## အခန်း(၈)
## ကိုဆန်နီ အရှုပ်တော်ပုံ

'ဟုတ်တယ်၊ ကိုဆန်နီဟာ ကျွန်တော့်မိန်းမကို အဲဒီ တုတ်နဲ့ ရိုက်သတ်တာပဲဖြစ်မယ်'

ကိုမင်းနိုင်က စောစောက သူ့မိန်းမနှင့် ရန်ဖြစ်ခဲ့သည့် အကြောင်းကို ပြောပြပြီး ဒုရဲအုပ်စိုးရွှေအပါအဝင် ကိုအောင်နိုင် တို့လူစုကို ဤသို့ပြောလိုက်သည်။

'ကျွန်... ကျွန်တော် ခင်ဗျားမိန်းမကို တုတ်နဲ့ရိုက် မသတ်ပါဘူးဗျာ'



www.burmeseclassic.com

www.burmeseclassic.com



'ဒါဆိုရင် ခင်ဗျားလက်ထဲက တုတ်က ဘာဖြစ်လို့ ယူလာတာလဲ'

'မယူလို့ ရမလားဗျ၊ ကျွန်တော်လည်း တည်းခိုခန်းကို ပတ်ပြီးကြည့်နေရင်တော့ လူသတ်သမားနဲ့တွေ့ရင် ကိုယ်က လက်နက်ပါမှဖြစ်မယ်၊ ဒါကြောင့် ဒီတုတ်ကို ကိုင်လာတာ၊ အခုတော့ အော်သံကြားလို့ ကျွန်တော်လည်း အပြေးလာတာ၊ ကျွန်တော်ရောက်တော့ ကိုအောင်နိုင်တောင် ရောက်နေပြီ'

'ဒါဆိုရင် သူ့တုတ်ကို သေသေချာချာ စစ်ဆေးကြည့်ပါဗျာ'

ကိုမင်းနိုင်က ရဲအရာရှိအား ပြောလိုက်ရာ...

'ပေးစမ်း ခင်ဗျားရဲ့တုတ်'

'ရော့... ယူပါ၊ ကြိုက်သလို စစ်ဆေးကြည့်ပါဗျာ'

ကိုဆန်နီက ပျာပျာသလဲ တုတ်ကို ဒုရဲအုပ်စိုးရွှေအား လှမ်းပေးလိုက်သည်။

ဒုရဲအုပ်စိုးရွှေက တုတ်ကို လက်နှိပ်ဓာတ်မီးနှင့်ထိုးကာ သေသေချာချာ စစ်ဆေးကြည့်ပြီး...





'ဒီတုတ်မှာ သွေးစသွေးန တစ်ခုမှမတွေ့ရဘူး'

'မတွေ့ဆို ကျွန်တော်မှ မသတ်တာ'

'ရော့... ခင်ဗျားရဲ့တုတ်'

ဒုရဲအုပ်စိုးရွှေက တုတ်ကို ကိုဆန်နီအား ပြန်ပေးလိုက်သည်။

သည်တွင် ကိုမင်းနိုင်က...

'ရဲအရာရှိကြီး ဒီလူ့ကို သေသေချာချာ စစ်ဆေးပေးပါဗျာ၊ ကျွန်တော်ကတော့ သူ့ကို ဘယ်လိုနည်းနဲ့မှ မသင်္ကာဘူး'

'ကောင်းပြီ၊ မိုးလင်းရင် ကျုပ်တို့စခန်းမှာ တိုင်ချက်ဖွင့်မှာ'

ထိုသို့ ရဲအရာရှိကြီးက ပြောလိုက်ရာ ကိုဆန်နီမှာ လွန်စွာကြောက်လန့်သွားပြီး...

'ဟာ... ကျွန်တော် တရားခံမှမဟုတ်ဘဲ၊ မတိုင်ပါနဲ့ဗျာ၊ ကျွန်တော် အဖမ်းမခံနိုင်ဘူး'

'မင်းပဲ၊ မင်းကို တိုင်ချက်ဖွင့်မယ်'

သူတို့နှစ်ယောက် အချင်းများနေခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



ဤသို့ မပြေမလည်ဖြစ်နေသဖြင့် ဒုရဲအုပ် စိုးရွှေက…

'ကဲ… ကဲ… ခင်ဗျားတို့နှစ်ယောက်စလုံး တိတ်တိတ်နေကြစမ်းပါဗျာ၊ ကိုမင်းနိုင် ခင်ဗျားကို ကျုပ်မေးမယ်၊ ခင်ဗျားရဲ့မိန်းမက အခန်းထဲကနေ ဘယ်လို အပြင်ဘက်ကိုရောက်သွားတာလဲ'

'ပြောပါ့မယ် ရဲအရာရှိကြီးရယ်၊ ဒီဇာတ်လမ်းအစဟာ ကိုဆန်နီပဲ'

'ဘာလဲဗျ… ခင်ဗျားတို့ ဇာတ်လမ်းထဲမှာ ကျုပ်က ဘာဖြစ်လို့ ပါလာရတာလဲ'

'ခင်ဗျားက ကျုပ်တို့အခန်းကို လာချောင်းပြီး ခင်ဗျား ပြန်သွားတော့ ကျုပ်က အခန်းအပြင်ဘက်မှာရပ်နေတယ်'

ထိုသို့အစချီကာ ကိုဆန်နီ သွားပြီးနောက်ပိုင်း ဖြစ်ပျက်မှုများကို ကိုမင်းနိုင်က ပြောပြခဲ့သည်။

ကိုဆန်နီ ပြန်သွားပြီးနောက် ကိုမင်းနိုင်မှာ ကိုဆန်နီကို သင်္ကာမကင်းဖြစ်နေသည့်အတွက် အိပ်ခန်းထဲသို့မဝင်သေးဘဲ အခန်းဝတွင် ရပ်ကာ တွေးတောနေမိသည်။





'ဒီလူဟာ တကယ်ပဲ လူသတ်သမားလား'

ထိုသို့တွေးနေစဉ် အခန်းနံပါတ် (၁၈)မှ မိုးသန္တာထွက်လာပြီး ကိုမင်းနိုင်ရှိရာသို့ လျှောက်လာခဲ့သည်။ သူမက ကိုမင်းနိုင်ကို တွေ့သောအခါ…

'ဟော… အစ်ကို မအိပ်သေးဘူးလား'

သူမက စတင်နှုတ်ဆက်လိုက်သည်။

'မအိပ်သေးပါဘူး ညီမရဲ့'

'ဟုတ်တယ် အစ်ကိုရယ်၊ ကျွန်မလည်း တစ်ယောက်တည်းအိပ်ရတာ ကြောက်တာနဲ့ မအိပ်ရဲလို့ အပြင်ကိုထွက်လာခဲ့တာ'

'ဟုတ်ပါရဲ့ဗျာ၊ ဒီတည်းခိုခန်းက ဘယ်လိုဖြစ်မှန်းလဲ မသိဘူး၊ တစ်ယောက်ပြီးတစ်ယောက် သေနေတာပဲ'

'ဟုတ်တယ် အစ်ကို၊ ကျွန်မလည်း အရမ်းကြောက်နေပြီ အစ်ကိုရယ်၊ ကြောက်လွန်းလို့ ကျွန်မရဲ့ လက်ဖျားတွေတောင် အေးစက်နေပြီ'

'ဟင်… ဟုတ်လား၊ မှန်းစမ်း ညီမရဲ့လက်'



www.burmeseclassic.com

www.burmeseclassic.com



ကိုမင်းနိုင်က သူမရဲ့လက်ကို ကိုင်ကြည့်ပြီး…

'ဟုတ်ပါရဲ့… ညီမရဲ့လက်က အေးစက်နေတာပဲ၊ မကြောက်ပါနဲ့၊ အစ်ကိုတစ်ယောက်လုံး ရှိပါတယ်'

ကိုမင်းနိုင်က ခပ်ညျညျပြောလိုက်သည်။

'အစ်ကိုတစ်ယောက်လုံးရှိပေမယ့် အစ်ကိုက မနက်ကျရင် ညီမကို ခွဲသွားတော့မှာ မဟုတ်လား'

'ဒါကတော့ ခရီးစဉ်ရှိတော့ သွားရမှာပေါ့ကွာ၊ ဒါပေမဲ့ အစ်ကိုက ညီမနဲ့ တွေ့ချင်သေးတယ်'

ကိုမင်းနိုင်ကလည်း သူမကို ညဥ့်ငှက်မလေးမှန်းသိ၍ တမင်ဖန်လိုက်သည်။

'ဒီနေ့ညတော့ အစ်ကို့မိန်းမရှိနေတော့ တွေ့လို့မဖြစ်သေးဘူး၊ ရန်ကုန်ရောက်ရင် အစ်ကို လာခဲ့လေ၊ ညီမ လိပ်စာပေးလိုက်မယ်'

'ကောင်းပြီဗျာ၊ ရန်ကုန်ရောက်ရင် ညီမဆီကို ဆက်ဆက်လာခဲ့မယ်'

'ရော့… ဒါက ညီမရဲ့လိပ်စာ'





'ကောင်းပါပြီဗျာ'

ကိုမင်းနိုင်က သူမ လှမ်းပေးလိုက်သော လိပ်စာကို လှမ်းယူလိုက်သည်။

'ဒါဆိုရင် ညီမ ပြန်တော့မယ်'

မိုးသန္တာထက်က သူမ၏ ဖွံ့ဖြိုးလှသော တင်ပါးကို လှုပ်ယမ်းကာ လျှောက်သွားခဲ့ရာ ကိုမင်းနိုင်က မျက်စိတစ်ဆုံး ကြည့်နေစဉ်…

'ရှင်က ဘာကို ဒီလောက်ငေးပြီး ကြည့်နေရတာလဲ'

ဟူသော ဒေါသသံဖြင့် ခင်ဥမ္မာနိုင်က မေးလိုက်သည်။ သည်တွင် ကိုမင်းနိုင်မှာ…

'ဘာ… ဘာမှမကြည့်ပါဘူး'

သူက အယောင်ယောင်အမှားမှားဖြင့် ပြန်ဖြေလိုက်သည်။ ဤတွင် ခင်ဥမ္မာနိုင်က…

'ရှင်နဲ့ မိုးသန္တာထက်တို့ စကားပြောနေတာ ကျွန်မ မသိဘူး မှတ်နေလား'



www.burmeseclassic.com

www.burmeseclassic.com



'ဩော်… ဒါလား၊ ဘာများလဲလို့'

'ဘာများလဲလို့ လုပ်မနေပါနဲ့၊ ရှင့်ရဲ့အကျင့်ကို ကျွန်မ သိတယ်၊ ရှင်ဟာ မိန်းကလေးတွေနဲ့ ပတ်သက်လာရင် နာမည်ပျက်ရှိမှန်း နဂိုကတည်းက သိတယ်၊ အခုတောင် ကျွန်မမှာ ကိုယ်ဝန်ရှိနေလို့ ရှင့်ကို ကျွန်မက ယူခဲ့တာ၊ သိလား'

'မိန်းမကလည်း ဘာတွေပြောမှန်း မသိဘူး'

'ရှင် မသိဘူးလုပ်မနေနဲ့၊ ခုနက မိုးသန္တာထက်နဲ့ ရှင်နဲ့ ဘာတွေပြောနေတာလဲ၊ ရှင် မှန်မှန်ဖြေ'

'ကဲပါ မိန်းမရယ်၊ မောင် အားလုံးပြောပြပါ့မယ်၊ ကဲ… ကဲ… အခန်းထဲကို ဝင်လိုက်ပါ'

ပြောပြောဆိုဆို သုံ့မနှင့်အတူ အခန်းထဲသို့ ဝင်လာခဲ့သည်။ အခန်းထဲသို့ရောက်သည်နှင့် ခင်ဥမ္မာနိုင်က ကိုမင်းနိုင်၏ ရင်ဘတ်ကို လက်သီးဖြင့် တဝုန်းဝုန်းထုကာ…

'ရှင့်ကို ကျွန်မ မကျေနပ်ဘူး သိလား'

'မကျေနပ်ရအောင် ငါက မင်းကို ဘာလုပ်နေလို့လဲ'

'ဘာလုပ်ရမလဲ၊ ဒီလောက် ညဥ့်နက်နေတာ မအိပ်ဘဲ





နဲ့ ပျံတန်တန် နန့်တန့်တန့်မိန်းမတစ်ယောက်နဲ့ ဘာတွေပြောနေတာလဲ'

'ဩော်… ခုနက ကိုဆန်နီက လာချောင်းနေလို့ ငါက အပြင်ဘက်ထွက်ပြီး အရိပ်အခြေကြည့်နေတာ၊ မိုးသန္တာထက်က သူ့ဘာသာသူလာပြီး စကားပြောတာ'

'သူက ဘာတွေပြောလို့လဲ'

'ဘာရယ်မဟုတ်ပါဘူး၊ သူကလည်း ခဏခဏလူသေနေတော့ ကြောက်တဲ့အကြောင်း လာပြောတာပေါ့'

'ရှင် အူကြောင်ကြောင်လာပြောမနေနဲ့၊ ရှင့်အကြောင်းကို ကျွန်မ သိတယ်၊ ရှင် ဒီကောင်မလေးကို တစ်ခုခုကြံစည်နေတာ မဟုတ်လား'

'မဟုတ်ရပါဘူး မိန်းမရယ်'

ထိုသို့ပြောပြီး ခင်ဥမ္မာနိုင်၏ မေးစေ့ကလေးကိုကိုင်ပြီး ချော့လိုက်ရာ…

'ရှင် ကျွန်မကို လာမချော့နဲ့၊ ရှင်က ကောင်းတဲ့မိန်းမကို ချောင်ထိုးပြီး မကောင်းတဲ့မိန်းမနဲ့ကျမှ ပေါင်းချင်တဲ့လူမျိုး၊



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မကို ဘာမှလာပြီးမပြောနဲ့'

'သြော်··· ခက်ပါဘိ မိန်းမရယ်၊ မောင်က အဲဒီလို လူမျိုး မဟုတ်ပါဘူး၊ ယုံပါ'

ထိုသို့ပြောပြီး လက်ကလေးကိုကိုင်ကာချော့လိုက်သည်။ ထိုစဉ် ခင်ဥမ္မာနိုင်က···

'ရှင် ကျွန်မကို လာမထိနဲ့'

ပြောပြောဆိုဆို တံခါးပေါက်ဆီသို့ အပြေးသွားကာ တံခါးကိုဖွင့်ပြီး အပြင်ဘက်သို့ ထွက်လာခဲ့သည်။ ထို့နောက် တံခါးရှေ့တွင် ကုလားထိုင်ရှည်ကြီးကို ခုထားပြီး ပတ်လမ်း အတိုင်း ပြေးထွက်လာခဲ့သည်။

'မိန်းမရေ··· တံခါးဖွင့်ပါဦးကွာ'

ကုလားထိုင်ရှည်ကြီးနှင့် ခုထားသဖြင့် အလွယ်တကူ တံခါးဖွင့်၍မရသောကြောင့် ကိုမင်းနိုင်က အခန်းတွင် အော်ဟစ်ကာ တံခါးဖွင့်ခိုင်းခဲ့သည်။

ခင်ဥမ္မာနိုင်မှာ လွန်စွာစိတ်ဆိုးနေသဖြင့် ခြေသံပြင်းပြင်း နှင့် ပြေးထွက်သွားသည့်အသံကို သူ ကြားလိုက်ရသည်။





အတန်ကြာမှ ကိုမင်းနိုင်၏ အော်သံသဲ့သဲ့ကို မိုးသန္တာ ထက်က ကြားပြီး ကုလားထိုင်ရှည်ကြီးကို ဖယ်ပေးလိုက်မှ တံခါး ဖွင့်၍ရကာ ကိုမင်းနိုင် အပြင်သို့ရောက်သွားခဲ့သည်။

'အစ်ကို ဘာဖြစ်လို့လဲ'

'ညီမနဲ့ စကားပြောတာကို အစ်ကို့မိန်းမက မကျေနပ်လို့ စိတ်ဆိုးပြီး ဘယ်ကိုပြေးသွားသလဲ မသိဘူး'

'ဒါဆို လိုက်ရှာလိုက်ဦး အစ်ကို'

'ကောင်းပြီ၊ ညီမနဲ့ နောက်မှတွေ့ကြမယ်နော်၊ အစ်ကို လိုက်ရှာလိုက်ဦးမယ်'

ထိုသို့ပြောပြီး လိုက်ရှာရာ ယခုကဲ့သို့ မြေပြင်တွင် မှောက်ရက်လဲကျနေသော ခင်ဥမ္မာနိုင်၏ အလောင်းကို တွေ့မြင် ရခြင်းဖြစ်သည်။

'အဖြစ်ကတော့ ဒီအတိုင်းပါပဲ ဆရာရယ်'

'ကဲ··· ဒါဆို မိုးလင်းရင် ဒီကိစ္စတွေအားလုံး ရှင်းပေး မယ်'

'ကဲ··· ကိုဆန်နီ ခင်ဗျား လက်ထဲမှာ တုတ်ကိုင်ပြီး



www.burmeseclassic.com

www.burmeseclassic.com



ဒီကိုရောက်လာတဲ့ကိစ္စကို ရှင်းစမ်းပါဦး'

ဒုရဲအုပ်စိုးရွှေက ကိုဆန်နီကို လှမ်းမေးလိုက်ရာ ကိုဆန်နီမှ…

'ဟုတ်ကဲ့… ကျွန်တော် တွေ့တာ အားလုံးကို ပြောပြပါ့မယ်'

'ပြောပါ'

'ကျွန်တော်နဲ့ ဒေါ်ခင်ဥမ္မာနိုင်နဲ့ တစ်ယောက်တစ်ခွန်းစကားများတာ မှန်ပါတယ်၊ ဒါပေမဲ့ ကျွန်တော် သူ့ကို မသတ်ပါဘူး၊ အဲဒီညက ကျွန်တော်က တည်းခိုခန်းပိုင်ရှင်ဆိုတော့ စိတ်မချတာနဲ့ တည်းခိုခန်းကို ပတ်ကြည့်နေတုန်း နောက်ဖေးဘက်က အသံတစ်သံကြားတယ်၊ ကျွန်တော် လှမ်းကြည့်လိုက်တဲ့အခါ အမျိုးသမီးတစ်ယောက်ကို လူတစ်ယောက်က သိုင်းဖက်ပြီးပါးစပ်ပိတ်လိုက်တယ်၊ ကျွန်တော် ကိုမင်းနိုင်တို့လင်မယားရန်ဖြစ်နေတယ်လို့ထင်တာ နောက်တော့ နောက်ဖေးပေါက်ကိုဆွဲခေါ်သွားတယ်၊ ဒါနဲ့ ကျွန်တော်လည်း သိပ်မသင်္ကာတာနဲ့ ဓာတ်မီးကိုပြန်ပြီး သစ်သားတုတ်ကို သွားယူခဲ့တယ်၊ နောက်





ဖေးပေါက်ကို ပြန်လာတော့ သူတို့ မရှိကြတော့ဘူး၊ အဲဒီအချိန်မှာ သချိုင်းဘက်က 'အား'ဆိုတဲ့အသံကြားလို့ ကျွန်တော်လည်း သချိုင်းဆီကို ပြေးလာခဲ့တယ်၊ အဲဒီရောက်တော့ ကိုအောင်နိုင်ရောက်နေပြီ၊ ကျွန်တော့်ကိုတောင် သရဲမှတ်လို့ လန့်သွားသေးတယ်'

ကိုဆန်နီက သူတွေ့သမျှအကြောင်းကို ဤသို့ရှင်းပြခဲ့သည်။ သို့သော် ကိုမင်းနိုင်မှာ မည်သို့မျှ မယုံကြည်နိုင်ဘဲ…

'ခင်ဗျားဘာသာ လုပ်ဇာတ်တွေလျှောက်ပြောနေတာ ခင်ဗျား တုတ်နဲ့ရိုက်ပြီး ပုန်းနေတာလည်း ဖြစ်မှာပေါ့၊ လူတွေရောက်လာမှ ခင်ဗျား ပုန်းတဲ့နေရာက ပြန်ထွက်လာတာရော မဖြစ်နိုင်ဘူးလား'

'ဘုရားစူး… မိုးကြိုးပစ်ရစေရဲ့ဗျာ၊ ကျွန်တော် ခင်ဗျားမိန်းမကို မသတ်ပါဘူး'

'ကဲ… ကဲ… ဒီကိစ္စကို နောက်မှရှင်းမယ်၊ ကျုပ်တို့သိထားရမှာက တရားခံပြေးကလည်း လွတ်နေတယ်၊ အဲဒီတရားခံပြေးကလည်း လူသတ်ကောင်ဖြစ်နိုင်တယ်၊ ခုနက ချူ



www.burmeseclassic.com

www.burmeseclassic.com



ပုတ်တွေကလည်း တလှုပ်လှုပ်နဲ့၊ ကျုပ်မှာလည်း ဒီတရားခံပြေး မမိရင် ဒုက္ခပဲ'

ဒုရဲအုပ်စိုးရှေ့က ဤသို့ပြောလိုက်ရာ ကိုအောင်နိုင်က…

'ဟုတ်တယ်၊ ကျွန်တော်တို့လည်း တရားခံပြေးကို လိုက်ရှာနေတာ၊ သူလည်း လူသတ်သမားဖြစ်နိုင်တာပဲ'

'ကဲ… ကဲ… တည်းခိုခန်းကို ပြန်ကြစို့'

ဤညအတွက် စတုတ်မြောက် မရဏခရီးသို့ ထွက်သွားသူမှာ ခင်ဥမ္မာနိုင်ပဲ ဖြစ်ပေသည်။

❑ ❑ ❑



## အခန်း(၉)
## စတုတ္ထမြောက် မရဏခရီးဖော်

အားလုံး ဧည့်ခန်းထဲသို့ရောက်ရှိကာ စတုတ္ထမြောက် မရဏခရီးဖော် ခင်ဥမ္မာနိုင် သေဆုံးခြင်းအပေါ် ထင်မြင်ချက်များကို တစ်ယောက်တစ်ပေါက် ပြောနေကြသည်။

ထိုအုပ်စုထဲတွင် ကိုဆန်နီ မပါချေ။ ကိုဆန်နီက သူ့ကို လူသတ်သမားဟု ထင်ရှိသဖြင့် အခန်းတွင်း အောင်းနေသည်။

သည်တွင် ဒုရဲအုပ်စိုးရှေ့က…

'ကျုပ်တို့အားလုံး သတိထားရမယ့်အခြေအနေ ဖြစ်နေပြီ၊ဒီပတ်ဝန်းကျင်မှာ လူသတ်သမားတစ်ယောက်ကတော့ ရှိနေတယ်၊ အဲဒါ ဘယ်သူလဲဆိုတာ စောင့်ကြည့်မှဖြစ်မယ်'



www.burmeseclassic.com

www.burmeseclassic.com



'ဟုတ်တယ်၊ ကျွန်တော့်မမ မနှင်းပွင့်က အရင်ဆုံး အသတ်ခံရတာပဲ၊ ဒီကိစ္စကို ဘယ်လိုပြောရမှန်းတောင် မသိဘူး'

ကိုအောင်နိုင်က စိတ်ရှုပ်စွာပြောလိုက်ရာ ကျော်စိုးဦးက-

'ကျွန်တော့်မိန်းမက ပိုပြီးကံဆိုးပါတယ်ဗျာ၊ ကားက လည်း အတိုက်ခံသေးတယ်၊ နောက်ပြီး မျက်လုံးပြူးပြီး သေသွားတယ်ဗျာ၊ ကျုပ်ရင်ထဲမှာ မချိဘူး'

သူက ဝမ်းနည်းကြေကွဲစွာ ပြောလိုက်သည်။

ထိုစဉ် ကိုမင်းနိုင်ကလည်း…

'ကျွန်တော်တို့နှစ်ယောက်က ကြင်စဦးဇနီးမောင်နှံပါဗျာ၊ ဥမ္မာက ကျွန်တော့်ကို အရမ်းချစ်ပြီး စိတ်ကောက်နေကျဗျ၊ အခု လည်း ကျွန်တော့်ကို စိတ်ကောက်ပြီးထွက်သွားတာ သူမစိတ်ထဲမှာ ကမန်တော် လိုက်ချော့မှာပဲလို့ ထင်မှာပဲ၊ အခုတော့ လူသတ် သမားလက်ချက်နဲ့ သေရတယ်လို့ဗျာ'

မချိတင်ကဲ ဝမ်းနည်းစွာပြောလိုက်သည်။

ထို့နောက် ကိုမင်းနိုင်က ဆက်၍ပြောပြန်သည်။

'ကျွန်တော်ကတော့ ဒီအဖြစ်အပျက်တွေအားလုံးရဲ့ တရား





ခံဟာ ကိုဆန်နီပဲဖြစ်မယ်လို့ ထင်တယ်'

'ကဲ… ကိုမင်းနိုင်ရဲ့ ထင်မြင်ချက်ကို ပြောပါဦး'

'သူက တည်းခိုခန်းပိုင်ရှင်ဆိုတော့ ဒီပတ်ဝန်းကျင်ကို သူက သိပြီးသားဖြစ်နေပြီ၊ မနှင်းပွင့်ကို နောက်လိုက်ပြီး သူပဲ သတ်ပစ်တာဖြစ်မယ်၊ ကျွန်တော်တို့ရောက်တော့ သူက အရင် အဲဒီနေရာကို ရောက်နှင့်နေတယ်'

'ဒါလည်း ဟုတ်တာပဲ'

'နောက်ပြီး ကျွန်တော်တို့ အဲဒီကိစ္စကို ပြောနေတုန်းမှာ သူ ပျောက်နေတယ်၊ နောက်တော့ ကိုကျော်စိုးဦးရဲ့မိန်းမ မျက်ဖြူ ဆိုက်ပြီး သေနေပြီ၊ သူ ဘာလုပ်လိုက်သလဲမှ မသိတာ'

'ဟုတ်တယ်၊ ကျွန်တော်တို့ ဆွေးနွေးနေတုန်းက သူ ရုတ်တရက် ပျောက်သွားခဲ့တယ်'

'ဒါတင်ဘယ်ကမလဲ၊ ရဲကြပ်ကြီးချစ်ရွှေ သေဆုံးတဲ့ကိစ္စ ရဲ့ အခု ခင်ဥမ္မာနိုင် သေဆုံးတဲ့ကိစ္စမှာ ခေါင်းမှာ တုတ်နဲ့ရိုက်တာ အတူတူပဲ'

'ဟုတ်တယ်၊ ဟုတ်တယ်'



www.burmeseclassic.com

www.burmeseclassic.com



'ဒီကိစ္စမှာ ကိုဆန်နီက ရဲကြပ်ကြီးကို သစ်သားဝံ့တုတ်နဲ့ ရိုက်သတ်ပြီး တရားခံကို လွှတ်ပေးလိုက်တာဖြစ်မယ်'

'ဒါဆိုရင် သူနဲ့ တရားခံနဲ့က နဂိုကတည်းက သိတာနေမှာ'

'ဖြစ်နိုင်တာပေါ့ဗျာ၊ သူတို့က တစ်နယ်တည်းသမားတွေဆိုတော့ သိနိုင်တာပေါ့'

ထိုသို့ပြောနေစဉ် မိုးသန္တာထက်က…

'ဒီလူဟာ လူသတ်သမားဖြစ်ပုံရတယ်၊ စောစောတုန်းက ပန်းသီးကို ဓားမြှောင်နဲ့ခွစားနေတာ တွေ့ရတယ်၊ ပြီးတော့ ဓားမြှောင်ကို သူ့ခါးကြားထဲမှာ ထိုးထားတာတွေ့ရတယ်'

ဤသို့ ဝင်ပြောလိုက်သည်။

လူတွေပြောသမျှကို နားထောင်နေသော ဒုရဲအုပ်စိုးရွှေက…

'အင်း… လူတစ်ယောက်ကို ထင်ကြေးပေးတာကတော့ ရပါတယ်၊ တကယ် လူသတ်တယ် မသတ်ဘူးဆိုတာ လုံလောက်တဲ့ သက်သေပြမှ ဖြစ်တ၊ အခုအထိတော့ သံသယစိတ်နဲ့ ထင်





ကြေးပေးတဲ့အဆင့်မှာပဲရှိသေးတယ်၊ ဒါပေမဲ့ ဒီကိစ္စဟာ လူသတ်မှုဖြစ်လေတော့ ရုံးတင်ရမယ့်ကိစ္စ ဖြစ်နေပြီ'

ဟု ခပ်လေးလေးပြောလိုက်ရာ ကိုအောင်နိုင်က…

'ဟုတ်တယ် ဆရာ၊ ကျွန်တော့်ရဲ့မမကို သတ်တာ မကျေနပ်ဘူး ဆရာ'

မကျေနပ်ကြောင်း ပြောလိုက်သည်။

'မင်းအစ်မတင် ဘယ်ကမလဲ၊ ငါတို့လည်း ငါ့မိန်းမကို သတ်တာ ဘယ်ကျေနပ်နိုင်မလဲ'

ကျော်စိုးဦးကလည်း ဤသို့ဆက်ပြောလိုက်သည်။

'မင်းတို့တင်မကဘူး၊ ကျုပ်မှာ ကြင်စဦးဇနီးလေး သေသွားပြီ၊ ဘယ်လောက်ကြေကွဲရသလဲဆိုတာ ရင်ဘတ်ကိုတောင် ဖွင့်ပြချင်တယ်၊ အဲဒီ လူသတ်ကောင်ကို သိလို့တော့ ကျုပ်လက်နဲ့ အစိတ်စိတ်အမွှာမွှာဖြစ်အောင် လုပ်ပစ်မယ်'

ကိုမင်းနိုင်ကမူ အရှုံးကြီးသဖွယ် အော်ဟစ်ပြောဆိုနေသည်။ ဤတွင် ဒုရဲအုပ်စိုးရွှေမှာ…

'ကျုပ်က ခင်ဗျားတို့ထက် ပိုဆိုးတယ်၊ ဖမ်း[illegible]တဲ့



www.burmeseclassic.com

www.burmeseclassic.com



တရားခံကလည်း လွတ်ပြေးနေတယ်၊ ရဲကြပ်ကြီး ချစ်ရွှေကလည်း အသတ်ခံရတယ်၊ စခန်းရောက်တာနဲ့ ထုချေလွှာတင်ပြီး အပွင့်ပြုတ်မယ့်ကိန်းပဲ၊ ကံမကောင်းရင် ထောင်တောင်ကျဦးမယ်'

'ဟုတ်တာပေါ့ဗျာ၊ လူတစ်ယောက် အကြောင်းကိုယ်စီနဲ့'

'ကျုပ်တို့ကိုက ဒီမှာတည်းမိတာ ဒုက္ခပါပဲဗျာ'

'ကျွန်မလည်း ဒီမှာတည်းရတာ ကြောင်တောင်လာပြီ၊ ဘယ်အချိန်မှာ ငါ့အလှည့်လာမလဲဆိုတာ စိုးတထိတ်ထိတ်နဲ့'

မိုးသန္တာထက်ကလည်း ကြောက်ရွံ့စိုးထိတ်စွာ ပြောလိုက်ရာ ကိုအောင်နိုင်က...

'ညီမရယ်... ဘာမှမပူပါနဲ့၊ အစ်ကိုတို့ ရှိပါတယ်၊ အားငယ်တဲ့ မိန်းမသားကို စောင့်ရှောက်မှာပါ'

ဤသို့ ပြောလိုက်သည်။

'အားကိုးပါတယ် အစ်ကိုရယ်'

မိုးသန္တာထက်က ထိုသို့ ပြောလိုက်ရာ ကျန်လူများက အံ့မခန်းဟယ်တစ်မျိုးတွေး၍ ကြည့်လိုက်သည်။





မိုးသန္တာထက်က သူတို့၏မျက်လုံးများကို ပုံဖော်ကာ ရှက်သွားပြီး...

'ညီမတော့ အခန်းကိုပဲပြန်တော့မယ်'

ဟု ပြောပြီး ရှက်စနိုးကလေးဖြင့် ထွက်သွားခဲ့သည်။

ထိုသို့ သူမထွက်သွားပြီး မကြာမီ ဒုရဲအုပ် စိုးရွှေက...

'ကျုပ်လည်း ဒီလိုနေလို့ မဖြစ်သေးဘူး၊ တရားခံပြေးကို လိုက်ရှာဦးမှ၊ ဒီကောင် အဝေးကြီးမပြေးနိုင်သေးဘူး'

ဤသို့ပြောလိုက်ရာ ကိုအောင်နိုင်က...

'ဟုတ်တယ် ဆရာ၊ ဒီလမ်းပေါ်မှာ ကားတစ်စီးမှလည်း မဖြတ်သေးဘူးဆိုတော့ အဝေးကြီးတော့ မရောက်လောက်ဘူး'

'ကျုပ်တို့ အနောက်ဘက်ကိုတော့ ရှာပြီးပြီ၊ ဒီတစ်ခါတော့ တောင်ဘက်က သစ်ပင်အုပ်ဘက် သွားကြည့်မယ်'

'ဟုတ်ကဲ့ ဆရာ၊ ကျွန်တော်လည်း လိုက်မယ်'

ဒုရဲအုပ်စိုးရွှေက တရားခံကို ပြန်၍ဖမ်းမိရန် ကြိုးပမ်းနေခဲ့ရာ ကိုအောင်နိုင်ကလည်း အဖော်အဖြစ် လိုက်ပါသွားခဲ့သည်။

သူတို့နှစ်ဦးသည် တည်းခိုခန်း၏ ဘေးဘက်တံခါးမှ



www.burmeseclassic.com

www.burmeseclassic.com



ဖွင့်ကာ တောင်ဘက်အရပ်ရှိ သစ်ပင်အုပ်ဘက်သို့အသွား ကိုဆန့်နီမှာ ထိုနေရာဆီမှ အပြေးထွက်လာပြီး အော်ဟစ်ကာ…

'ဆရာရေ… လုပ်ပါဦး၊ ဟိုမှာ… ဟိုထဲမှာ'

ချုံပုတ်ဘက်သို့ လက်ညှိုးညွှန်ပြပြီး တုန်တုန်ချိချိဖြစ်နေပါသည်။

'ဟိုထဲမှာ ဘာတွေဖြစ်လို့ ဒီဇလောက်အော်နေရတာလဲ'

'သွားကြည့်ပါ ဆရာရယ်'

ကိုဆန့်နီက ဤသို့ပြောသဖြင့် ချုံပုတ်ဆီသို့ သွားကြည့်ရာ…

'ဟာ… မိုးကြိုးပါလား'

'ဟင်… ကိုမိုးကြိုးကြီး သေနေပြီထင်တယ်'

'လည်ပင်းမှာ ဓားတန်းလန်းနဲ့'

ဒုရဲအုပ်စိုးရွှေက မိုးကြိုး၏လည်ပင်းတွင် ဓားမြှောင်နှင့်ထိုးထားသည်ကို တွေ့လိုက်ရသဖြင့် စိတ်မချမ်းသာစွာပြောလိုက်သည်။

မိုးကြိုးကား သစ်ပင်တစ်ပင်ကိုမှီလျက် ခြေနှစ်ဖက်





ရှေ့သို့ဆန့်တန်းထားပြီး လည်ပင်းတွင် ဓားမြှောင်တစ်ချောင်းဝင်နေသည်။ ထိုနေရာက သွေးများစီးကျနေပြီး မျက်လုံးပြူးမျက်ဆန်ပြူးနှင့် သေပွဲဝင်နေသည်ကို တွေ့လိုက်ရသည်။ ဘယ်အချိန် ဘယ်ကာလက သေနေမှန်းမသိချေ။

'သောက်ကျိုးနဲ… မိုးကြိုးတော့ ယမမင်းက ခေါ်သွားပြန်ပြီ'

ကိုအောင်နိုင်က စိတ်မသက်သာစွာ ပြောလိုက်ရာ ကိုဆန့်နီက…

'ဟုတ်ပါရဲ့ဗျာ၊ ဒီညလောက် သွေးပျက်ဖို့ကောင်းတဲ့ည မရှိတော့ဘူး'

ကိုဆန့်နီက စကားရောဖွဲရောနှင့် ဝင်ပြောလိုက်ရာ ဒုရဲအုပ်စိုးရွှေမှာ ချက်ချင်း သေနတ်နှင့်ချိန်ကာ…

'ဘာ သွေးပျက်ဖို့ကောင်းတာလဲ၊ ငါကြည့်နေတာ ကြာပြီ၊ လူသတ်မှုတစ်ခုဖြစ်ပြီဆိုတာနဲ့ အဲဒီနေရာကို မင်း ရောက်ရောက်လာတယ်။ အခုတော့ ရှင်းရှင်းလေးပဲ၊ အခု မင်းနဲ့ သေသွားတဲ့ တရားခံပြေးနှစ်ယောက်တည်း၊ မင်း ဘာငြင်းချင်သေးလဲ



www.burmeseclassic.com

www.burmeseclassic.com



'ကျွန်တော် ဘာမှမလုပ်ပါဘူးဗျာ၊ အဲဒါတွေအားလုံးက တိုက်ဆိုင်တာပါ'

'ဘာတိုက်ဆိုင်တာလဲ၊ ဒီလောက်ပဲ တိုက်ဆိုင်ရသလား၊ ဗေထိဆိုတာနဲ့ မင်း ရောက်နေပြီ၊ အခြားကေ့(စ်)မှာ မသိသာပေမယ့် မိုးကြိုးရဲ့ကေ့(စ်)မှာ ရှင်းရှင်းလေး၊ မင်း မိုးကြိုးကို သတ်လိုက်တာမဟုတ်လား'

'မဟုတ်ရပါဘူးဗျာ၊ ဘုရားပေးပေး ကျမ်းပေးပေး'

'ဟေ့ကောင်… လျှောက်ကျိန်မနေနဲ့'

ထိုသို့ ဆူဆူညံညံပြောနေသည့်အတွက် ကိုမင်းနိုင်၊ ကျော်စိုးဦးနှင့် မိုးသန္တာထက်တို့ ရောက်ရှိလာခဲ့သည်။

မိုးသန္တာထက်က လည်ပင်းတွင် ဓားတန်းလန်းဖြစ်နေသော မိုးကြိုးကိုကြည့်ပြီး…

'ဟာ… ဟို တရားခံလူကြီး သေနေပြီ၊ လည်ပင်းက ဓားမြှောင်က ကိုဆန်နီ ပန်းသီးခွဲစားတဲ့ ဓားမြှောင်ကြီး'

'ဟေ…'

ဒုရဲအုပ်စိုးရွှေက 'ဟေ' ဟု ပြောလိုက်သည်။





'ဟုတ်တယ်၊ စောစောတုန်းက ဒီဓားမြှောင်ကို ကိုဆန်နီကိုင်တာ တွေ့တယ်'

မိုးသန္တာထက်က ဆက်၍ပြောလိုက်ရာ ကိုဆန်နီက…

'ဟဲ့… ကောင်မလေး၊ လျှောက်မပြောနဲ့၊ ငါတို့ တည်းခိုခန်းမှာ ဒီလိုဓားမြှောင်မျိုး သုံး၊ လေးချောင်းရှိတယ်၊ ငါ ပန်းသီးခွဲစားတဲ့ ဓားမြှောင်က ဒီည့်ခန်းမှာရှိတယ်'

ကိုဆန်နီက သူမကို ခပ်ဟောက်ဟောက်ပြောလိုက်သည်။

ထိုအခါ ဒုရဲအုပ်စိုးရွှေက ကိုဆန်နီအား…

'ကဲ… မင်း ဒီနေရာကို ဘယ်လိုကြောင့်ရောက်လာတာလဲဖြေ'

ဟူ၍ ငေါက်ပြီးမေးလိုက်သည်။

'ကျွန်တော့်ကို ဆရာတို့က လူသတ်သမားလို့ထင်တော့ ကျွန်တော်က စိတ်မကောင်းဖြစ်ပြီး အပေါ်ထပ်အခန်းကို တက်သွားခဲ့တယ်၊ အဲဒီအခါမှာ အပေါ်ထပ်မှန်တံခါးက တောင်ဘက်ကို လှမ်းကြည့်လိုက်တယ်၊ တောင်ဘက်ခြံစပ်က မီးထွန်းထား



www.burmeseclassic.com

www.burmeseclassic.com



တော့ လူတစ်ယောက်က ရှေ့ကပြေးပြီး တစ်ယောက်က နောက်ကလိုက်တာ တွေ့လိုက်ရတယ်၊ ဒါနဲ့ ကျွန်တော်လည်း ဒါဟာ လူသတ်သမားဖြစ်မှာပဲဆိုပြီး တောင်ဘက်လှေကားကဆင်းပြီး အဲဒီလူနှစ်ယောက်နောက်ကို လိုက်ခဲ့တယ်၊ သူတို့က တောစပ်ထဲ ဝင်သွားတယ်၊ ကျွန်တော်လည်း ဝင်လိုက်သင့် မသင့် စဉ်းစားနေတုန်း 'အား' လို့ အော်လိုက်တဲ့အသံကို ကြားလိုက်ရတယ်၊ ခဏကြာမှ သွားကြည့်တော့ တရားခံမိုးကြိုးဟာ ဓားတန်းလန်းနဲ့ သေနေပြီ၊ ဒါနဲ့ ကျွန်တော်လည်း ခပ်ကြောက်ကြောက်နဲ့ ပြေးလာခဲ့တာ ဆရာတို့နဲ့ တွေ့တာပါပဲ'

ကိုဆန်နီက ဤသို့ ခရေစေ့တွင်းကျ ရှင်းပြခဲ့သည်။ သို့သော် ဒုရဲအုပ်စိုးရွှေက မယုံကြည်ပေ။

'မင်းက တော်တော်ပုံပြောကောင်းတဲ့သူပဲ၊ မင်း လူသတ်ပြီး ပြေးလာတာ မသိဘူးများမှတ်နေလား၊ ငါတို့ကို လာပြီး ဖြီးဖျန်းဖို့ စိတ်မကူးနဲ့'

'ဘုရားစူး၊ မိုးကြိုးပစ်ပါရစေရဲ့ ဆရာရယ်၊ ဒီတရားခံကို ကျွန်တော်က ဘာဖြစ်လို့ သတ်ရမှာလဲ၊ သူနဲ့ ရန်ငြိုးလည်း မရှိဘူး၊ သိလည်း မသိဘူး'





'အေး… အခု အသတ်ခံရတဲ့သူတွေဟာ တစ်နယ်စီက လာတဲ့သူတွေချည်းပဲ၊ ဘယ်သူ့ကိုမှ မသိဘူး၊ ရန်ငြိုးလည်း မရှိဘူး၊ ဒါပေမဲ့ တစ်ယောက်ပြီးတစ်ယောက် သေနေတာ၊ ဘယ်လိုလုပ်မလဲ'

'ဒါလည်း ဟုတ်ပါတယ် ဆရာ၊ အခုဟာက ကျွန်တော်ကိုက ကံဆိုးလွန်းပါတယ် ဆရာရယ်'

'ဘာမှလာပြောမနေနဲ့၊ မိုးလင်းတာနဲ့ စခန်းမှာရှင်းပေတော့'

'ကျွန်တော်တော့ ဘာမှရှင်းမပြတတ်တော့ဘူး၊ ကျွန်တော့်ကို လူသတ်သမားလို့ ထင်မှာစိုးလို့ လျှောက်လုပ်လေ ပိုထင်စရာဖြစ်လာတယ်'

ကိုဆန်နီက ညည်းညူကာပြောလိုက်ရာ ကိုမင်းနိုင်က…

'နဂိုကတည်းက ခင်ဗျားသတ်တယ်ဆိုတာ သိပြီးသားပဲ၊ အခု မိုးကြိုးကိုသတ်တဲ့ အမှုမှာတော့ ခင်ဗျားသတ်မှန်း ထင်ရှားနေပြီ'

'ကိုင်း… ကိုင်း… ပြောမနေနဲ့တော့၊ မိုးကြိုးသေတာ



www.burmeseclassic.com

www.burmeseclassic.com



ကို ခာတ်ပုံရိုက်ရဦးမယ်၊ ငါတော့ စခန်းရောက်တာနဲ့ အလုပ်ရှုပ်တော့မှာပဲ'

ထိုသို့ဖြင့် တည်းခိုသူများ တည်းခိုဆောင်သို့ ရောက်လာခဲ့ကြသည်။

'အင်း… တရားခံမိုးကြိုးဟာ လူသတ်ကောင်လို့ ထင်ထားတာ၊ အခု တရားခံမိုးကြိုးလည်း အသတ်ခံရပြီဆိုတော့ သူဟာ လူသတ်သမား မဖြစ်နိုင်တော့ဘူး'

'ဒါဆိုရင် ရှင်းနေတာပဲ'

အားလုံး၏ ပစ်မှတ်ကား ကိုဆန်နီပင် ဖြစ်တော့သည်။

ကိုဆန်နီကလည်း အမြဲတမ်း ပြုံးတူးပျာတာ။

လူသတ်မှုဖြစ်တိုင်း သူက အဲဒီနေရာ၌ ရောက်နှင့်နေသည်။

မောရမြိုင်တည်းခိုခန်းတွင် တည်းခိုနေသူအားလုံးမှာ အထိတ်တလန့်ဖြစ်နေသည်။ ရှုပ်ထွေးလှသော လူသတ်မှုများ၏ တရားခံမှာ မည်သူနည်း။

❑ ❑ ❑



## အခန်း(၁၀)
## အေါက်တာမင်းသကီခိုင်၏ ကြမ္မာရှိုင်း

မောရမြိုင်တည်းခိခန်းကလေး၌ သည်ညအဖို့ မည်သို့သော ကံကြမ္မာဂြိုဟ်ဆိုး ဝင်လေသည်မသိ။

တစ်ယောက်ပြီးတစ်ယောက်မှာ ပုံသဏ္ဍာန်အမျိုးမျိုး၊ ပုံစံအမျိုးမျိုးနှင့် ဆက်တိုက်ဆိုသလို လူသတ်မှုများ ပေါ်ပေါက်ခဲ့သည်။

သည်လို ထိတ်လန့်ဖွယ်အဖြစ်ဆိုးကြောင့် တည်းခိုသူများမှာ ကျီးလန့်စာစားဆိုသလို စိုးရွံ့ထိတ်လန့်နေသည်။

'လူသတ်မှုတစ်ခုပေါ်ပေါက်တိုင်း တည်းခိုသူများမှာ



www.burmeseclassic.com

www.burmeseclassic.com



အခန်းတွင်း၌ အောင်းမနေဘဲ မေးမြန်းကြ၊ ထင်မြင်ချက်ပြောကြ၊ ဆွေးနွေးကြနှင့် အားလုံး အလုပ်ရှုပ်နေခဲ့သည်။

ဒေါက်တာမင်းသက်နိုင်မှာ အစပိုင်းက ထွက်လာပြီး အသတ်ခံရသူများကိုစစ်ဆေးပေးသော်လည်း နောက်ပိုင်းပြဿနာများတွင် အခန်းထဲမှထွက်လာခြင်းမရှိသည်မှာ ထူးခြားသည်။

အားလုံးက ကိုယ့်ပြဿနာနှင့်ကိုယ် ရှုပ်ထွေးနေသဖြင့် သူ့ကို သတိမထားမိချေ။

အားလုံးမှာ လူသတ်တရားခံကို ရှာဖွေရန် စကားဝိုင်း၌ ဆွေးနွေးမိခဲ့သည်။

ဒုရဲအုပ်စိုးရွှေက…

'ကျုပ်တို့ အမိကထားပြီး ရှာဖွေရမယ့်သူကတော့ တရားခံဘယ်သူဆိုတာပဲ'

'ဟုတ်ပါတယ် ဆရာ'

'ပထမတုန်းက တရားခံမိုးကြိုးဟာ လူသတ်သမားလို့ ထင်ခဲ့မိတယ်၊ ဒါပေမဲ့ သူဟာ ဓားထိုးခံရပြီး သေသွားတော့ သူဟာ တရားခံမဖြစ်နိုင်ဘူး'





'ဟုတ်ပါတယ် ဆရာ'

အားလုံးက တရားခံဖော်ထုတ်ရန်အတွက် လွန်စွာ စိတ်ဝင်စားနေကြသည်။

'ဒီတော့ အခုအချိန်အထိ တရားခံအဖြစ်နိုင်ဆုံးက ကိုဆန်နီပဲ'

ကိုမင်းနိုင်က ဤသို့ဝင်ရောက်ဆွေးနွေးလိုက်သည်။

'ကိုမင်းနိုင်ရယ်… ခင်ဗျားကတော့ ကိုဆန်နီကို ဘယ်လောက်မုန်းနေသလဲ မသိဘူး၊ တရားခံဆိုတာနဲ့ ကိုဆန်နီပဲ'

'ဟုတ်တယ်ဗျာ၊ ကျွန်တော့်မိန်းမက မရှုမလှသေရတာဆိုတော့ စိတ်ထဲမှာ အရမ်းခံစားရတယ်ဗျာ၊ ကျွန်တော့်မိန်းမဟာ ဦးခေါင်းကို အရိုက်ခံရတာဗျ၊ နောက်ပြီး သူ့လက်ထဲမှာလည်း တုတ်ကြီးနဲ့၊ ရဲအရာရှိကြီးရယ် ဒီကိစ္စကို သေသေချာချာ စစ်ဆေးပေးပါဗျာ'

ကိုမင်းနိုင်က သူဖြစ်ချင်တာကို ထပ်ကာတလဲလဲ ပြောနေသည်။

ထို့နောက် ရဲအရာရှိက…



www.burmeseclassic.com

www.burmeseclassic.com



'ပြောရရင်တော့ဗျာ၊ တရားခံဘယ်သူလဲလို့ စဉ်းစားရင် အခုလက်ရှိ လူအားလုံးကို စဉ်းစားရမယ်'

'ဘယ်လို…'

'ဘယ့်နှယ်… ဘယ့်နှယ်'

'ဟုတ်တယ်လေ၊ ဒီမှာရှိတဲ့ လူအားလုံးထဲက တစ်ယောက်ဟာ တရားခံအစစ်ပဲ၊ မဟုတ်ဘူးလား'

ဒုရဲအုပ်စိုးရွှေက စဉ်းစားဉာဏ်ဖြင့် ပြောလိုက်ရာ ကိုအောင်နိုင်က…

'ဟုတ်ပါတယ် ဆရာ၊ ဆရာ ပြောသလို ကျွန်တော်တို့ အားလုံးထဲက တစ်ယောက်ဟာ တရားခံဖြစ်ကိုဖြစ်ရမယ်'

လေသံဖမ်းကာ စုံထောက်ဂိုက်ဖြင့် ပြောလိုက်သည်။ ဒုရဲအုပ်စိုးရွှေက ဆက်၍ပြောပြန်သည်။

'အခု အားလုံးထဲမှာ ကျုပ် ကိုဆန်နီကို ကိုအောင်နိုင်၊ ကျော်စိုးဦး၊ ကိုမင်းနိုင်နဲ့ ဒေါက်တာမင်းသက်ခိုင်ဆိုပြီး ယောကျ်ား ခြောက်ယောက်ရှိတယ်၊ အမျိုးသမီးက မိုးသဉ္ဇာထက် ရှိတယ်၊ အဲဒီခုနစ်ယောက်ထဲက တစ်ယောက်ဟာ လူသတ်သမားပဲ'





'ဟုတ်ပါ့၊ ဟုတ်ပါ့'

'ကျုပ်က ရဲအရာရှိဆိုတော့ လူသတ်ဖို့ မဖြစ်နိုင်ဘူး'

'ကျွန်တော်လည်း ဒရိုင်ဘာပါ၊ ကားမောင်းတာပဲ ကျွမ်းကျင်တယ်၊ လူသတ်တာ မကျွမ်းကျင်ဘူး'

ကိုအောင်နိုင်က ကမန်းကတန်း ဝင်ပြောလိုက်ရာ…

ကိုမင်းနိုင်က…

'ကျုပ်လည်း ဖနီးအသစ်စက်စက်ကလေးနဲ့ ဟန်းနီးမွန်း ထွက်လာတာပါဗျာ၊ လူသတ်ဖို့ စိတ်မကူးပါဘူး'

ထိုစဉ် ကိုကျော်စိုးဦးက…

'ကျွန်တော်က ပိုဆိုးသေးတယ်၊ မိန်းမနဲ့ ကလေးနဲ့၊ ဘယ်လိုလူသတ်မလဲဗျာ၊ အရေးထဲမှာ မိန်းမက ကားတိုက်လို့ မသေဘဲ လူသတ်သမားရဲ့ လက်ချက်နဲ့ သေရတာ ကံဆိုးလွန်းပါတယ်ဗျာ'

'ဒါဆိုရင် ကိုဆန်နီနဲ့ ဒေါက်တာမင်းသက်ခိုင်ပဲ ကျန်တယ်'

'ဟုတ်တယ်… ကိုဆန်နီကိုတော့ ပထမဦးစားပေး



www.burmeseclassic.com

www.burmeseclassic.com



သံသယရှိသူပဲ၊ ဒုတိယက ဒေါက်တာမင်းသက်နိုင်ပဲ'

'ဟုတ်တယ် ဆရာ၊ ဒေါက်တာမင်းသက်နိုင်ကို အခုမှ သတိရတယ်၊ ပထမ မနှင်းပွင့်နဲ့ ဒေါ်ခင်မာဝေ အသတ်ခံရပြီး နောက်ပိုင်း သူ အခန်းထဲကထွက်လာတာကို မတွေ့ရဘူး'

'ဟုတ်တယ်၊ ငါတို့လည်း ကိုယ့်ဘာသာကိုယ် အလုပ်ရှုပ်နေတော့ သူ့ကို မေ့နေတယ်'

ထိုသို့ ဒုရဲအုပ်စိုးရွှေက ပြောလိုက်သည်။

'ဟုတ်တယ်··· ကျွန်တော်တို့ စဉ်းစားမယ်ဆိုရင် ဒေါက်တာမင်းသက်နိုင်ကို ထည့်ပြီးစဉ်းစားရမယ်၊ ဘာကြောင့်လဲဆိုတော့ အခု လုပ်ရှားမှုမှာ သူလာတာမတွေ့ရတော့ဘူး'

'ဖြစ်နိုင်တယ်၊ သူ့ကိုယ်သူ ဆရာဝန်လို့ ပြောတာပဲ၊ ဟုတ် မဟုတ် ဘယ်သူက စစ်ဆေးလို့လဲ'

'ဟုတ်တယ်၊ ရုပ်ရှင်ထဲမှာ မတွေ့ဘူးလား၊ လူသတ်သမားက ဆရာဝန်ဟန်ဆောင်ပြီး တစ်ယောက်ပြီးတစ်ယောက် သတ်တာလေ'

'ဟုတ်တယ်၊ သူက စိတ္တဇလူသတ်သမားလေ၊ ဆရာဝန်





ဟန်ဆောင်ပြီးသတ်တာ၊ လူတွေက သူသတ်မှန်းမသိဘူး၊ နောက်ဆုံး ပွဲပြီးမှပဲ သိတော့တယ်'

'ကိုဆန်နီနဲ့ ဒေါက်တာမင်းသက်နိုင်ကို စောင့်ကြည့်ရမယ်'

'ကိုဆန်နီက အပေါ်ထပ်က အခန်း (၂၁)မှာရှိတယ်'

'ဒါဆိုရင် ဒေါက်တာမင်းသက်နိုင်ရဲ့ အခန်းကို သွားကြည့်ရအောင်'

'ကောင်းတယ်၊ ဒါမှလည်း ကျွန်တော်တို့ အခြေအနေအမှန်ကို သိမယ်'

ထိုသို့ပြောဆိုကာ ဒေါက်တာမင်းသက်နိုင်၏ အခန်းသို့ လျှောက်လာခဲ့ကြသည်။

အခန်းဝသို့ ရောက်သောအခါ ဒုရဲအုပ်စိုးရွှေက···

'ဒေါက်···'

'ဒေါက်···'

'ဒေါက်···'

အခန်းတံခါးကို ခေါက်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ခေတ္တစောင့်ဆိုင်းနေသော်လည်း အခန်းထဲမှ တစ်စုံတစ်ရာပြန်ထူးသံ မကြား။

'အခန်းထဲက ဘာသံမှမကြားဘူး ဆရာ'

ကိုမင်းနိုင်က ဤသို့ပြောပြီး…

'ဒေါက်…'

'ဒေါက်…'

'ဒေါက်…'

'ဆရာ ဦးမင်းသက်နိုင်'

'ဆရာ ဦးမင်းသက်နိုင်'

ဒေါက်တာ၏ အမည်ကိုခေါ်ကာ ထပ်မံတံခါးခေါက်လိုက်သည်။ ခေတ္တစောင့်ဆိုင်းနေသော်လည်း အခန်းတွင်းမှ မည်သည့်တုံ့ပြန်မှုမျှ မရချေ။

'အင်း… ထူးတော့ထူးတယ်၊ ဘာသံမှ မကြားဘူး'

ကိုအောင်နိုင်က ထိုသို့ပြောလိုက်ရာ ဒုရဲအုပ်စိုးရွှေက…

'တံခါးရဲ့ လက်ကိုင်ဘုကိုလှည့်ပြီး ဖွင့်ကြည့်လိုက်ရအောင်'





'ဟုတ်ကဲ့ ဆရာ'

ပြောပြောဆိုဆို ကိုအောင်နိုင်က တံခါး၏ လက်ကိုင်ဘုကို လှည့်ပြီးဖွင့်လိုက်ရာ တံခါးမှာ အလွယ်တကူပွင့်သွားသဖြင့် အခန်းတွင်းသို့ ဝင်လိုက်ရာ…

'ဟာ…'

'ဟင်…'

'ဟောဗျ…'

အာမေဋိတ်သံ ဆူညံစွာထွက်ပေါ်လာခဲ့သည်။

သူတို့မြင်လိုက်ရသည့် မြင်ကွင်းမှာ…

လည်ပင်းတွင် ဓားမြှောင့်တန်းလန်းစိုက်ဝင်ပြီး မျက်စိပြူးကာ သေဆုံးနေသည်။ အိပ်ရာပေါ်တွင် သွေးများအိုင်ထွန်းနေသည်။

သူ့ကို တွေ့ရသည်မှာ ကြောက်မက်ဖွယ်ကောင်းသည့် တစ်စုံတစ်ရာကို မြင်ရသည့်အလား သူ၏မျက်စိမှာ လွန်စွာပြူးကျယ်ရှိချေသည်။

'ကျုပ်တို့ နောက်ကျသွားပြန်ပြီ'



www.burmeseclassic.com

www.burmeseclassic.com



ဒုရဲအုပ်စိုးရွှေက ခပ်လေးလေးပြောလိုက်ရာ ကိုကျော်စိုးဦးက…

'ဒီတစ်ခါလည်း လူသတ်သမားက လက်ဦးသွားပြန်ပြီ ဆရာ'

'ဟုတ်တယ်၊ လူသတ်သမားပဲ ကိုယ်ပျောက်နေသလား မသိဘူး၊ ကျုပ်တို့ အမြဲပဲ ခြေတစ်လှမ်းနောက်ကျသလိုဖြစ်နေပြီ'

ထိုစဉ် ကိုမင်းနိုင်က…

'ဆရာရယ်… အကောင်ကြီးကို တွေ့နေတာတောင် ခြေရာရှာနေသလိုဖြစ်နေပြီ၊ ကိုဆန်နီမှ ကိုဆန်နီပါ ဆရာရယ်၊ ဆရာပဲ ပြောတယ်လေ၊ တရားခံက ကိုဆန်နီနဲ့ ဒေါက်တာမင်းသက်ခိုင် နှစ်ယောက်ထဲက တစ်ယောက်ဖြစ်နိုင်တယ်ဆို'

'အေးလေ… ငါပြောခဲ့တယ်'

'အခုတော့ ဒေါက်တာမင်းသက်ခိုင် ထပ်ပြီး အသတ်ခံရပြန်ပြီ၊ ဒီတော့ ကိုဆန်နီတစ်ယောက်ပဲ ကျန်တော့တယ်'

'ဟုတ်တယ် ဆရာ၊ နောက်လူတွေ ထပ်ပြီး အသက်မဆုံးရှုံးရအောင် ကာကွယ်ဖို့တစ်ခုပဲရှိတော့တယ်'





'ကျုပ် နားလည်ပါတယ်၊ ဒီကောင့်ကို အခန်းနံပါတ် (၂၁)မှာ တက်ဖမ်းပြီး လက်ထိတ်ခတ်ထားမှဖြစ်မယ်'

'ဟုတ်တယ် ဆရာ၊ ဒီကောင့်ကို အမြန်ဆုံး လက်ထိတ်ခတ်ခြင်းဟာ အန္တရာယ်ကို ကြိုတင်ကာကွယ်ခြင်းပဲဖြစ်တယ် ဆရာ'

'ကဲ… ကျုပ်လည်း အများရဲ့ဆန္ဒကို မလွန်ဆန်တော့ပါဘူး၊ ခင်ဗျားတို့ အားလုံးရှေ့မှာ ကိုဆန်နီကို သွားဖမ်းမှဖြစ်မယ်'

ရဲအရာရှိ အပါအဝင် တည်းခိုသူအားလုံးမှာ ကိုဆန်နီရှိရာ အခန်းနံပါတ် (၂၁) ဆီသို့ သွားရောက်ခဲ့ကြသည်။

'ဆရာရေ… ကျွန်တော်တို့တော့ ကိုဆန်နီဆီ အမြန်ဆုံးသွားမှဖြစ်မယ်၊ တော်ကြာ သူက ကြိုသိပြီး ထွက်ပြေးသွားမှတရားခံပျောက်နေဦးမယ်'

ကိုမင်းနိုင်က စိုးရိမ်တကြီးနှင့် ပြောလိုက်ရာ ဒုရဲအုပ်စိုးရွှေက…

'ဟုတ်တယ်၊ ကျုပ်တို့ အမြန်ဆုံးပြေးမှပဲ'



www.burmeseclassic.com

www.burmeseclassic.com



ထိုသို့ပြောပြီး ခြောက်လုံးပြူးကို အသင့်ကိုင်ကာ တည်းခိုခန်း၏ အပေါ်ထပ်သို့ အပြေးတက်လာခဲ့သည်။

အခန်းနံပါတ် (၂၁)သို့ ရောက်သောအခါ တံခါးခေါက်မနေတော့ဘဲ ဒုရဲအုပ်စိုးရွှေက ကျန်လူများကို…

'ရှုတ်… တိုးတိုး၊ ခင်ဗျားတို့ ဒီမှာနေခဲ့၊ ကျုပ် တံခါးကို ဆောင့်ဖွင့်ပြီး အရင်ဝင်နှင့်မယ်'

ဟု တိုးတိုးပြောလိုက်ပြီး တံခါးဘုကို လှည့်ဖွင့်ကာ သေနတ်နှင့်ချိန်ကာ…'

'ဟေ့ကောင် မလှုပ်နဲ့'

'အောင်မလေးဗျ…'

'ဟဲ့… ဟဲ့… ဘာလဲဟ'

ကိုဆန်နီမှာ ကြောက်လန့်တကြား အော်ဟစ်ကာ ထခုန်ပြီး အခန်းကိုပတ်ပြီးပြေးရာ…

'ကိုဆန်နီ မပြေးနဲ့၊ လက်မြှောက်လိုက်'

ဒုရဲအုပ် စိုးရွှေက သေနတ်နှင့်ချိန်ကာ ကိုဆန်နီ၏ နောက်သို့ အပြေးလိုက်ခဲ့သည်။ ကိုဆန်နီကလည်း ကြောက်အားလန့်





အားနှင့် အခန်းအပြင်ဘက်သို့ ပြေးထွက်လာရာ…

'ဒါမျိုးကို စောင့်နေတာကြာပြီ'

'မင်း ဘယ်ပြေးမလဲ ဆန်နီ'

ထိုသို့သော အသံများနှင့်အတူ အခန်းအပြင်ဘက်ရှိ ကိုအောင်နိုင်တို့အုပ်စုက ဝိုင်းဖမ်းလိုက်သည်။

'ဒီလိုဘယ်ရမလဲ ကိုဆန်နီရယ်'

'ကျွန်တော့်မှာ ဘာအပြစ်ရှိလို့လဲ ရဲအရာရှိကြီးရယ်'

'မင်းဟာ လူသတ်တရားခံပဲ၊ ဒါကြောင့် ဖမ်းတာ'

'ဘုရားပေးပေး ကျမ်းပေးပေး၊ ကျွန်တော် လူသတ်တရားခံ မဟုတ်ပါဘူး ရဲအရာရှိကြီးရယ်'

ကိုဆန်နီက ကြောက်ကြောက်လန့်လန့်ဖြင့် ထိုင်၍ရှိခိုးကာ ပြောလိုက်သည်။

'ကဲ… လူသတ်တရားခံ မဟုတ်ဘူးဆိုရင် မင်းက ဘာကြောင့်ပြေးတာလဲ'

'ကျွန်တော့်ဘာသာ ဒီအခန်းထဲမှာနေပြီး လူသတ်တရားခံဟာ ဘယ်သူဖြစ်နိုင်လဲလို့ တွေးနေတုန်း ဆရာက သေနတ်



www.burmeseclassic.com

www.burmeseclassic.com



ကြီးနဲ့ရောက်လာတော့ ဆရာ့ကို ရဲအတု လူသတ်သမားလို့ထင်ပြီး ပြေးမိပြေးရာ ပြေးလိုက်တာပါ'

'မင်းမှ အပြောကောင်းတယ်၊ ငါကပဲ လူသတ်တရားခံဖြစ်ရတယ်လို့၊ ကျော်မကောင်း ကြားမကောင်း၊ ဒီမှာ အပွင့်တွေ့လား'

ရဲအရာရှိက သူ၏ပခုံးမှ ငွေရောင်ကြယ်ပွင့်ကို ပြကာ ပြောလိုက်ရာ...

'တွေ့ပါတယ် ဆရာ'

'အိမ်း... အဲဒါ ဒုရဲအုပ်အစစ်ဆိုတာ ပြတာ၊ တယ်လေ ငါမပြောလိုက်ချင်ဘူး၊ ငါ့များ ရဲအတုတဲ့၊ သေအောင်ရိုက်ပစ်ချင်တယ်'

'မလုပ်ပါနဲ့ ဆရာ'

'မလုပ်ပါဘူး၊ စကားအဖြစ်ပြောတာပါ၊ လုပ်မှာက လက်ထိတ်ခတ်မယ်'

'ဆရာ ကျွန်တော့်မှာ ဘာအပြစ်ရှိလို့လဲ ဆရာ'





ကိုဆန်နီက သူ့အား လက်ထိတ်ခတ်မည်ဆိုသဖြင့် ကြောက်လန့်စွာမေးလိုက်ရာ...

'ဒေါက်...'

ဟူသော အသံနှင့်အတူ ကိုဆန်နီကို လက်ထိတ်ခတ်လိုက်သည်။

'ဟဲ... ဟဲ... ဟဲ... အခုမှပဲ လူသတ်တရားခံကို မိတော့တယ်'

ဒုရဲအုပ်စိုးရွှေက ဤသို့ပြောလိုက်သည်တွင် ကိုဆန်နီမှ...

'ဆရာရယ်... စဉ်းစားပါဦး၊ ကျွန်တော် လူသတ်တရားခံ မဟုတ်ပါဘူး'

'ဟော့ကောင်... လျှာမရှည်နဲ့၊ ငါက တရားခံတွေ ဖမ်းလာတာ များလှပြီ၊ ဘယ်သူကမှ ကျွန်တော်ဟာ လူသတ်တရားခံပါ၊ ကျွန်တော့်ကို ဖမ်းကြပါလို့ မပြောဖူးဘူး၊ ကျွန်တော်ဟာ တရားခံမဟုတ်ပါဘူးလို့ပဲ ငြင်းကြတယ်၊ မင်း ဘာပြောပြော ဘယ်လိုငြင်းငြင်း တရားရုံးပေါ်ကျမှ မင်း ရှင်းပေတော့'



www.burmeseclassic.com

www.burmeseclassic.com



'မဟုတ်ပါဘူးပြောလည်း မရပါလား၊ ကဲ… ကျွန်တော်လည်း ဘာမှမတတ်နိုင်တော့ဘူး၊ အဖြစ်အပျက်အားလုံးကို ရုံးပေါ်ကျမှ ရှင်းတော့မယ်'

ကိုဆန်နီက ဖျစ်တောက် ဖျစ်တောက် ပြောရာ…

ကိုမင်းနိုင်က…

'ခွေးကောင်… ငါ့မိန်းမကို သတ်တာ ပေါ်လို့ကတော့ မင်း မချောင်ဘူးမှတ်'

ဟူ၍ ကြိမ်းမောင်းလိုက်ရာ ကိုဆန်နီက…

'ခင်ဗျားမိန်းမလည်း ကျုပ် မသတ်ဘူး၊ ဘယ်သူ့မှလည်း မသတ်ဘူး'

'ဒါဆိုရင် အခု သေသွားတဲ့သူတွေကို ဘယ်သူသတ်သလဲ၊ အခုသေတာ စုစုပေါင်း ခြောက်ယောက်ရှိသွားပြီ'

'ဒီတည်းခိုခန်းက သချိုင်းမြေနဲ့ ဆက်နေမှတော့ မကောင်းဆိုးဝါး ကြမ္မာဆိုးတွေဝင်ပြီး ဘယ်သူက လာသတ်သွားသလဲမှ မသိတာ'

'ဟေ့ကောင်… မင်း လူလည်မလုပ်နဲ့၊ စကားကို ဇွ





လည်ကြောင်ပတ် လာမပြောနဲ့၊ မင်း သတ်တုန်းက သတ်ပြီးဘာမှ ကြမ္မာဆိုးတွေ ဘာတွေ လာမပြောနဲ့၊ မင်းရှိုးတိုင်း ငါတို့မယုံဘူး'

ကျော်စိုးဦးက ထိုသို့ပြောလိုက်သည်။

'ကဲ… ကဲ… ဒီကောင်က တရားခံဖြစ်သွားပြီဆိုတော့ သူ့ကို ညှော်ခန်းထဲခေါ်သွားရမယ်'

'ဟုတ်တယ်၊ ဟေ့ကောင်… ထ၊ အောက်ထပ်ကိုဆင်းမယ်'

ဒုရဲအုပ်စိုးရွှေအပါအဝင် အားလုံးက သူ့ကို ဖမ်းဆီးကာ အောက်ထပ်သို့ ခေါ်ဆောင်လာခဲ့သည်။

'မင်းကို ညှော်ခန်းထဲက တိုင်နဲ့တွဲပြီး လက်ထိတ်ခတ်ထားမှဖြစ်မယ်'

'ဆရာ ကျွန်တော့်ကို တိုင်နဲ့ပဲတွဲပြီးခတ်ခတ်၊ ဒီအတိုင်းပဲထားထား၊ ကျွန်တော် ဘယ်မှမပြေးဘူး'

'ဒါက မင်းအပြောပဲ၊ ငါတော့ မင်းကိုမယုံဘူး'

'မယုံရင်လည်း ဆရာတို့သဘောပါပဲ'



www.burmeseclassic.com

www.burmeseclassic.com



ထိုသို့ဖြင့် ကိုဆန်နီကို ဧည့်ခန်းသို့ ခေါ်ဆောင်လာခဲ့ပြီး တိုင်နှင့်တွဲပြီး လက်ထိတ်ခတ်လိုက်သည်။

'ဟူး… အခုမှပဲ စိတ်အေးသွားတော့တယ်'

'ဒီကောင့်ကို အစောကြီးကတည်းက လက်ထိတ်ခတ်ထားရမှာ၊ အဲဒီလို လက်ထိတ်ခတ်ထားရင် ကျန်တဲ့သူတွေ သေမှာမဟုတ်ဘူး'

'အေးဗျာ… စောစောတုန်းက ဒီလို အကြံမရတာ နာတယ်ဗျာ'

ကိုမင်းနိုင်တို့အုပ်စုက တစ်ယောက်တစ်မျိုး ပြောဆိုခဲ့ကြသည်။

ထိုစဉ် ကိုဆန်နီက…

'ခင်ဗျားတို့ ကျုပ်ကို စောင့်ကြည့်ထားကြနော်၊ ကျုပ်လက်ထိတ်ခတ်ခံထားပေမယ့် ခင်ဗျားတို့ တစ်ယောက်ပြီးတစ်ယောက် သေကြဦးမှာ၊ နောက် အသတ်ခံရမယ့်သူက ကိုမင်းနိုင်ပဲဖြစ်မှာ'

'ဘာ… ဘာပြောတယ်'





ကိုဆန်နီက ဤသို့ပြောလိုက်ရာ ကိုမင်းနိုင်မှာ ထိတ်လန့်တကြားဖြစ်ကာ ဤသို့မေးလိုက်သည်။

'ဟုတ်တယ် ကိုမင်းနိုင်၊ ခင်ဗျားဟာ ကျုပ်ကိုပဲ လူသတ်သမားဆိုပြီး တစ်ချိန်လုံး စွပ်စွဲနေတာ၊ ဒါကြောင့် လူသတ်သမားလာရင် ခင်ဗျားကို အရင်ဆုံးသတ်စေချင်လို့ ဒီတစ်ခါ အသတ်ခံရမယ့်သူက ခင်ဗျားလို့ပြောတာ'

'ဒီမှာ ခင်ဗျား ပါးစပ်ပုပ်ကြီးနဲ့ ကျုပ်ကို လာပြီးမပြောနဲ့၊ ဒီလောက်လူတွေကြားမှာ လူသတ်ရအောင် အဲဒီတရားခံက ကိုယ်ပျောက်နေလို့လား၊ ကိုယ်ပျောက်မှပဲ လူသတ်လို့ရမှာ'

'ကျုပ်ထင်တာတော့ ကိုယ်ပျောက်လူသတ်သမားလို့ထင်တာပဲ'

'ဟေ့လူ… ခင်ဗျားအကြောင်းကို ကျုပ်တို့ သိသွားပြီဆိုပြီး သွေးရူးသွေးတန်း လျှောက်မပြောနဲ့'

'ဒါဆိုရင်လည်း စောင့်ကြည့်ပေါ့ဗျာ'

ကိုဆန်နီက ဤသို့ပြောလိုက်သည့်အတွက် နဂိုကပင် သေမှာကြောက်တတ်သည့် ကိုမင်းနိုင်မှာ ဖားမြှောင်တန်းလန်း



www.burmeseclassic.com

www.burmeseclassic.com



နှင့် သေဆုံးနေသူများကို သတိရကာ ပတ်ဝန်းကျင်ကို လှည့်၍ ကြည့်မိသည်။

ဘယ်ထောင့် ဘယ်အရပ်ကများ ဓားမြှောင်နှင့်ထွက်လာမလဲဟုတွေးကာ သူ၏လည်ပင်းကို စမ်းကြည့်ကာ…

'အမလေး… လည်ပင်းယားလိုက်တာ'

ဟူ၍ စိတ်ထဲမှ ကြိတ်ကာ ရေရွတ်လိုက်သည်။

❑ ❑ ❑



## အခန်း(၁၁)

## ဦးဘသော်နှင့် ပေါက်ဖိ

'ဟူး… ဗိုက်ဆာလိုက်တာ၊ တစ်ခါမှ ဒီလောက် မဆာဖူးဘူး'

ဒုရဲအုပ် စိုးရွှေမှာ ဗိုက်ဆာလွန်း၍ ဝမ်းဗိုက်ထဲက တကျုတ်ကျုတ်မြည်နေသည့်အတွက် ရှုံ့မဲ့ပြီးပြောလိုက်သည်။

သူ ဗိုက်ဆာသည်မှာ ဆာသင့်ပေသည်။

သည်တည်းခိုခန်းကို စရောက်လာကတည်းက လူသတ်မှုတွေနှင့် နပန်းလုံးနေရသည်။ လူသတ်မှုတစ်ခုဖြစ်တိုင်း ခေတ်ပုံ



www.burmeseclassic.com

www.burmeseclassic.com



ရိုက်ရ၊ စာရေးရနှင့် အလုပ်ရှုပ်နေသည်။ သံသယလူသတ်ကောင်ကို ရှာဖွေရန် သင်္ချိုင်းထဲသို့ လှည့်ပတ်ပြေးကား ပြေးရသည်။

လူသတ်သမားကိုရှာရင်း ကံကောင်း၍ ခွေးကိုက်မခံရပေ။

ဤမျှပင်ပန်းနေသူတစ်ယောက်အဖို့ ဗိုက်ဆာသည်မှာ မဆန်းချေ။

ကိုအောင်နိုင်ကလည်း ဒုရဲအုပ်စိုးရွှေနှင့်အတူ ပြေးလွှားရသူဖြစ်၍···

'ဆရာပြောတာ မှန်တယ်၊ ကျွန်တော်လည်း ဗိုက်အရမ်းဆာနေပြီ'

သူက ထပ်မံပြောလိုက်သည်။

ထို့နောက် ကိုမင်းနိုင်တို့အုပ်စုကလည်း···

'ကျွန်တော်တို့လည်း ဗိုက်ဆာတယ် ဆရာ'

ဟူ၍ ဝိုင်းပြောကြသည်။

'ကဲ··· ကိုဆန်နီ၊ ဒီတည်းခိုခန်းမှာ ဘာတွေရနိုင်မလဲ'





'ခေါက်ဆွဲပြုတ်တို့၊ ခေါက်ဆွဲကြော်တို့၊ ကြက်အူချောင်းကြော်တို့ ရနိုင်ပါတယ်'

'အဲဒါတွေက ဘယ်မှာလဲ'

'တည်းခိုဆောင် မြောက်ဘက်မှာ စားဖိုဆောင် သတ်သတ်ရှိပါတယ်'

'အဲဒါဆိုရင် မင်းလိုက်ခဲ့'

'လိုက်ခဲ့တာတော့ ဟုတ်ပါပြီ၊ ခေါက်ဆွဲပြုတ်ဖို့၊ ခေါက်ဆွဲကြော်ဖို့ ကျွန်တော့်ကို လက်ထိတ်ဖြုတ်ပေးမှပေါ့'

'ဟေ့ကောင် ခေါက်ဆွဲကြော် အကြောင်းပြပြီးတော့ အခွင့်အရေးယူပြီးမတောင်းနဲ့၊ လက်ထိတ်ဖြုတ်သင့်ရင် ဖြုတ်ပေးမယ်'

ထိုသို့ပြောနေစဉ် မိုးသန္တာထက်က···

'သူ့ကို လက်ထိတ်ဖြုတ်ပေးစရာ မလိုပါဘူး၊ ကျွန်မ ခေါက်ဆွဲကောင်းကောင်းကြော်တတ်ပါတယ်၊ မီးဖိုခန်းသာ လိုက်ပြပါ'

'နင်ကတော့ အမြဲပဲ စပ်စပ်ပါနေတာပဲ၊ ဒီတစ်ခါတော့ နင့်အလှည့်နဲ့တူတယ်'



www.burmeseclassic.com

www.burmeseclassic.com



'ရှင့်ကို လက်ထိတ်ခတ်ထားမှတော့ နောက်လှူ သေစရာ မရှိတော့ဘူး'

'အေးပါ… မကြာခင် ငါ့အကြောင်း နင်သိရမယ်'

ကိုဆန်နီနှင့် မိုးသန္တာထက်တို့မှာ တစ်ယောက်တစ်ခွန်း ငြင်းခုံနေသဖြင့် ဒုရဲအုပ်စိုးရွှေက စိတ်မရှည်စွာနှင့်…

'ကဲ… ကဲ… စကားများမနေကြနဲ့၊ ဗိုက်က အရမ်းဆာနေပြီ၊ မီးဖိုဆောင်ကို သွားကြစို့'

'ဟုတ်ကဲ့ ဆရာ'

ကိုဆန်နီ ဦးဆောင်သော အဖွဲ့သားများသည် မီးဖိုဆောင်ဘက်သို့ ထွက်ခွာလာခဲ့ကြသည်။

မီးဖိုဆောင်ကလေးကား တည်းခိုခန်းနှင့် တွဲရက်မဟုက်ဘဲ သီးခြားအဆောက်အအုံကလေးတစ်ခုဖြစ်သည်။ သို့သော် တည်းခိုခန်း၏ အပေါ်ထပ်နှင့်အောက်ထပ်သို့ဆင်းသည့် လှေကားအဆုံးတွင် အမိုးပါသည့် စင်္ကြံပတ်လမ်းကလေး ရှိသည်။ ထိုစင်္ကြံလမ်းကလေးနှင့် မီးဖိုဆောင်မှာ ဆက်ထားပြီး ထိုလမ်းအတိုင်း သူတို့လျှောက်လာခဲ့သည်။





စင်္ကြံလမ်းနှင့် မီးဖိုဆောင်မှာ ခြောက်ဆယ်ဝပ်မီးသီးများ ထွန်းထားသဖြင့် လင်းထိန်နေသည်။

ဒုရဲအုပ် စိုးရွှေက စင်္ကြံပတ်လမ်းကလေးကိုကြည့်ပြီး…

'ဒီပတ်လမ်းကလေးက တည်းခိုခန်းရဲ့ အပေါ်ထပ်ရော အောက်ထပ်အခန်းတွေဆီကို အားလုံးသွားလို့ရတာပဲ'

'ဟုတ်တယ် ဆရာ၊ ဒီတည်းခိုခန်းဆောက်ထားတဲ့သူက လက်သမားပညာ တော်တော်ကျွမ်းကျင်ပုံရတယ်၊ အချိန်မရွေး မီးဖိုဆောင်ကို လာနိုင်တယ်၊ မီးဖိုဆောင်က လူကလည်း ဒီတည်းခိုခန်းရဲ့ အထက်ရော အောက်ပါ လာလို့ရတယ်'

ထိုသို့ပြောရင်း မီးဖိုဆောင်သို့ ရောက်ရှိလာသည်။

ဒုရဲအုပ်စိုးရွှေက စေ့ထားသောတံခါးကို တွန်းဖွင့်လိုက်သည်။ မီးဖိုဆောင်မှာ ကျယ်ဝန်းသပ်ရပ်လှသည်။

စားသောက်ဖွယ်ရာ ဟင်းသီးဟင်းရွက်များ၊ ဂေါ်ဖီထုပ်၊ ပန်းဂေါ်ဖီ အစရှိသည့် သီးနှံများကို စင်ပေါ်တွင် တွေ့ရှိရသည်။

ခေါက်ဆွဲခြောက်များ၊ ကြာဆံခြောက်များကို ကြောင်အိမ်ထဲ၌ တွေ့ရှိရသည်။



www.burmeseclassic.com

www.burmeseclassic.com



'ဆရာ ဒီမှာ ခေါက်ဆွဲခြောက်တွေနဲ့ ကြာဆံခြောက်တွေ ရှိတယ် ဆရာ'

ထိုသို့ပြောပြီး ကြောင်အိမ်တံခါးကို ဖွင့်ပြခဲ့သည်။

'ဒီဘက်က ရေခဲသေတ္တာထဲမှာ ကြက်အူချောင်း၊ ဝက်အူချောင်း၊ ငါးသေတ္တာ အစုံရှိတယ်၊ ဟိုဘက်ထဲမှာ ဆီတို့၊ ကြက်သွန်တို့ရှိတယ်၊ ကျွန်တော် ကြော်ပေးရမလား ဆရာ'

ကိုဆန်နီက ဒုရဲအုပ်စိုးရွှေကို မျက်နှာလုပ်ပြီး မေးလိုက်သည်။

သည်တွင် မိုးသန္တာထက်က...

'ဒီမှာ ချက်ဖို့ပြုတ်ဖို့ မိန်းကလေးတစ်ယောက်လုံး ရှိနေမှတော့ ရှင့်ကို ဘယ်သူကမှ မကြော်ခိုင်းဘူး၊ ပစ္စည်းရှိတဲ့နေရာကို ပြရင် ရပြီ'

'နင်တို့မိန်းမတွေဟာလေ တော်တော်အပြောင်းအလဲမြန်တယ်'

'ဘာ... ဘာပြောတယ်'

'ဒီတည်းခိုခန်းကို ရောက်ကာစတုန်းကတော့ ဒီမှာနေစရာမပေးမှာစိုးလို့ ငါ့ကို မျက်စိမှိတ်ပြလိုက် ရယ်ပြလိုက်နဲ့'

'ရှင်နော်၊ အပိုတွေလာမပြောနဲ့၊ အခုလည်း ကျွန်မက သူများလို ပိုက်ဆံပေးပြီးတည်းတာ၊ အလကားတည်းတာ မဟုတ်ဘူး'

'အေးလေ... အခုတော့ ဒီစကားမျိုးပြောပြီပေါ့'

'ရှင်က လူသတ်သမားဆိုတော့ ရှင့်ကို လက်ထိတ်ဖြုတ်လိုက်ရင် ရှင် ထွက်ပြေးမှာစိုးလို့ ဘယ်သူကမှ လက်ထိတ်ဖြုတ်ပေးမှာ မဟုတ်ဘူး၊ လက်ထိတ်ကြီးတန်းလန်းနဲ့ ရှင် ကြော်နေရမှာစိုးလို့ တမင်ဝင်ပြီးကြော်ပေးမလို့'

'မင်းမှ အပြောကောင်းတယ် မိန်းကလေး၊ ငါ့ကို လက်ထိတ်ဖြုတ်ပေးလည်း ငါ မပြေးပါဘူး'

'ဒါလည်း ရှင့်အပြောပဲ၊ ကဲပါလေ... ရှင် နားလိုက်ပါဦး၊ ကျွန်မပဲ ခေါက်ဆွဲခြောက်တွေကို ပြုတ်ပေးလိုက်ပါ့မယ်'

မိုးသန္တာထက်က မီးမွှေးကာ ခေါက်ဆွဲခြောက်များကို စတင်ပြုတ်ပြီး ကြက်သွန်နှင့် ငေါ်ဖီတို့ကို အမြန်ဆုံးလှီးလိုက်သည်။







www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် ကြက်အူချောင်း၊ ဝက်အူချောင်းများကို ပါးပါးလှီးပြီး ကြက်ဥများကို ဖောက်ထည့်ရန် အဆင်သင့်ပြုလုပ်ထားလိုက်သည်။

ကိုဆန်နီအပါအဝင် အားလုံးက လျှင်မြန်စွာ ခေါက်ဆွဲပြုတ်နေသော မိုးသန္တာထက်၏ လုပ်ပုံကိုင်ပုံကို ကြည့်နေသည်။ ထိုစဉ် မိုးသန္တာထက်က…

'ခေါက်ဆွဲကြော်နဲ့ဆိုရင် ကြက်သား၊ ဝက်သား တစ်ခုခုထည့်မှ စားလို့ကောင်းတာ'

ဤသို့ပြောရင်း ကြက်အူချောင်းများကို ပါးပါးလှီးနေသည်။

'ဟုတ်တယ်၊ ကြက်အူချောင်းထက် ကြက်သား ပိုပြီးကောင်းတယ်'

ထိုသို့ပြောနေစဉ် ကိုကျော်စိုးဦးက…

'ဟိုမှာ ဖရီဇာကြီးတစ်ခု'

မီးဖိုဆောင်၏ အစွန်ဆုံးတွင် အသားငါးများ ထည့်သည်။ ဖရီဇာခေါ် ရေခဲသေတ္တာအကြီးကြီးတစ်လုံးကို တွေ့လိုက်သည်။





'ဟုတ်တယ်… ဖရီဇာကြီးရှိတယ်၊ အဲဒီအထဲမှာ ကြက်သားတို့၊ ဝက်သားတို့ ရှိချင်မှရှိမှာ'

'ဟုတ်တယ် ကိုကျော်စိုးဦး၊ ဖရီဇာကြီးကို ဖွင့်ကြည့်ရရင် မကောင်းဘူးလား'

ထိုသို့ပြောနေစဉ် ကိုဆန်နီက…

'ဖရီဇာထဲမှာ ဘာမှမရှိဘူး၊ မဖွင့်နဲ့'

ဟူ၍ လှမ်းအော်ပြောလိုက်သည်။

ဒုရဲအုပ်စိုးရွှေက…

'ဘာလို့ မဖွင့်ရမှာလဲ၊ သူတို့ကြည့်ချင်တာ ကြည့်ပါစေ'

ဟု ခပ်ထောက်ထောက် ပြန်ပြောလိုက်သည်။

'ဖရီဇာကို မဖွင့်နဲ့၊ အထဲမှာ ဘာမှမရှိပါဘူးဆိုနေမှ'

ကိုဆန်နီက ဤသို့ပြောရင်း ဖရီဇာကြီးအနီးသို့ အပြေးလာပြီး ဖရီဇာကြီး၏ အဖုံးကို လက်ဖြင့်ဖိထားလိုက်သည်။

သည်တွင် ဒုရဲအုပ်စိုးရွှေက ကိုဆန်နီအား…

'ခင်ဗျား ဘာဖြစ်လို့ ဒီလောက်ဖြစ်နေရတာလဲ'

ဟု လှမ်းပြောလိုက်သည်။ ကိုဆန်နီ၏ မျက်နှာတစ်ပြင်



www.burmeseclassic.com

www.burmeseclassic.com



လုံး ခေါင်းမျှားများပြန်နေပြီး သူ၏နှုတ်ခမ်းမှလည်း…

'မဖွင့်ရဘူး၊ ဘယ်သူမှ ဖရီဇာကြီးကို မဖွင့်ရဘူး'

ဟူ၍ ဆူညံစွာ အော်ဟစ်နေခဲ့သည်။

အလန့်တကြား အော်ပြောလိုက်သည့်အတွက် အားလုံးက ကိုဆန်နီကို တအံ့တသြကြည့်နေကြသည်။ ထိုစဉ် ဒုရဲအုပ်စိုးရွှေက…

'ဟေ့ကောင်… မင်း ဘာဖြစ်နေတာလဲ'

'ဖရီဇာကြီးကို မဖွင့်ပါနဲ့'

'ဖွင့်တော့ ဘာဖြစ်လဲကွာ'

'အေးလေ… မင်းက ဘာကြောင့် လာတားနေရတာလဲ'

'တစ်ခုခုတော့ ထူးခြားချက်ရှိမယ်'

တစ်ယောက်တစ်ပေါက် ဆူညံစွာပြောဆိုပြီး ဖရီဇာ၏ အဖုံးကို ဖိထားသည့် ကိုဆန်နီ၏လက်ကို ဆွဲဖယ်လိုက်ကြသည်။ ထို့နောက် ကိုအောင်နိုင်က ဖရီဇာ၏ အဖုံးကို ဖွင့်လိုက်ရာ…

'အမလေးဗျ…'

'ဟာ… လူသေကောင်ကြီးပါလား'





'ဘယ့်နှယ်ဟာကြီးပါလိမ့်'

အားလုံးမှာ လွန်စွာအံ့သြစွာ ပြောလိုက်သည်။

သူတို့မြင်တွေ့ရသည့်အရာမှာ ဖရီဇာထဲတွင် ရှပ်လက်တို အကွက် အပြာရောင်ကို ဝတ်ဆင်ထားပြီး အောက်ပိုင်းက နက်ပြာရောင်ပုဆိုးအကွက်ကို ဝတ်ဆင်ထားသည့် အသက်ငါးဆယ် အရွယ်ခန့်ရှိ အမျိုးသားကြီးတစ်ဦးကို တွေ့လိုက်ရသည်။ သူ၏ ရင်ဘတ်တွင် ဓားမြှောင်တစ်ချောင်း ဝင်နေပြီး ဘယ်ဘက်ရင်အုံမှ သွေးများစီးကျနေသည်။

မည်သည့်အချိန်ကတည်းကပင် ဤဖရီဇာကြီးထဲသို့ ရောက်နေသည်မသိ။ ရေခဲမှုန့်များ ဖုံးလွှမ်းနေသဖြင့် ဦးခေါင်းနှင့် မျက်နှာပေါ်တွင် ရေခဲမှုန်ဖြူဖြူကလေးများ တင်နေသည်။

ထိုစဉ်…

ဒုရဲအုပ်စိုးရွှေက ကိုဆန်နီကို စေ့စေ့ကြည့်ကာ…

'ဒီလူကြီးကို မင်းပဲသတ်တာ မဟုတ်လား'

ဟု လှမ်းမေးလိုက်ရာ…

'အဟီး… ဟီး… ဒီအလောင်းကြီးကို မြင်ရင် ဒီလိုပဲ



www.burmeseclassic.com

www.burmeseclassic.com



ပြောမယ်ဆိုတာ သိပြီးသားပဲ၊ ကျွန်တော်ကိုက ကံဆိုးပါတယ်ဗျာ'

ကိုဆန်နီမှာ မည်သို့မျှ ဟန်မဆောင်နိုင်ဘဲ ငိုယိုကာ ပြောလိုက်သည်။

'ခင်ဗျားဟာ တော်တော်ဟန်ဆောင်ကောင်းတာပဲ၊ ဒီလူကြီးကို ခင်ဗျား အရင်ဆုံးသတ်တာ မဟုတ်လား'

'မဟုတ်ပါဘူးဗျာ၊ ကျွန်တော် အမှန်တရားကို ဖွင့်ဟဝန်ခံပါမယ်'

'ဒါကြောင့်ပြောတာပေါ့၊ မင်းဟာ လူသတ်သမားအစစ်ဆိုတာ ငါသိတာပေါ့ကွ၊ ဟား… ဟား… ဟား…'

ဒုရဲအုပ်စိုးရွှေက စုံထောက်ကြီးဦးစံရှားစတိုင်လ်ဖြင့် ဤသို့ပြောလိုက်သည်။ ကိုဆန်နီက မျက်ကလဲဆန်ပျာဖြင့်…

'ဆရာ… ဆရာ မှားနေပြီ၊ ကျွန်တော် ပြောတာ အဲဒီလိုမဟုတ်ပါဘူး၊ ဒီအလောင်းကြီးကို ကျွန်တော် အရင်ဆုံးတွေ့ခဲ့တာလို့ ပြောချင်တာပါ'

'ဒါဆို အမှန်တရားကို ဝန်ခံမယ်ဆိုတာ ဘာလဲ'





'ဟုတ်ကဲ့… အခု ပြောပါ့မယ် ဆရာ၊ ကျွန်တော်ဟာ တကယ်တော့ သူခိုးတစ်ယောက်ပါဗျာ'

'ဟင်…'

'ဟာ…'

'ဘယ်လို…'

အားလုံးက ကိုဆန်နီ၏ စကားကြောင့် တအံ့တသြ အာမေဋိတ်သံ ထွက်ပေါ်လာခဲ့သည်။

'ကဲ… သူခိုးဆိုလည်း သူခိုးအကြောင်း ပြောစမ်း'

'ကျွန်တော်ဟာ စားစရာမရှိရင် ဒီတည်းခိုခန်းက မီးဖိုဆောင်မှာ အစားအသောက်တွေကို လာပြီးခိုးနေကျပါ၊ ဒီတည်းခိုခန်းပိုင်ရှင်ကတော့ ဒီဖရီဇာထဲမှာ သေနေတဲ့ ဦးဘသော်ပါပဲ၊ ညဘက်မှာဆိုရင် ဝန်ထမ်းတွေမရှိတော့ဘူး၊ ဦးဘသော်တစ်ယောက်တည်းပဲ ဒီတည်းခိုခန်းမှာ စောင့်နေတယ်၊ ဖြစ်ချင်တော့ မနေ့ည (၈)နာရီလောက်မှာ…

ထိုသို့အစချီကာ ကိုဆန်နီက ပြောပြခဲ့သည်။

မိုးကလေး တဖွဲဖွဲရွာနေသည်။



www.burmeseclassic.com

www.burmeseclassic.com



အချိန်ကား ညရှစ်နာရီခန့်သာ ရှိသေးသည်။

ကိုဆန်နီက ထုံးစံအတိုင်း မီးဖိုဆောင်ဆီသို့ ခိုးကြောင်ခိုးဝှက်နှင့် ဝင်ရောက်လာခဲ့သည်။ စားသောက်ဖွယ်များကို ယူမည်အပြုတွင် တံခါးဝမှ…

'ဒုန်း…'

'ဒုန်း…'

ဒုန်းဒိုင်းဒိုင်းဒိုင်းအသံများ ကြားသဖြင့် အကွယ်တွင် ဝင်ပုန်းနေလိုက်သည်။

ထိုစဉ် တံခါးဝမှ ဗလကောင်းကောင်း၊ အသားညိုညို လူတစ်ဦးက အသက်ငါးဆယ်ကျော်အရွယ်ရှိ လူကြီးတစ်ဦးကို မီးဖိုဆောင်ထဲသို့ အတင်းဆွဲခေါ်လာသည်ကို တွေ့ရှိရသည်။ ထိုဗလကောင်းကောင်းလူကြီး၏ လက်ထဲတွင် ဓားမြှောင်တစ်ချောင်းကို ကိုင်ထားသည်ကို တွေ့မြင်လိုက်ရသည်။ ထိုအသက်ငါးဆယ်ကျော် လူကြီးက ဗလကောင်းကောင်းလူအား…

'ဟေ့ကောင် မင်း ငါ့ကို ဘာလုပ်ချင်လို့လဲ'

ဟု မေးလိုက်သည်။ သို့သော် ဗလကောင်းကောင်းလူက





မည်သို့မျှပြန်မဖြေဘဲ ထိုလူကြီးကို အတင်းဆွဲခေါ်လာခဲ့သည်။

'ဟေ့ကောင် ငါ့ကိုလွှတ်စမ်း၊ ငါက ဒီတည်းခိုခန်းပိုင်ရှင်ကွ၊ မင်းက ဘာမို့လို့ ငါ့ကိုဆွဲခေါ်လာတာလဲ၊ ငါ့ဘာသာ ငါ ဒီစကြံမှာ လမ်းလျှောက်နေတာ၊ ငါ့ကိုလွှတ်စမ်း'

ထိုလူကြီးက တတွတ်တွတ်ပြောရင်း မီးဖိုဆောင်အလယ်သို့ ရောက်ရှိလာခဲ့သည်။ ထို့နောက် ဗလကောင်းကောင်းလူက…

'ခင်ဗျားကို ဘာဖြစ်လို့ ကျုပ်က လွှတ်ရမှာလဲ၊ မနေ့ကတည်းက ခင်ဗျားကို သတ်ချင်နေတာ၊ လူမရှင်းလို့ အခုမှသတ်ရမှာ၊ ဟား… ဟား… ဟား…'

'မင်းနဲ့ ငါနဲ့ ဘာရန်ငြိုးရှိလို့လဲ'

'မနေ့က ပိုက်ဆံမရှိလို့ ခင်ဗျားဆီမှာ ပိုက်ဆံလာချေးတာ ခင်ဗျားက ငေါက်ငမ်းလွှတ်လို့ ကျုပ် မနေ့ညက တစ်ညလုံး ဘာမှမစားရဘူး'

'ဟေ့ကောင်… သောက်ရူး၊ မင်း ငါ့ဆီကို ခဏခဏ ပိုက်ဆံလာချေးပြီးတော့ ဘယ်တော့မှ ပြန်မဆပ်ဘူး၊ ဒီတော့ ငါ ဘယ်ချေးမလဲ'



www.burmeseclassic.com

www.burmeseclassic.com



'ရတယ်လေ၊ ခင်ဗျားက ငွေရှင်ကြေးရှင်ဆိုပြီး ဂုဏ်မောက်တော့ ခင်ဗျားအတွက် ရမယ့်ဆုက ဒီဓားမြှောင်ပဲ'

'ဟော့ကောင်… အရှုးပေါက်စီ၊ မင်း ငါ့ကို မလုပ်ပါနဲ့ကွာ၊ ငါ မင်းကို ငွေချေးပါ့မယ်'

'အခုမှ ငွေချေးလို့ ဘာလုပ်မှာလဲ၊ ကျုပ် ခင်ဗျားကိုပဲ သတ်မယ်'

'စွပ်…'

'အား…'

အရူးပေါက်စီက တည်းခိုခန်းပိုင်ရှင်၏ နှလုံးသားနေရာ တည့်တည့်ကို ဓားမြှောင်နှင့် ထိုးစိုက်လိုက်ရာ ဦးဘသော်မှ…

'မလုပ်ပါနဲ့ ပေါက်စီ၊ မ… လုပ်… ပါ… နဲ့'

ထိုသို့ပြောပြီး ကြမ်းပြင်ပေါ်သို့ လဲကျသွားသည်။

'ကဲကွာ… အမြဲတမ်း ငါ့ကို ကြိမ်းမောင်းနေတဲ့ အကောင်ကြီး၊ ငရဲပြည်ကို သွားပေတော့'

ဦးဘသော်၏ ကိုယ်လုံးကြီးမှာ ကြမ်းပြင်ပေါ်တွင် ဆန့်ငင်ဆန့်ငင်ဖြစ်ကာ တစ်ခဏအကြာတွင် ငြိမ်ကျသွားခဲ့သည်။





'ဟား… ဟား… ဟား… ပေါက်စီတဲ့ကွ၊ ဒီညတော့ မင်းကို ငါ သတ်နိုင်ပြီကွ'

ထိုသို့ပြောဆိုပြီး စိတ္တဇလူသတ်သမား ပေါက်စီမှာ ကိုဘသော်၏ နှာခေါင်းကို လက်ဖြင့်စမ်းသပ်ကာ…

'သေပြီ… သေပြီ၊ ခင်ဗျားကြီး သေသွားပြီ၊ ဒီတော့ ဒီအတိုင်း ကြမ်းပေါ်မှာနေတာထက် အေးအေးလူလူနေရာအောင် ရေခဲသေတ္တာကြီးထဲကို ဝင်နေပေါ့၊ ဟုတ်လား'

ထိုသို့ပြောဆိုပြီး အရူးပေါက်စီက ဦးဘသော်၏အလောင်းကြီးကို ပွေ့ယူကာ ဖရီဇာထဲသို့ ထည့်လိုက်သည်။ တစ်ခဏအကြာတွင် အရူးပေါက်စီ ထွက်ခွာသွားခဲ့သည်။

အရူးပေါက်စီ ထွက်သွားပြီး အတန်ကြာမှ ကိုဆန်နီသည် ပုန်းရာမှထွက်လာပြီး အခြေအနေအရပ်ရပ်ကို ကြည့်လိုက်သည်။

'အင်း… တည်းခိုခန်းပိုင်ရှင် ဦးဘသော်ကြီးတော့ သေရှာပြီ၊ ငါလည်း ငွေလိုနေတဲ့သူဆိုတော့ ဧည့်ခန်းက အံဆွဲထဲမှာ ငွေတွေများရှိမလား မသိဘူး၊ အဲဒီသွားပြီး ငွေရှာကြည့်ဦးမှပဲ၊ ငွေတွေရရင် ယူပြီး ငါထွက်ပြေးမယ်'



www.burmeseclassic.com

www.burmeseclassic.com



ထိုသို့ အကြံအစည်ဖြင့် ကိုဆန်နီက တည်းခိုခန်းရှိ ဧည့်ခန်းအတွင်းသို့ လာခဲ့သည်။ ထို့နောက် ဧည့်ခန်းအတွင်းရှိ အံဆွဲကိုဖွင့်ပြီး ငွေစက္ကူများကို ရှာဖွေနေစဉ်...

'ဆိုင်ရှင်တို့... ဆိုင်ရှင်တို့'

ဟူသော အသံနှင့်အတူ ဧည့်သည်များ တည်းခိုခန်းသို့ ရောက်ရှိလာခဲ့သည်။

'ဩော်... ဧည့်သည်တွေပါလား၊ လာပါ ခင်ဗျ'

ကိုဆန်နီက တည်းခိုခန်းပိုင်ရှင်အဖြစ် ဟန်ဆောင်ကာ ဧည့်သည်များကို နေရာချပေးလိုက်သည်။

သူ၏စိတ်တွင်...

'အင်း... အခုတော့ ဧည့်သည်တွေရောက်လာပြီဆိုတော့ တည်းခိုခန်းပိုင်ရှင်အဖြစ် ဟန်ဆောင်ပြီး သူတို့ အိပ်တော့မှ ဦးဘသော်ကြီး ထားခဲ့တဲ့ငွေတွေကိုယူပြီး လစ်မယ်'

ထိုသို့ ကြံစည်တွေးတောကာ လူအလစ်တွင် ဦးဘသော်၏ ငွေသေတ္တာကို လိုက်ရှာခဲ့သည်။ ငွေသေတ္တာကား အလွယ်တကူမတွေ့ရချေ။





'အင်း... ဦးဘသော်ကြီးဟာ ငွေတွေကို တစ်နေရာရာမှာတော့ သိမ်းထားမှာပဲ၊ အခုမှတော့ မထူးတော့ဘူး၊ ငွေသေတ္တာထားတဲ့နေရာကို ဒီတစ်ညလုံး ရအောင်ရှာမယ်၊ ငွေသေတ္တာရတာနဲ့တစ်ပြိုင်နက် ဘယ်သူမှမသိအောင် တိတ်တိတ်ကလေး ဒီကနေထွက်သွားမယ်'

ထိုသို့ လောဘဇောတက်ကာ သူ့အတွေးနှင့်သူ စိတ်ကူးနေစဉ် ဧည့်သည်များ တစ်ယောက်ပြီးတစ်ယောက် ရောက်လာသဖြင့် နေရာပေးနေရသည့်အတွက် အချိန်မအားလပ်အောင် ဖြစ်နေခဲ့သည်။

သူသည် ရသည့်အချိန်အတွင်း ဧည့်ခန်း၊ အပေါ်ထပ်၊ ဘုရားခန်း၊ စတိုခန်းများတွင် ငွေသေတ္တာကို တိတ်တဆိတ်ရှာဖွေစဉ် လူသတ်မှုတစ်ခုပြီးတစ်ခု ဆက်တိုက်ဖြစ်ပေါ်လာခဲ့သည်။

သူသည် ငွေသေတ္တာရှိမည့်နေရာသို့ ရှာဖွေနေသည့်အတွက် တစ်ချိန်လုံး အပြင်ဘက်၌ ရှိနေသည်။

အသံကြားသည်နှင့် လူသတ်မှုဖြစ်သည့်နေရာများသို့လည်း ရောက်သွားခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုအကြောင်းများကြောင့် သူ့ကို လူသတ်သမားဟု ထင်မြင်လာခဲ့ကြသည်။ သူကလည်း သူ့အကြောင်းနှင့်သူဖြစ်၍ သူ့မျက်နှာမှာ ကြောက်ရွံ့သောအသွင်ကို ဆောင်နေသည်။ အမှန်တကယ်တော့လည်း သူသည် ဤတည်းခိုခန်းသို့ဝင်ပြီး ခိုးသူဖြစ်၍ ရာဇဝတ်မှုနှင့် မကင်းချေ။

အဖြစ်မှန်ကို ပြောရလျှင်လည်း ခိုးမှုနှင့် ထောင်နန်းစံရပေမည်။

လူသတ်ကောင်မှာ အရှုံးတစ်ယောက်ဟု ဖွင့်ဟပြောသောအခါ ဒုရဲအုပ် စိုးရွှေက…

'ဟော့ကောင်… ဒါတွေရှိုးနေပြီ၊ သူခိုး ပုံပြင်လာမပြောနဲ့၊ ငါက အမှုတွေကိုင်လာတာများလွန်းလို့ အံတိုနေပြီ'

'သိပါတယ် ဆရာ၊ ကျွန်တော်က အမှန်အတိုင်းပြောပေမယ့်လည်း သက်သေမပြနိုင်လို့ ဒီအကြောင်းကို မပြောပြတာ၊ ပြောရင်လည်း ယုံမှာမဟုတ်ဘူးဆိုတာ ကျွန်တော် သိပါတယ်'

'ဟော့ကောင် မင်း ဘာမှပြောမနေနဲ့၊ မနက်ဖြန်မှာ လူသတ်မှုနဲ့ စခန်းကိုလိုက်ဖို့ပြင်ထား'





'ဆရာရယ်… ကျွန်တော်က သူခိုးပါဗျာ၊ ဒီလောက်များတဲ့လူတွေကို မသတ်ရဲပါဘူး ဆရာ'

'မင်းက ရုပ်ရှင်မင်းသားစတိုင်လ်နဲ့ ငါ့ကို ကြောက်ချင်ဟန်ဆောင်မနေနဲ့'

'ဖမ်းပါဗျာ… ကျွန်တော် လူမသတ်တာ ဘုရားသိပါတယ်'

'ဟော့ကောင်… ပါးစပ်ပိတ်ထား'

❑ ❑ ❑



www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၁၂)
## မိတ္တူဇာလူသတ်သမား

မီးဖိုဆောင်တွင် တွေ့ရှိရသော ဦးဘသော်၏ အလောင်းကြီးနှင့်အတူ အားလုံးမှာ ကိုဆန်နီကိုသာ စွပ်စွဲနေခဲ့ကြသည်။ ကိုဆန်နီကလည်း သူ မဟုတ်ကြောင်းငြင်းသော်လည်း သူ့တွင် သက်သေတစ်စုံတစ်ရာမျှ မရှိခဲ့ပေ။

ထိုစဉ် တည်းခိုခန်းအပေါ်ထပ်ရှိ ကော်ရစ်တာမှ ခပ်မည်းမည်းအရိပ်သဏ္ဍာန်တစ်ခု ပေါ်ထွက်လာသည်။

ထိုမည်းမည်းသဏ္ဍာန်ကို စတင်တွေ့ရှိသူမှာ ကိုကျော်စိုးဦး။





'ဆရာ အပေါ်ထပ်က ကော်ရစ်တာမှာ ခပ်မည်းမည်း သဏ္ဍာန်တစ်ခု တွေ့တယ်'

'ဘယ်မှာလဲ'

ဒုရဲအုပ် စိုးရွှေက မေးလိုက်ရာ ကျော်စိုးဦးက လက်ညှိုး ညွှန်ပြရင်း...

'ဟော... ဟိုမှာ ဆရာ'

'အေး... ဟုတ်တယ်၊ အပေါ်ထပ် အခန်းတစ်ခုထဲက ထွက်လာတာနဲ့ တူတယ်

'ဟုတ်တယ် ဆရာ၊ ဟော... အဲဒီမည်းမည်းကြီးက အောက်ဘက်လှေကားဆီ သွားနေပြီ'

'ဟုတ်တယ်... ဟုတ်တယ်၊ အောက်ထပ်ကို ဆင်းလာမယ့်ပုံပဲ'

'ဒါဆိုရင် ကျုပ်တို့ လူစုခွဲပြီး အောက်ထပ်က လှေကား အောက်မှာ စောင့်ပြီးဖမ်းမယ် ကိုအောင်နိုင်၊ ကိုမင်းနိုင်တို့ အသင့် လုပ်ထား'



www.burmeseclassic.com

www.burmeseclassic.com



'ဟုတ်ပြီ၊ အမြန်ဆုံး အောက်ထပ်ကလှေကားဆီကို သွားမယ်၊ ခြေသံလုံ့ပလေ့စေ'

'ဟုတ်ကဲ့ ဆရာ'

ဒုရဲအုပ်စိုးရွှေနှင့် လူတစ်စုက လှေကားဘေးတွင် စောင့်နေသည်။

ကျန်လူစုက ဆန့်ကျင်ဘက်လှေကားနံဘေးတွင် စောင့်နေခဲ့သည်။

ထိုမည်းမည်းသဏ္ဍာန်ကား အပေါ်ထပ်လှေကားမှ ခြေဖော့ကာ တောင်ကြည့်မြောက်ကြည့်နှင့် ဂနာမငြိမ်စွာ ခပ်ဖြည်းဖြည်းဆင်းလာခဲ့သည်။

ဒုရဲအုပ်စိုးရွှေတို့အုပ်စုမှာ လှေကားရင်းရှိ အမှောင်ရိပ်ထဲတွင် အသင့်အနေအထားဖြင့် စောင့်နေခဲ့ကြသည်။

မည်းမည်းသဏ္ဍာန်ကား တဖြည်းဖြည်း ဆင်းလာရင်း အောက်ထပ်ရောက်ရန် နှစ်ထစ်အလိုတွင်···

'ဟော့ကောင် ရပ်လိုက်၊ မင်းကို သေနတ်နဲ့ချိန်ထားတယ်'





ဒုရဲအုပ်စိုးရွှေက ဩဇာသံပါပါနှင့် အမိန့်ပေးလိုက်ရာ ထိုမည်းမည်းသဏ္ဍာန်မှာ လှေကားထစ်နှစ်ထစ်ကို ခုန်ဆင်းပြီး ထွက်ပြေးရန်ပြုစဉ်···

'ခွပ်···'

'ဒုံး···'

'ဘုန်း···'

ဟူသော အသံနှင့်အတူ လူတစ်ယောက် မှောက်လျက်လဲသွားခဲ့သည်။

မည်းမည်းသဏ္ဍာန်က ဒုရဲအုပ်စိုးရွှေ၏ အမိန့်ပေးသံကြောင့် ကြောက်လန့်ပြီး ထွက်ပြေးရန်ပြုစဉ် တုတ်ကို အသင့်ဆောင် ထားသော ကျော်စိုးဦးက ထိုလူ၏ ဦးခေါင်းတည့်တည့်ကို ရိုက်လိုက်ရာ ချက်ကောင်းထိပြီး မှောက်ရက်လဲကျသွားခြင်းဖြစ်သည်။

သည်တွင် ဒုရဲအုပ်စိုးရွှေက အသင့်ကိုင်ထားသော လက်ထိတ်ဖြင့်···

'ဂလောက်···'



www.burmeseclassic.com

www.burmeseclassic.com



ဤသို့ ပိုင်ပိုင်နိုင်နိုင် လက်ထိတ်ခတ်လိုက်ပါတော့သည်။

ထို့နောက် ထိုလူကို အားလုံးက ဝိုင်းချုပ်ပြီး တည်းခိုခန်း၏ ဧည့်ခန်းဆီသို့ ခေါ်ဆောင်သွားခဲ့သည်။

သူ့ကို ဧည့်ခန်းထဲရှိ တိုင်နှင့် ပူးတွဲလက်ထိတ်ခတ်ပြီး စစ်မေးခဲ့သည်။

သူ၏ပုံပန်းသဏ္ဍာန်မှာ ဂင်တိုတို၊ အသားမည်းမည်း၊ အရပ်က ထောင်ထောင်မောင်းမောင်း။

သူ့တစ်ကိုယ်လုံးမှာ သွေးများဖြင့် စွန်းထင်းနေပြီး ရေတွေစိုရွှဲနေသည်။

သူ၏မျက်လုံးမှာ ပုံသဏ္ဍာန်မမှန်၊ တောင်ကြည့် မြောက်ကြည့်နှင့် ဂနာမငြိမ်လှပေ။

ဒုရဲအုပ် စိုးရွှေက သူ့အား…

'မင်း… မင်းနာမည် ဘယ်သူလဲ'

'ပေါက်စီ'

ဟု ခပ်ပြတ်ပြတ်ဖြေလိုက်သည်။





'မင်း ဒီတည်းခိုခန်းပိုင်ရှင် ဦးဘသော်ကြီးကို ဘာလုပ်လိုက်သလဲ'

'ကျုပ် အရက်ဖိုးတောင်းတာ မပေးလို့ သတ်ပစ်လိုက်တယ်'

'မင်းကွာ… အရက်ဖိုးတောင်းတာ မပေးရုံလေးနဲ့ သတ်ရရောလား'

'ဟုတ်တယ်၊ သူ့လူတွေက ကျုပ်ကို အရှက်ခွဲလို့ သတ်တယ်'

'ဒါဆို ပြောပြပါဦး၊ ဘယ်လိုသတ်သလဲ'

'ဒီတည်းခိုခန်းမှာ ဦးဘသော်နဲ့ အလုပ်သမားကောင်လေးနှစ်ယောက်ပဲရှိတယ်၊ ကျုပ်က ညဘက်ဆိုရင် ဒီမှာလာပြီး အရက်သောက်နေကျ၊ နောက်တော့ ကျုပ်မိန်းမလည်း သေပြီး စီးပွားလည်းပျက်သွားခဲ့တယ်၊ ဒါပေမဲ့ ရှိစုမဲ့စုပိုက်ဆံနဲ့ ဒီမှာလာပြီး အရက်သောက်ခဲ့တယ်၊ အခုတော့ အရက်ဖိုးမပေးနိုင်လို့ ကျုပ်ကို ဒီကိုမလာနဲ့ဆိုပြီး မောင်းထုတ်တယ်၊ ဦးဘသော်ရဲ့ အလုပ်သမားနှစ်ယောက်က ကျုပ်ကို ဟားတိုက်ရယ်ပြီး ပြောင်



www.burmeseclassic.com

www.burmeseclassic.com



ပြောင်ကြတယ်၊ ပြီးတော့ ကျုပ်ရဲ့ကုပ်ကိုဆွဲပြီး တည်းခိုခန်းအပြင် ဘက်ကို **တွန်း**ပစ်တယ်၊ ကျုပ်လည်း တော်တော်ဒေါသထွက် သွားပြီး **ညရောက်**တော့ ဒီတည်းခိုခန်းကို ပြန်လာခဲ့တယ်၊ **ညဘက်ဆိုရင် အ**လုပ်သမားကောင်လေးတွေ မရှိမှန်း သိတယ်၊ **ဒီတော့ ဦးဘသော်**ကြီးတစ်ယောက်တည်းပဲ ရှိတယ်ဆိုတာ ကျုပ် သိလို့ တမင်ပြန်လာတာ၊

သူက မီးဖိုဆောင်ဘက်ကိုသွားလို့ ကျုပ်က နောက်က လိုက်သွားပြီး ပိုက်ဆံတောင်းတယ်၊ မပေးလို့ အဲဒီနားက ဓားမြှောင်နဲ့ ကောက်ပြီးထိုးလိုက်တယ်၊ ပြီးတော့ အအေးခန်း သေတ္တာကြီးထဲ ထည့်လိုက်တယ်၊

အဲဒီမီးဖိုဆောင်မှာ ရှိတဲ့အရက်ကို တဝကြီးထိုင်သောက် လိုက်တယ်၊ ကျုပ်လည်း မီးဖိုဆောင်ထဲမှာ အချိန်တော်တော် ကြာကြာ အရက်သောက်နေချိန်မှာ တည်းခိုခန်းဆီကို လူတွေ ရောက်လာတဲ့အသံ ကြားလိုက်ရတယ်၊

ဒါနဲ့ ကျုပ်လည်း တည်းခိုခန်းအနောက်ဘက်က သံချိုင်း အစပ်ဆီကိုအသွားမှာ...





မိုးထဲလေထဲ တည်းခိုခန်းအနောက်ဘက်က တံခါးပွင့် လာပြီး အမျိုးသမီးတစ်ယောက် ထွက်လာခဲ့တယ်။ သူ့ရဲ့ပါးစပ် က...

'ငါ့မှတ်ပုံတင်ကတ် ဘယ်ရောက်သွားပါလိမ့်၊ လေထဲ လွင့်ပြီး ပျောက်သွားပြီ၊ ဒုက္ခပါပဲ'

လို့ ပြောပြီး သူမက လိုက်ရှာနေတုန်း ကျုပ်ကိုတွေ့သွား ပြီး...

'အမလေး... သရဲ... သရဲ...'

လို့ အော်လိုက်တယ်။

ဒါနဲ့ ကျုပ်က...

'အသံမထွက်နဲ့'လို့ ပြောပြီး သူမကို သိုင်းဖက်ပြီး ပါးစပ်ကို လက်နဲ့လှမ်းအပိတ် သူက...

'အမလေး... လုပ်ကြပါဦး'လို့ ထပ်အော်တယ်။

ကျုပ်က အခုပဲ လူသတ်လာတဲ့သူလည်းဖြစ်ပြန် တည်းခို ခန်းမှာလည်း လူတွေရောက်မှန်းသိတော့ ကျုပ်ရှိမှန်း သိမှာစိုးလို့ သူ မအော်နိုင်လို့ပါ ပါးစပ်ကို ပိတ်လိုက်တော့ သူက...



www.burmeseclassic.com

www.burmeseclassic.com



'ကယ်ကြပါဦး' လို့ ထပ်အော်ပြန်တယ်။

ဒီတော့ ကျုပ်လည်း စိတ်မရှည်တော့ဘဲ သူ့ရဲ့လည်ပင်းကို တအားညှစ်လိုက်တယ်။

'အား…' ဆိုတဲ့ အသံကြီးနဲ့အတူ သူမ လဲကျသွားတယ်။

ဒါနဲ့ ဘေးပေါက်ကနေ တည်းခိုခန်းဆီကို ပြန်လာခဲ့တယ်။

တည်းခိုခန်းရောက်တော့ လူတွေက ညှော်ခန်းဘက်ကို သွားနေလို့ အသာချောင်းကြည့်နေလိုက်တယ်။ လူတွေကုန်သွားမှ တွေ့တဲ့အခန်းတံခါး ဖွင့်ပြီးအဝင်မှာ…

ဦးခေါင်းမှာ ဒဏ်ရာနဲ့ မိန်းမတစ်ယောက်ကို တွေ့လိုက်ရတယ်။

သူက ကျုပ်ကိုမြင်တော့ လန့်သွားပြီး…

'သ… သ… သရဲ' လို့ အော်လိုက်တယ်။

ကျုပ်ကလည်း လူလာမှာစိုးလို့ သူ့အနားကပ်သွားပြီး…

'ကျုပ် သရဲမဟုတ်ဘူး၊ မအော်နဲ့' လို့ ဆက်ပြီးပြောလိုက်တယ်။





ဒီတော့ သူက…

'သူခိုး… သူခိုး၊ လာကြပါဦး'

လို့ ဆက်အော်တယ်။

ဒါနဲ့ ကျုပ်လည်း သူ မအော်နိုင်အောင် ခေါင်းအုံးတစ်လုံးနဲ့ သူ့မျက်နှာကို ပိတ်ထားလိုက်တယ်။ ခဏကြာတော့ သူ ငြိမ်သွားတယ်။ ကျုပ်လည်း အဲဒီအခန်းက အမြန်ဆုံးထွက်လာခဲ့တယ်။

ဒီနောက်မှာတော့ ကျုပ်ဟာ ရေချိုးခန်းဘက်မှာ သွားပုန်းမယ်ဆိုပြီး ရေချိုးခန်းဘက်ကို လာခဲ့တယ်။ ရေချိုးခန်းရဲ့အဝမှာ သေနတ်ကိုင်ပြီး ရဲတစ်ယောက် အိပ်ငိုက်နေတာ တွေ့လိုက်ရတယ်။

ရေချိုးခန်းထဲ ဝင်အသွားမှာတော့…

'ဟေ့လူ… ကျုပ်နားကို လာခဲ့ပါ'

လို့ လူတစ်ယောက်က ခပ်တိုးတိုးလှမ်းခေါ်လိုက်တယ်။

ဒါနဲ့ ကျုပ်လည်း သူ့ဆီကိုသွားတော့ သူဟာ လက်ထိပ်ခံထားရတဲ့ သူဖြစ်နေတာ တွေ့ရတယ်။



www.burmeseclassic.com

www.burmeseclassic.com



ဒါနဲ့ သူက…

'ကျုပ်ကို ဒီလက်ထိတ်ကလေး ဖြုတ်ပေးပါ၊ ကျုပ်မှာ ရွှေငါးကျပ်သား ပါပါတယ်၊ ခင်ဗျားကိုပေးမယ်'

လို့ ပြောတယ်။

'ကျုပ်လည်း ရွှေငါးကျပ်သား လိုချင်တာနဲ့ နံရံမှာကပ်ထားတဲ့ သံဘားချောင်းကို ဆွဲဖြုတ်ပြီး သူ့ကို လွှတ်ပေးလိုက်တယ်၊ ပြီးတော့ အဲဒီအနားမှာရှိတဲ့ တုတ်ချောင်းကို ကောက်ကိုင်ပြီး ရေချိုးခန်းကအထွက်မှာ ရဲကြပ်ကြီးက နိုးနေပြီ၊ ကျုပ်တို့ကို သေနတ်နဲ့ချိန်ပြီး…

'ဟေ့ကောင်တွေ… ရှေ့မတိုးနဲ့၊ အဖမ်းခံ' လို့ပြောပြီး သေနတ်နဲ့ချိန်လိုက်တယ်။ အဲဒီအချိန်မှာ မိုးကလည်း အရမ်းသည်းနေတော့ အသံတွေ သိပ်မကြားရဘူး။ ဒါကို အခွင့်ကောင်းယူပြီး တရားခံက ရဲကြပ်ကြီးကို နပန်းလုံးလိုက်တယ်။ ကျုပ်ကလည်း လက်မြန်ခြေမြန်နဲ့။

'ခွပ်'ခနဲ တုတ်နဲ့ သူ့ရဲ့ဦးခေါင်းကို ခပ်ပြင်းပြင်းရိုက်လိုက်တယ်။





ကျုပ်ရိုက်လိုက်တာ လက်ဆပြင်းသွားမှန်း သိပါတယ်။

ဒါကြောင့် သူ သေမှာပဲထင်လို့ ကျုပ်တို့နှစ်ယောက် သချိုင်းဘက်ကို ပြေးထွက်အလာ။ သူက ရှေ့က ကျုပ်က နောက်က…

အဲဒီအချိန်မှာ အနောက်ဘက်တံခါးက ပွင့်လာပြီး အမျိုးသမီးတစ်ယောက် ငိုပြီး ထွက်ပြေးလာတယ်။ ကျုပ်လည်း ပုန်းချိန်မရတော့ဘူး။ ပက်ပင်းတိုးတော့တာပဲ။ ဒါပေမဲ့ ဟိုကောင်ကတော့ အုတ်ဂူနံဘေးမှာ ပုန်းနေပြီး…

သူက ကျုပ်ကိုမြင်တော့ အရမ်းကြောက်လန့်ပြီး…

'အမလေး… သရဲ… သရဲ…'

လို့ အော်လိုက်တယ်။

ကျုပ်ကလည်း…

'ငါ သရဲမဟုတ်ဘူး၊ မအော်နဲ့' လို့ ပြောလိုက်တော့ သူက ကျုပ်ကိုယ်ပေါ်က သွေးစက်တွေကို တွေ့သွားပြီး…

'ရှင်ဟာ သရဲမဟုတ်ရင် လူသတ်ကောင်ပေါ့'

လို့ ပြောလိုက်တယ်။



www.burmeseclassic.com

www.burmeseclassic.com



ကျုပ်လည်း သူ့ကို သိုင်းဖက်ပြီး သင်္ချိုင်းဘက်ကို ခေါ်လာခဲ့တယ်။

သူက ရှန်းကန်ပြီး ပါလာခဲ့တယ်။

သူက…

'လူသတ်ကောင် ငါ့ကိုလွှတ်ပေး၊ လူသတ်ကောင်' လို့အော်ပြီး အတင်းရုန်းကန်နေတယ်။

ကျုပ်မှာ လူတွေနိုးလာမှာစိုးတာကတစ်မျိုး၊ လူသတ်ကောင်လို့ ထပ်ကာထပ်ကာအော်နေတော့ ကျုပ်တစ်ကိုယ်လုံး ထူပူပြီး နားထဲကို သံရည်ပူတွေ လောင်းချလိုက်သလို ခံစားရတယ်။

ကျုပ်ရဲ့ခန္ဓာကိုယ်ဟာည်း တဆတ်ဆတ်တုန်လာပြီး သဘက်စီးသလိုဖြစ်ပြီး အရမ်းဒေါသဖြစ်သွားတယ်။

'ဟင်… ငါ့ကို လူသတ်ကောင်လို့ပြောတဲ့ကောင်မ သေပေတော့'

လို့ ပြောပြီး သူ့ကို တွန်းပစ်လိုက်တယ်။ သူ မှောက်လျက်လဲကျသွားတော့မှ သူ့ကို တုတ်နဲ့ရိုက်သတ်လိုက်တယ်။





ပြီးတော့မှ သင်္ချိုင်းမြေထဲပြေးဝင်ပြီး အရိပ်အခြေ ကြည့်နေလိုက်တယ်။

သိပ်မကြာခင်အချိန်မှာ သင်္ချိုင်းဝမှာသေနေတဲ့ အမျိုးသမီးအလောင်းဆီကို လူတွေရောက်လာတာတွေ့လို့ သင်္ချိုင်းထဲက ချုံပုတ်တွေထဲမှာ ဝင်ပြီးပုန်းနေလိုက်တယ်။ နောက်တော့ သင်္ချိုင်းထဲကို လူနှစ်ယောက်ဝင်လာပြီး ကျုပ်တို့ကို လိုက်ရှာတော့တာပဲ။

သူကလည်း ဟိုဘက်ချုံပုတ်က တလှုပ်လှုပ်နဲ့ ကြောက်နေလိုက်တာ။ ကျုပ်ကလည်း ကျုပ်ဆီလာမှာစိုးလို့ ချုံပုတ်ထဲမှာ တလှုပ်လှုပ်နဲ့ ကြောက်နေတုန်း ခွေးကြီးကယ်ပေလို့ ကျုပ်တို့လည်း လွတ်သွားခဲ့တယ်။

ဒါနဲ့ ဘေးပေါက်ကနေပြီး တောင်ဘက်က သစ်ပင်ကြီးတွေဘက်ကို ပြေးခဲ့တယ်။

အဲဒီရောက်တော့…

'ဟေ့လူ… ကျုပ်လည်း ပြေးလိုက်ရတာ ဖတ်ဖတ်မောပြီ၊ ရွှေငါးကျပ်သားပေးမယ်ဆို၊ ပေးလေဗျာ'



www.burmeseclassic.com

www.burmeseclassic.com



လို့ ကျုပ်က တောင်းလိုက်တယ်။

ဒီတော့ သူက…

'ရွှေငါးကျပ်သားက ဒီမှာမပါဘူး၊ ကျုပ်ရွာမှာရှိတယ်၊ အဲဒါ ခင်ဗျား လိုက်ယူ'လို့ ပြောလိုက်တယ်။

'ဟင်… ခင်ဗျားက စကားအမျိုးမျိုး ပြောတယ်။ ခုန တုန်းကတော့ မင်းအိတ်ထဲမှာ ပါတယ်ဆို'

'ဒါကတော့ မင်း ငါ့ကို လွှတ်ပေးအောင် ဒီလိုပဲပြော ရတာပေါ့'လို့ ပြန်ပြောလိုက်တယ်။

'ခွေးမသား… လူလိမ်'

သူက အဲဒီလို လိမ်ပြောတော့ ကျုပ်လည်း အရမ်းဒေါသ ထွက်သွားခဲ့တယ်။

'ဒီလောက်တောင် လိမ်ချင်တဲ့အကောင် သေပေတော့' လို့ဆိုပြီး မီးဖိုဆောင်က လိုရမယ်ရ ယူလာတဲ့ဓားမြှောင်နဲ့ သူ့ရဲ့ လည်ပင်းကို တအားစိုက်ထိုးပြီး အသေသတ်လိုက်တယ်'

'ဒီကောင် သေသွားပြီ'

ဒါပေမဲ့ ကျုပ်မှာ ပိုက်ဆံတစ်ပြားမှမရှိဘူး။ ပိုက်ဆံမရှိ





ဘဲ ကျုပ် ဘယ်လိုခရီးသွားရမလဲ၊ ဒီတည်းခိုခန်းထဲမှာ ပိုက်ဆံ ထားတာ တစ်နေရာရာမှာတော့ ရှိမှာပဲ၊ ဒီတော့ စတိုခန်းမှာများ ထားသလားဆိုပြီး အခန်းတစ်ခုကို ဖွင့်လိုက်တော့ စတိုခန်းမဟုတ် ဘဲ လူတစ်ယောက် လဲလျောင်းနေတယ်။ စားပွဲပေါ်မှာ နားကျပ် တင်ထားတာ တွေ့လိုက်တယ်။ သူဟာ ဆရာဝန်တစ်ဦးဖြစ်မယ် လို့ ထင်တယ်။ ပြီးတော့ အိတ်ကြီးတစ်အိတ်ကိုလည်း တွေ့တယ်။

'ဟောဟိုက အိတ်ကြီးထဲမှာ ပိုက်ဆံတွေရှိမှာပဲ'

လို့ တွေးထင်ပြီး အဲဒီအိတ်ကြီးကို လှမ်းအယူမှာ အဲဒီ ဆရာဝန်က နိုးလာပြီး…

'ဟေ့လူ… ဘာလာလုပ်တာလဲ'လို့ မေးပြီး ကျုပ်ကို သေသေချာချာ ကြည့်ပြီး သွေးစွန်းနေတာကိုတွေ့တော့…

'ဟာ… ခင်ဗျားက လူသတ်ကောင်၊ လူသတ်ကောင်ပဲ' လို့ဆိုပြီး…

'လူသတ်ကောင် ရောက်နေပါတယ်ဗျို့၊ လာဖမ်းကြ စမ်းပါ'လို့ တအားကုန် အော်တော့တာပဲ'

ကျုပ်လည်း သူ့ အသံတိတ်အောင်လုပ်ဖို့ တစ်နည်းပဲ



www.burmeseclassic.com

www.burmeseclassic.com



ရှိတ်ယ။ ဒီတော့ သူ့အနားကို ခုန်ပြေးသွားပြီး သူ့ရဲ့လည်ပင်းကို ဓားမြှောင်နဲ့ထိုးလိုက်တယ်။ ကျုပ်ယူလာတာ ဓားမြှောင်နှစ်ချောင်းလေ၊ တစ်ချောင်းက တရားခံပြေး၊ တစ်ချောင်းက အဲဒီဆရာဝန်ပဲ။

ကျုပ်လည်း ပိုက်ဆံရှာရင်း ငွေထုပ်မတွေ့ဘဲ လူသတ်မှုကြီးပဲ ဖြစ်ခဲ့ရတယ်။

သူ့ကို သတ်ပြီးတော့ အပေါ်ထပ်က ဦးဘသော်ရဲ့စာကြည့်ခန်းရှိတယ်။ အဲဒီစာကြည့်ခန်းထဲကိုဝင်ပြီး ငွေထုပ်ကိုရှာခဲ့တယ်။

ဒါပေမဲ့ ဘာမှမတွေ့လို့ အောက်ထပ်ကို ဆင်းအလာမှာ ဆရာတို့ ကျွန်တော့်ကို အခုလို ဖမ်းလိုက်တာပဲ။

'ဒါဆိုရင် သေဆုံးသူ ခုနစ်ယောက်စလုံး အားလုံး ခင်ဗျားကြီးပဲ သတ်တာပေါ့'

'ဟုတ်ပါတယ်ဗျာ၊ တကယ်တော့ ကျွန်တော် သူတို့အားလုံးကို သတ်ချင်လို့သတ်တာမဟုတ်ပါဘူး၊ သတ်ဖို့မရည်ရွယ်ဘဲနဲ့ လက်လွန်သွားတာပါ'





'အေးဗျာ... ခင်ဗျား အခုလို ဖြောင့်ချက်ပေးတော့ ကောင်းတာပေါ့၊ မနက်ကျရင် စခန်းကိုခေါ်သွားမယ်'

ထိုစဉ်

မိန်းမ ၁၅ မကျေနပ်သူများက...

'ဒီကောင့်ကို တစ်ခါတည်း ရိုက်သတ်လိုက်မယ်'

'ဟုတ်တယ်၊ ဒီကောင့်ကို ကျုပ်မိန်းမ သေသလို တုတ်နဲ့ရိုက်သတ်မယ်'

သည်တွင် ကိုအောင်နိုင်ကလည်း...

'ဟုတ်တယ်... မမ သေသလို လည်ပင်းညှစ်သတ်မယ်'

ထိုသို့ လူစ်ယောက်တစ်ပေါက်ပြောပြီး ရိုက်ပုတ်ရန်လာခဲ့ကြသည်။

ထိုစဉ် ရဲအုပ်စိုးရွှေက...

'ဒါဟာ တရားခံတစ်ယောက်ပဲ၊ သူ့ကို ဥပဒေက အဆုံးအဖြတ်ပေးလိမ့်မယ်၊ ဥပဒေမဲ့လုပ်ခွင့် ဘယ်သူ့ကိုမှမပေးနိုင်ဘူး၊ တရားခံကို ဘယ်သူမှ လက်ဖျားနဲ့မထိရဘူး'



www.burmeseclassic.com

www.burmeseclassic.com



ဟု ခပ်ဟောက်ဟောက် ပြောလိုက်ရာ ကိုဆန်နီက...

'ငှက်မသိတော့ ဆက်ရက်ကိုချိုးထင်၊ အချက်မသိတော့ သမက်ကို သူခိုးထင်ဆိုတာမျိုး ဖြစ်နေပြီ'

ဤသို့ ဝင်ပြောလိုက်ရာ ဒုရဲအုပ်စိုးရွှေက...

'ဘာ... သမက်ကို သူခိုးထင်ရမှာလဲ၊ သူခိုးကို သူခိုးထင်တာ၊ မနက်ကျရင် မင်းလည်း ခိုးမှုနဲ့ စခန်းကိုလိုက်ခဲ့'

ကိုဆန်နီ၏ မျက်နှာမှာ ဆီးရွက်ခန့်ငယ်သွားပြီး...

'ကျွန်တော် တစ်ခုမှမခိုးရသေးပါဘူးဗျာ'

ဟု ပြောလိုက်ရာ ဒုရဲအုပ် စိုးရွှေက...

'မခိုးရသေးပေမယ့် ခိုးရန်ကြံစည်မှုနဲ့ အမှုဖွင့်မယ်'

'သေဟဲ့... နန္ဒိယ'

ကိုဆန်နီက သူ့နဖူးသူ ရိုက်လိုက်သည်။

မကြာမီ နံနက်လင်း အရုဏ်ရောင်နီကလေး သန်းပေတော့မည်။

သည်မောရမြိုင်တည်းခိုခန်းဟူသော တည်းခိုခန်းကလေး



BURMESE CLASSIC .com



တွင် မိုးသည်းညတစ်ည၏ ကြောက်ရွံ့စိုးထိတ်ဖွယ်ရာ ရင်သိမ့်တုန်ဖွယ်ရာ ချောက်ချားဖွယ်ရာသော ခုနစ်စဉ်အမျှင်တိုက်လူသတ်မှုခုနစ်ခုမှာ ဤတွင် အဆုံးသတ်ခဲ့သည်။

စိတ္တဇလူသတ်ကောင်တစ်ယောက်။

ငွေရလိုမှုကို အရင်းပြုကာ မဆင်မခြင် မှားခဲ့မိသော လူသတ်မှုတစ်ခုမှ အစပြု၍ စိတ်အလိုလိုက်ကာ...

သူ့ရာအရက်ကို မထိန်းနိုင် မသိမ်းနိုင် သောက်မိရာမှ မည်းမည်းမြင်ရာတိုင်းကို စိတ္တဇနှင့်ယှဉ်ပြီး အသိစိတ်ကင်းမဲ့ကာ အကြိမ်ကြိမ်မှားယွင်းခဲ့သည်။

မိုးဖွဲဖွဲကလေးက စခဲ့သော ဇာတ်လမ်းမှာ မိုးသည်းသည်းတွင် ရင်သိမ့်တုန်ဖွယ်ရာသော အကြောင်းများနှင့် ရင်ဆိုင်ခဲ့ရသည်။

နောက်ဆုံး မိုးလည်းတိတ်၊ အရုဏ်လည်းတက်မှ သည်ဇာတ်လမ်းမှာ ပြီးဆုံးခြင်းသို့ ရောက်ခဲ့သည်။

နံနက်မိုးလင်းသည်နှင့် သူတို့အားလုံး စခန်းသို့သွားရပေတော့မည်။



www.burmeseclassic.com

www.burmeseclassic.com



မိုးသည်းည၏ စိတ္တဇသားကောင်နှင့် ကြုံတွေ့ခဲ့ကြသော သူများ (သို့မဟုတ်) ထိုနေ့ညက မောရမြိုင်တည်းခိုခန်းသို့ ရောက်ရှိခဲ့သူများမှာ သည်သို့ ချောက်ချားဖွယ်သော အဖြစ်သနစ်ကို မည်သို့မျှ မေ့နိုင်လိမ့်မည် မဟုတ်ပါတကား။

*စာဖတ်ပရိသတ်များကို လေးစားလျက်*

*သိုက်ဖွား*

BURMESE CLASSIC .com



www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com